# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

**၁၃၈၆ ခုနှစ် ၊ တန်ခူးလဆန်း(၆)ရက် ၊ ကြာသပတေးနေ့ ၊ (3-4-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၃၈)**


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ

## မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E. Mr. Yohei SASAKAWA က လာရောက်တွေ့ဆုံ၊ ငလျင်ဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံအမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E. Mr. Yohei SASAKAWA ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဧပြီ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E. Mr. Yohei SASAKAWA က

**စာမျက်နှာ ၁၈ ကော်လံ ၁**

# ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်မှ ၂၂ ရက်ထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်**
(မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်)
၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်

၁။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှစ၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း ၂၂ ကြိမ်ထုတ်ပြန်ခဲ့သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

၂။ လက်ရှိအချိန်တွင် မတ် ၂၈ ရက်၌ ဖြစ်ပေါ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ရှားမှုကြောင့် ငလျင်ဒဏ်သင့်ဒေသများ၌ လမ်းတံတားအဆောက်အအုံများထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူများ အသက်သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများဖြစ်ပေါ်ခဲ့ရသည်။ ထိုကဲ့သို့သော ထိခိုက်ပျက်စီးခဲ့ရမှုများနှင့်

**စာမျက်နှာ ၂၂ ကော်လံ ၁**




ရတနာပုံ
၂၀၁၅ ခုနှစ် ဧပြီ ၃ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်တွင်ပါဝင်

မြန်မာနိုင်ငံ၌ ယခုနှစ် မတ် ၂၈ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် ပြင်းအား ၇ ဒသမ ၇ ရစ်ချ်တာစကေးရှိ အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားလျက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်အဖြစ် ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်ထိ ၇ ရက်ကို သတ်မှတ်ကြေညာခဲ့သည်။

ကြိုတင်တွက်ဆ၍မရသည့် သဘာဝဘေးဒဏ်တွင် ငလျင်ဒဏ်သည် အဓိကဖြစ်သည်။ မုန်တိုင်းတိုက်ခတ်နိုင်ခြင်း၊ ရေကြီးနိုင်ခြင်းတို့သည် ကြိုတင်သိရှိသတိပေးနိုင်သော်လည်း ငလျင်လှုပ်ခတ်မည်ကို မည်သည့်ပညာရှင်၊ မည်သည့်ခေတ်မီစက်ကိရိယာမှ အတိအကျဖော်ပြနိုင်ခြင်းမရှိသေးပေ။ ထို့ကြောင့် ငလျင်လှုပ်ခတ်ပါက ပြင်းအားနှင့်ဒေသအပေါ်မူတည်၍ အသက်အန္တရာယ်ထိခိုက်မှုနှင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်နိုင်ခြင်းဖြစ်သည်။ မိမိတို့နိုင်ငံတွင် ယခုဖြစ်ပေါ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ်(အရှေ့မြောက်)ဒေသတို့တွင် ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်း၊ တံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကာ ပြည်သူထောင်နှင့်ချီ၍ သေဆုံး၊ ဒဏ်ရာရမှုများဖြစ်ပေါ်ခဲ့သည်။ ထိုသို့ဖြစ်ခဲ့မှုအပေါ် ပြည်ပနိုင်ငံများက ကူညီကယ်ဆယ်မှု နှင့်လှူဒါန်းမှုများတွင် တက်ကြွစွာပါဝင်လာသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ နိုင်ငံတကာမှ နိုင်ငံ့ခေါင်းဆောင်များ၊ အကြီးအကဲများနှင့် ဘာသာရေးအသင်းအဖွဲ့အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပေးပို့ကြသည်။ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ခြင်း၊ ကယ်ဆယ်ရေးနှင့် ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အကူအညီများပေးအပ်ကြသည်။

နိုင်ငံတော်အဆင့်ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံကို တိုင်ဝက်လျှော့ချ၍ လွှင့်ထူသောအလံတိုင်ရှေ့ သို့မဟုတ် သင့်လျော်ရာနေရာ သို့မဟုတ် ပြုလုပ်နေသည့် အခမ်းအနားများ၌ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုခြင်း၊ လှုပ်ရှားသွားလာနေသူများအနေဖြင့် ၎င်းအချိန်တွင် တစ်မိနစ်ငြိမ်သက်စွာရက်တန့်၍ ဦးညွှတ်ဂါရဝပြုခြင်း၊ ၎င်းအချိန်တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ဥသြဆွဲဂါရဝပြုခြင်း၊ ၎င်းအချိန်တွင် မီဒီယာများအနေဖြင့် ထုတ်လွှင့်လျက်ရှိသည့်အစီအစဉ်များကို ခေတ္တရပ်ဆိုင်း၍ ဝမ်းနည်းခြင်းအထိမ်းအမှတ် Logo များကို ထုတ်လွှင့်ခြင်း၊ သက်ဆိုင်ရာကိုးကွယ်ရာ ဘာသာအလိုက် ဘုရားစေတီများ ဘုရားကျောင်းများ၊ ဝတ်ပြုနေရာများတွင် ဆုတောင်းမေတ္တာပို့သခြင်း၊ အန္တရာယ်ကင်းပရိတ်များ၊ ဆုတောင်းစာများ၊ ရွတ်ဆိုခြင်းနှင့် အမျှအတန်းပေးဝေခြင်းတို့ကို တစ်နိုင်ငံလုံးအတိုင်းအတားဖြင့် ပြုလုပ်သွားမည်ဖြစ်သဖြင့် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ် Lego များကို ထုတ်လွှင့်ခြင်း၊ သက်ဆိုင်ရာကိုးကွယ်ရာ ဘာသာအလိုက် ဘုရားစေတီများ၊ ဘုရားကျောင်းများ၊ ဝတ်ပြုနေရာများတွင် ဆုတောင်းမေတ္တာပို့သခြင်း၊ အန္တရာယ်ကင်းပရိတ်များ၊ ဆုတောင်းစာများရွတ်ဆိုခြင်းနှင့် အမျှအတန်းပေးဝေခြင်းတို့ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြုလုပ်သွားမည်ဖြစ်သဖြင့် နိုင်ငံတော်အဆင့်ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာလှုပ်ရှားမှုကို တစ်နိုင်ငံလုံးမှ ပြည်သူများပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့၌ နိုင်ငံတော်အဆင့်ဝမ်းနည်းခြင်းအထိမ်းအမှတ် နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လှုပ်ရှားမှုပြုလုပ်



**မန္တလေး ဧပြီ ၂**

နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ် နေ့ရက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လှုပ်ရှားမှုကို ဧပြီ ၁ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီ ၅၁ မိနစ် ၀၂ စက္ကန့်က မန္တလေး အောင်မြေသာစံမြို့နယ် လွှတ်တော်ရုံးဟောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဦးဆောင်၍ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဝန်ထမ်းများက နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချ၍ လွှင့်ထူထားသော အလံတိုင်ရှေ့၌ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုခြင်းနှင့်အတူ ဥသြဆွဲဂါရဝပြုခဲ့ကြသည်။

ထို့နောက် ဝတ်အသင်းကလည်း ဆုတောင်းမေတ္တာပို့သခြင်း၊ အန္တရာယ်ကင်းပရိတ်များ၊ ဆုတောင်းစာများ ရွတ်ဆိုခြင်းနှင့် အမျှအတန်း ပေးဝေခြင်းများကို ပြုလုပ်ကြသည်။

အလားတူ လှုပ်ရှားသွားလာနေသူများကလည်း တစ်မိနစ် ငြိမ်သက်စွာရပ်တန့်၍ ဦးညွှတ်ဂါရဝပြုကြခြင်းများ၊ သက်ဆိုင်ရာကိုးကွယ်ရာ ဘာသာအလိုက် ဘုရားစေတီများ၊ ဘုရားကျောင်းများ၊ ဝတ်ပြုနေရာများတွင် ဆုတောင်းမေတ္တာ ပို့သခြင်း၊ အန္တရာယ်ကင်းပရိတ်များ၊ ဆုတောင်းစာများ ရွတ်ဆိုခြင်းနှင့် အမျှအတန်း ပေးဝေခြင်းများကိုလည်း ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

၂၀၁၅ ခုနှစ် မတ် ၂၈ ရက်နေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်၊ ၀၂ စက္ကန့်တွင် ပြင်းအား ၇ ဒသမ ၇ ရစ်ချ်တာစကေးရှိ အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားလျက် နိုင်ငံတော် အဆင့်ဝမ်းနည်းခြင်းအထိမ်းအမှတ် နေ့ရက်အဖြစ် ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်ထိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**မျိုးကျော်**

# ဖောင်းပြင်မြို့နယ်တွင် ဆောင်းမြေပဲ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၇၂ ဒသမ ၅၁ တင်း ထွက်ရှိ

**မော်လိုက် ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၂ ဒသမ ၅၁ တင်း ထွက်ရှိခဲ့ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၁၀၉၄၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် နုတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း၊ နုတ်သိမ်းပြီးမြေပဲများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး ဆောင်ရွက် ပေးထားကြောင်း သိရသည်။

"ဖောင်းပြင်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၁၀၉၄၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး နုတ်သိမ်း ပြီးစီးနေပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့က တော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် မြေပဲအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းရမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မြောင်းမြခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာဧက ၇၅၀၀ ထိ စိုက်ပျိုးပြီးစီး

**မြောင်းမြ ဧပြီ ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)ဧက ၇၅၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ဧက ၇၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြောင်းမြခရိုင်အနေနဲ့ သစ်စိမ်းမြေဩဇာကို ဧက ၇၅၀၀ ထိ စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ သစ်စိမ်းမြေဩဇာဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သစ်စိမ်းမြေဩဇာအပါအဝင် နွေသီးနှံတွေအားလုံးရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ အခြားနွေသီးနှံတွေကိုလဲ ဆက်လက် စိုက်ပျိုးနေပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြခရိုင်တွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြောင်းမြမြို့နယ်တွင် ဧက ၂၅၀၀၊ အိမ်မဲမြို့နယ်တွင် ဧက ၂၅၀၀၊ ဝါးခယ်မမြို့နယ်တွင် ဧက ၂၅၀၀ ဖြစ်ကြောင်း၊ အဆိုပါ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)ကို သဘာဝမြေဩဇာအဖြစ် အသုံးပြုသည့်အတွက် မြေဆီလွှာစွမ်းရည်နှင့် ဂုဏ်သတ္တိမြှင့်မားစေခြင်း၊ တောင်သူများ ဝယ်ယူအသုံးပြုနေသည့် ပုလဲဓာတ်မြေဩဇာ သုံးအိတ်နှင့်ညီမျှသော နိုက်ထရိုဂျင်ဓာတ်ကို ရရှိနိုင်စေခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

မြောင်းမြခရိုင်တွင် သစ်စိမ်းမြေဩဇာကို တိုးချဲ့စိုက်ပျိုးနိုင်ပါက ဓာတ်မြေဩဇာအသုံးပြုရမှု လျှော့နည်းလာသည့်အပြင် သွင်းအားစု ကုန်ကျစရိတ်သက်သာလာခြင်းကြောင့် လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် သစ်စိမ်းမြေဩဇာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် အိန္ဒိယနိုင်ငံ ဆေးအကူအညီပေးရေးအဖွဲ့ ယာယီဆေးရုံ ပြင်ဆင်ထားမှုကို ကြည့်ရှု၊ ငလျင်ဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေနှင့်ပစ္စည်းများလက်ခံ



**မန္တလေး ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဧပြီ ၁ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် လေဆိပ်အဟောင်း နေရာရှိ ယာယီဆေးရုံသို့ရောက်ရှိပြီး အိန္ဒိယနိုင်ငံ ဆေးအကူအညီပေးရေးအဖွဲ့က ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးဝါးကုသပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးဝါးကုသပေးမှုအခြေအနေများ၊ ဆေးရုံကြီးရှိ ငလျင်ဒဏ်သင့်ခဲ့သည့် အဆောက်အအုံများတွင် ဆက်လက်အသုံးပြုရန် သင့်၊ မသင့် သိရှိနိုင်ရန် အဆောက်အအုံကြံ့ခိုင်မှုစစ်ဆေးခြင်းများ အမြန်ဆောင်ရွက်သွားနိုင်ရေးရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းများကို ဦးစားပေးအဆင့်လိုက် အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေး ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှိ ကွပ်ကဲရေးရုံးသို့ ရောက်ရှိပြီး ငလျင်ဘေးသင့် ပြည်သူများအတွက် မြန်မာကျန်းရီးကုန်သည်အသင်းချုပ်က လာရောက်လှူဒါန်းသည့်ပံ့ပိုးပစ္စည်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က လက်ခံခဲ့သည်။

ဆက်လက်၍ မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်သို့ ရောက်ရှိပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်အားဖူးမြော်၍ ဆရာတော်၊ သံဃာတော်များအတွက် အိန္ဒိယနိုင်ငံအစိုးရက ပေးပို့လှူဒါန်းသည့် ပံ့ပိုးပစ္စည်းများကို အိန္ဒိယနိုင်ငံသံရုံးအဖွဲ့ ဒုတိယအကြီးအကဲ၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်နှင့်တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ကျင်းပရာသို့ တက်ရောက်ခဲ့ပြီး အခမ်းအနား၌ အလှူရှင်များက လှူဒါန်းသော လှူဒါန်းငွေကျပ်သိန်း ၂၇၅၅၀ နှင့် လှူဒါန်းပစ္စည်းတန်ဖိုးငွေကျပ် ၆၂၄၁ ဒသမ ၂၈၉ သိန်း စုစုပေါင်းလှူဒါန်းငွေနှင့်ပစ္စည်းတန်ဖိုးငွေကျပ် ၃၃၇၉၁ ဒသမ ၂၈၉ သိန်းကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ သင်ပန်းကုန်းရပ်နေ ဖခင် ဦးမင်းအောင်ကွယ်လွန်ခြင်း သုံးနှစ်ပြည့်အား ရည်စူး၍ ကျန်ရစ်သူမိသားစုက ဆွမ်းအလှူငွေ ငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးလှထွေးတို့က လက်ခံရယူစဉ်။

# သဲကုန်းမြို့နယ် ရုံးပင်လမ်းခွဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သဲကုန်း ဧပြီ ၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်မ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ရုံးပင်လမ်းခွဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်စန္ဒာအေးနှင့် ဝန်ထမ်းများက ရုံးပင်လမ်းခွဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာလိုအပ်သည်များကို ခရိုင်ဦးစီးမှူးက ဆွေးနွေးမှာကြားသည်။

အဆိုပါ ရုံးပင်လမ်းခွဲကျေးရွာ၌ အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို မြစ်မ်းရောင် ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၀ သန်းဖြင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများမှ ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာတော့မည်ဖြစ်ကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သုတ**

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ပခန်းစပါးတင်းရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ ဧပြီ ၂**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ပခန်းစပါးတင်းရေ ၇၂၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလက ပခန်းစပါးတင်းရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ပခန်းစပါး တင်းရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း သိရသည်။

"ဒီဘက်ကနေ ပြီးခဲ့တဲ့တစ်လအတွင်း ပခန်းစပါးတင်းရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဝါးခယ်မမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့တဲ့ ပခန်းစပါးတွေက အရည်အသွေးကောင်းပါတယ်။ ဒေသထွက်ပခန်းစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်"ဟု ဝါးခယ်မမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပခန်းစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၈၀၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်၊ ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေလျက် ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စစ်ကိုင်းမြို့နယ်တွင် ကြက်သွန်နီ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး တစ်ကေလျှင် ၄၄၆၅ ဒသမ ၄၂ ပိဿာ ထွက်ရှိ

**စစ်ကိုင်း ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၉၁၂ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောကြက်သွန်နီစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၄၄၆၅ ဒသမ ၄၂ ပိဿာ ထွက်ရှိကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီ ၁၉၁၂ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ကြက်သွန်နီခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့ကတော့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့စိုက်ပျိုးကြပါတယ်။ ကြက်သွန်နီတွေဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်အတွင်းရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်နီစိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာအထားခံနိုင်ရန်နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)



# မုံတိုင်ပင်ဆရာတော် (အပိုင်း-၉)

ဗိုလ်ရှိတ်(ရတနာပူရ)

**ကျောင်းတိုက်မီးလောင်ခြင်း**

ဆရာတော်သည် သီပေါမင်းသားဆောက်လုပ်လှူဒါန်းသည့် အမရပူရမြို့ အနောက်မျက်နှာဈေးချို တိုက်၌ သီတင်းသုံးကာ စာသင်၊ စာချလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ဆရာတော်၏ကျောင်း၌ စာသင်သားသံဃာ ၄၀၀ ကျော် ၅၀၀ ထိရှိသည်ဟု မှတ်တမ်းများ၌ပင် တွေ့ရသည်။ ထိုသို့ သာသနာတော်ကို အားသွန်ကြိုးပမ်းထမ်းရွက်နေသော်လည်း ဆရာတော်၏ စာသင်၊ စာချလုပ်ငန်းအပေါ် ကြီးမားသောဟန့်တားမှုကြီး ဖြစ်ပေါ်ခဲ့သည်။ အဆိုပါဟန့်တားမှုသည် ဆရာတော် သီတင်းသုံးစာချရာ ဈေးချိုကျောင်းတိုက်ကြီးမှာ မီးလောင်ပျက်စီးခဲ့ခြင်းဖြစ်သည်။ အမရပူရ အနောက်မျက်နှာမီးလောင်သောအခါတွင် ဆရာတော်၏ ဈေးချိုတိုက်ပါ မီးလောင်ပြာကျခဲ့ရသည်။ ထိုအခါ ဆရာတော်သည် ရေလယ်ကျောင်းတိုက်သို့ ပြောင်းရွှေ့ သီတင်းသုံးနေထိုင်ခဲ့သည်။ ရေလယ်ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်စဉ် သုံးပုံတံတားကျမ်းကို ရေးသားပြုစုတော်မူခဲ့သည်။ ထိုအကြောင်းကို ဆရာတော်သည် သုံးပုံတံတားကျမ်းနိဂုံး၌ "သီပေါမင်းသား၊ လှူပြောတုံ့ရှောင်း၊ မြတ်သည့်ကျောင်းဝယ်၊ အပေါင်းသံဃာ၊ ဝန်းရံကာလျက်၊ သုံးဖြာဓမ္မ၊ ပို့ချသင်ကြား၊ တရားရေအေး၊ ကယ်တိုက်ကျွေးလျက်၊ နှစ်သက်ဝမ်းသာ၊နေသောခါ၌၊ငါးဖြာရန်သူ၊အကြောင်းတူလှ၊ မီးရန်သူဖျက်၊ နေရာပျက်၍၊ အကွက်နေရာ၊ မရပါခဲ့၊ ခိုရာမဲ့ခိုက်၊ ရေလယ်တိုက်၌၊ အလိုက်ဘာသာ၊ နေစဉ်ခါ၌၊ နောင်လာအများ၊ အမျိုးသားတို့၊ မှတ်သားစိမ့်ငှါ၊ ကရုဏာဖြင့်၊ ဝံသာဘိလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ဆယ့်ကိုးခုအက္ခရာ၊ တံဆိပ်စာနှင့်၊ သံဃာများက၊ မြတ်လှဆရာ၊ ကျမ်းတိုင်းရှာ၍၊ ကောဇာသက္ကရာဇ် ရေတွက်စစ်သော်၊ ဇော်နှင့်နှစ်နောက်၊ လျောက်လေသုံ့ည၊ လုံးဇေတည်း၊ ခုလည်းလေးခု၊ ဥတုဂိမ္ဟန္တ၊ ကဆုန်လတွင်၊ ထုတ်စီရင်သည်" ဟူ၍ ရေးဖွဲ့ထားခဲ့သည်။

**ဇာတိရွာသို့ပြန်ကြွ**

ဆရာတော်သည် ရေလယ်ကျောင်းတိုက်၌လည်း ရေရှည်သီတင်းသုံးခဲ့ဟန်မတူပါ။ ရေလယ်ကျောင်းတိုက်၌ခဏသာ သီတင်းသုံးပြီး ဇာတိရပ်ရွာ မုံတိုင်ပင်ကျောင်းသို့ပြန်ကြွခဲ့ဟန်တူသည်။ ထိုကဲ့သို့ ဇာတိရပ်ရွာပြန်ကြွခဲ့ပြီးနောက် ဆရာတော်သည် နေပြည်တော်သို့ ပြန်ကြွခဲ့ဟန်မတူပေ။ ဇာတိရပ်ရွာ မုံတိုင်ပင်ကျောင်း၌သာ သီတင်းသုံးဟန်တူပါသည်။ ကျောင်းမီးလောင်ပြီးနောက်ပိုင်း နေပြည်တော်တွင် ဆက်လက်သီတင်းသုံးသည့်အမှတ်အသား မတွေ့ရပါ။ ဇာတိရပ် ရွာသို့ ပြန်ကြွခဲ့ခြင်းကြောင့်သာ ထိုကဲ့သို့ မှတ်တမ်းမှတ်ရာ မတွေ့ရခြင်း ဖြစ်ပါလိမ့်မည်။

**ဘဝဖြစ်စဉ်သုတေသနအမြင်**

မုံတိုင်ပင်ဆရာတော်ကြီး၏ ဘဝဖြစ်စဉ်များနှင့် ပတ်သက်၍ ပုံနှိပ်ပြီးစာအုပ်များတွင် အရောရော အထွေးထွေး မှားယွင်းခဲ့ဖူးပါသည်။ တံဆိပ်တော်တို့နှင့် စပ်လျဉ်း၍မှားယွင်းမှု၊ အခြားဆရာတော်တစ်ပါးနှင့် ရောထွေးမှားယွင်းမှုများရှိခဲ့ပါသည်။ ထိုကဲ့သို့သော ရောထွေးမှုများကို အမှန်သို့ရောက်အောင် ရှင်းလင်းတင်ပြလိုပါသည်။ မှားယွင်းကြသော စာအုပ်များသည် အသုံးများ တွင်ကျယ်သော ပြည်သူ့လက်စွဲစာအုပ်ကဲ့သို့ဖြစ်နေသော အတ္ထုပ္ပတ္တိကျမ်းများဖြစ်သည်။ ဥပမာအားဖြင့် ဗိုလ်မှူးဘသောင်း၏ စာဆိုတော်များအတ္ထုပ္ပတ္တိကျမ်းသည် စာသမားတိုင်းလက်စွဲပြုကြသည့် ကျမ်းဖြစ်သည်။ ဆရာကြီး၏ စာပေဩဇာအရှိန်အဝါကြီးမားမှုကြောင့် ဆရာကြီး၏စာအုပ်အတိုင်းပင် နောက်လူများက ဆက်လက်ရေးကူးဖော်ပြခဲ့ကြသည်။ အမှားသံသရာလည် မဆုံးဖြစ်နေတော့သည်။ သို့ဖြစ်သောကြောင့် ဆရာတော်၏ဘဝဖြစ်စဉ်နှင့်ပတ်သက်၍ ရှင်းလင်းဖော်ပြရပေမည်။

**တံဆိပ်တော်မှားယွင်းခြင်း**

မုံတိုင်ပင်ဆရာတော်သည် ဘွဲ့တံဆိပ်တော် နှစ်ထပ်ရရှိခဲ့သည်။ ထိုဘွဲ့တံဆိပ်တော်နှစ်ရပ်နှင့် စပ်လျဉ်း၍ အမှားမှားအယွင်းယွင်း ဖြစ်နေကြပါသေးသည်။ ထို့ကြောင့် ပုံနှိပ်ပြီးကျမ်းအသီးသီးတွင် ဖော်ပြထားသော တံဆိပ်များကို ဖော်ပြရပါမည်။

၁။ **စာပြုစာဆိုပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိ။ ဒဂုန်နတ်ရှင်**

က။ ဝံသာဘိလင်္ကာရမဟာဓမ္မရာဇဂုရု (အက္ခရာ ၁၄လုံး။ မှား)

ခ။ ဝံသာဘိလင်္ကာရဓဇမဟာဓမ္မရာဇဂုရု (အက္ခရာ ၁၆လုံး၊ ဤတံဆိပ်ကို ဒုတိယရသောတံဆိပ်ဟုဆိုထားသည်။ ပထမဆုံးရသော တံဆိပ်ဖြစ်သည်)

**❖မုံတိုင်ပင်ဆရာတော်ကြီး၏ ဘဝဖြစ်စဉ်များနှင့်ပတ်သက်၍ ပုံနှိပ်ပြီးစာအုပ်များတွင် အရောရောအထွေးထွေး မှားယွင်းခဲ့ဖူးပါသည်။ တံဆိပ်တော်တို့နှင့်စပ်လျဉ်း၍မှားယွင်းမှု အခြားဆရာတော်တစ်ပါးနှင့် ရောထွေးမှားယွင်းမှုများရှိခဲ့ပါသည်။ ထိုကဲ့သို့သော ရောထွေးမှုများကို အမှန်သို့ရောက်အောင် ရှင်းလင်းတင်ပြလိုပါသည်။ မှားယွင်းကြသောစာအုပ်များသည် အသုံးများတွင်ကျယ်သော ပြည်သူ့လက်စွဲစာအုပ်ကဲ့သို့ဖြစ်နေသော အတ္ထုပ္ပတ္တိကျမ်းများဖြစ်သည်။ ❖**

၂။ **စာဆိုတော်များ အတ္ထုပ္ပတ္တိကျမ်း။ ဗိုလ်မှူးဘသောင်း**

က။ ဝံသာဘိလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု (အက္ခရာ ၁၇လုံး၊ မှား)

ခ။ ဝံသာဘိလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု (၁၉လုံး၊ မှန်)

၃။ **ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိကျမ်း၊ လှသမိန်**

က။ ဝံသာဘိလင်္ကာရ မဟာဓမ္မရာဇဂုရု (အက္ခရာ ၁၄ လုံး၊ မှား )

ခ။ ဝံသာဘိလင်္ကာရဓဇ မဟာဓမ္မရာဇဂုရု (အက္ခရာ ၁၆လုံး၊ ဒုတိယရသော တံဆိပ်မဟုတ်၊ ပထမရသောတံဆိပ်ဖြစ်သည်)

၄။ **သုံးပုံတံချူကျမ်းနှင့် သုံးပုံအိတ်ထောင့်ကျမ်း**

က။ ဝံသာဘိလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု (အက္ခရာ ၁၇လုံး၊ မှား)

ခ။ ဝံသာဘိလင်္ကာရဓဇမဟာဓမ္မရာဇဂုရု (၁၆လုံး၊ ပထမရသောတံဆိပ်ဖြစ်သည်)

၅။ **သုံးပုံလေ့ကား၊ သုံးပုံတံတားကျမ်း**

က။ ဝံသာဘိလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု (အက္ခရာ ၁၇လုံး၊ မှား)

ခ။ ဝံသာဘိလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု (၁၉လုံး၊ မှန်)

၆။ **စကားပြေဖွယ်ကျမ်း**

က။ ဝံသာဘိလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု (အက္ခရာ ၁၇လုံး၊ မှား)

ခ။ ဝံသာဘိလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု (၁၉လုံး၊ မှန်)

၇။ **သုံးပုံဟင်းလေး၊ သုံးပုံကူးတို့၊ စာရိတ္တဝါရိတ္တ ဘုရားရှိခိုးကျမ်း**

က။ ဝံသာဘိလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု (အက္ခရာ ၁၇လုံး၊ မှား)

ခ။ ဝံသာဘိလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု (၁၉လုံး၊ မှန်)

အထက်တွင် ဖော်ပြထားသည်များကို ကြည့်ပါက တံဆိပ်တော်နှင့်စပ်လျဉ်း၍ မည်မျှအလွဲလွဲအမှားမှား ဖြစ်ခဲ့ကြောင်းသိနိုင်သည်။ ပထမရခဲ့သော တံဆိပ်တော်ကို လုံးလုံးမှားယွင်းဖော်ပြခဲ့သလို ပထမရခဲ့သော တံဆိပ်တော်ကိုလည်း ဒုတိယတံဆိပ်ဟု မှားယွင်းခဲ့ကြသည်။ ဒုတိယရခဲ့သော တံဆိပ်လုံးလုံးမပါဘဲ မှားယွင်းခဲ့သည်များပင် တွေ့ရပေသည်။

ဆရာတော်သည် သူရရှိခဲ့သောတံဆိပ်တော်များကို ကျမ်းပြီးနိဂုံးများတွင် အတိအကျရေးသားခဲ့ပါသည်။ ပထမဆုံးရရှိခဲ့သော တံဆိပ်တော်မှာ ဝံသာဘိလင်္ကာရဓဇမဟာဓမ္မရာဇဂုရု တံဆိပ်ဖြစ်သည်။ အက္ခရာ ၁၆လုံးဖြစ်သည်။ ထိုအကြောင်းကို ဆရာတော်က သုံးပုံအိတ်ထောင့်ကျမ်းနိဂုံး၌ " ဝံသာဘိ လင်္ကာရ ခေါ်တွင်ထ၊ ဓဇပုဒ်အလယ်၊ မဟာဓမ္မရာဇဂုရု၊ သမာသ်စု၊ တွဲမှုနောက်ပုဒ်ဝယ်" ဟူ၍ရေးဖွဲ့ထားခဲ့သည်။ ထိုသုံးပုံတံချူကျမ်းတွင်လည်း "ဝံသာဘိလင်္ကာရ၊ ဓဇ နောက်လာ၊ မဟာရာဇဂုရု၊ ခြောက်ခုအက္ခရာ၊ တံဆိပ်စာနှင့်" ဟူ၍တိတိကျကျရေးဖွဲ့ထားသည်။

ဒုတိယရရှိခဲ့သော တံဆိပ်တော်ကိုလည်း သုံးပုံတံတားကျမ်း၌ "ဝံသာဘိလင်္ကာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု၊ ဆယ့်ကိုးခုအက္ခရာ၊ တံဆိပ်စာနှင့်" ဟူ၍ အက္ခရာ ၁၉လုံးတံဆိပ်ဖြစ်ကြောင်း ရေးဖွဲ့ထားသည်။ သို့ဖြစ်သောကြောင့် မုံတိုင်ပင်ဆရာတော်ကြီးရရှိခဲ့သောတံဆိပ်များနှင့်စပ်လျဉ်း၍ အမှားများကို ဆက်၍မရေးသင့်တော့ပေ။ အမှန်အတိုင်းသာ ရေးသင့်ပေသည်။

**ဘဝဖြစ်စဉ်ရောထွေးမှု**

ပုံနှိပ်ပြီးသော အတ္ထုပ္ပတ္တိ တော်တော်များများတွင် မုံတိုင်ပင်ဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိကိုဖော်ပြရာ၌ အခြားဆရာတော်ကြီးတစ်ပါး၏ ဘဝဖြစ်စဉ်နှင့် ရောထွေးစွာဖော်ပြထားသည်ကို တွေ့ရပါသည်။ အခြားဆရာတော်ကြီးတစ်ပါး၏ ဘဝဖြစ်စဉ်နှင့် မုံတိုင်ပင်ဆရာတော်၏ ဘဝဖြစ်စဉ်ရောထွေးနေခြင်းဖြစ်သည်။ အခြားဆရာတော်ကြီး၏ ဘဝဖြစ်စဉ်သည် မုံတိုင်ပင်ဆရာတော်ကြီး၏ ဘဝဖြစ်စဉ်အတွင်းသို့ ဝင်ရောက်ရောထွေးနေခြင်းဖြစ်သည်။ ထို့ကြောင့် ဤကဲ့သို့ ရောထွေးမှုများကို ရှင်းလင်းတင်ပြပါဦးမည်။ အရင်ဆုံး ကျမ်းအသီးသီးတွင် ရောထွေးမှုများကို အရင်ကောက်နုတ်ဖော်ပြပါမည်။

၁။ **သုံးပုံဟင်းလေး၊ သုံးပုံကူးတို့၊ စာရိတ္တ ဝါရိတ္တ ဘုရားရှိခိုးကျမ်း**

"ထင်ပေါ်လျှင် စင်တော်ကကောက် ဆိုသကဲ့သို့ ပညာဂုဏ်ရောင် ထွန်းလင်းပြောင်ခဲ့သဖြင့် ကုန်းဘောင်ဆက် အမရပူရမြို့တည်နန်းတည် ဘဝရှင်ဘိုးတော်မင်းတရားကြီး လက်ထက်တွင် မင်းတရားကြီး၏သားတော် အိမ်ရှေ့ဥပရာဇာက အင်းဝမြို့ အရှေ့တောင်ထောင့်အရပ်တွင် မဟာမင်္ဂလာရွှေဘုံမိုးထိကျောင်း ဟူသောအမည်ဖြင့် ကျောင်းကြီးတစ်ကျောင်း ဆောက်လုပ်လှူဒါန်း ကိုးကွယ်တော်မူသည်"

၂။ **သုံးပုံတံချူကျမ်းနှင့် သုံးပုံအိတ်ထောင့်ကျမ်း**

သုံးပုံတံချူကျမ်းနှင့် သုံးပုံအိတ်ထောင့်ကျမ်း နိဒါန်းတွင် "ဆရာတော်သည် ကောဇာသက္ကရာဇ် ၁၁၀၂ (တစ်ထောင့်တစ်ရာ့နှစ်)ခုဖွား၊ နံတော် ဗုဒ္ဓဟူးသားဖြစ်တော်မူသည်။ ကုန်းဘောင်ဆက် အမရပူရမြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်ဘိုးတော်မင်းတရားကြီးလက်ထက်တွင် မင်းတရားကြီး၏သားတော် အိမ်ရှေ့မင်းကြီးက ကိုးကွယ်တော်မူ၍" ဟူ၍လည်းကောင်း၊ "အမရပူရမြို့တော်၌ သီတင်းသုံးစဉ်အခါ သားတော်အိမ်ရှေ့မင်းကြီးက အင်းဝမြို့အရှေ့တောင်ထောင့်အရပ်တွင် မဟာမင်္ဂလာရွှေဘုံမိုးထိကျောင်း ဟူသောအမည်ဖြင့် ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းကိုးကွယ်တော်မူသည်" ဟူ၍လည်းကောင်း ဖော်ပြထားသည်။

၃။ **သုံးပုံလေ့ကားနှင့် သုံးပုံတံတား**

ဤကျမ်းပါ အတ္ထုပ္ပတ္တိတွင်လည်း "ကုန်းဘောင်ဆက် အမရပူရမြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်ဘိုးတော်မင်းတရားကြီးလက်ထက်တွင် မင်းတရားကြီး၏သားတော် အိမ်ရှေ့ဥပရာဇာက ကိုးကွယ်၍ ဝံသာဘိလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု ပထမဘွဲ့တံဆိပ်တော်နှင့် ဝံသာဘိလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ၁၉လုံးရှိ ဒုတိယဘွဲ့တံဆိပ်တော်နှစ်မျိုးဖြင့် ပူဇော်ဆက်ကပ်ခြင်းကို ခံယူရရှိတော်မူသည်။ အမရပူရမြို့တော်၏ သီတင်းသုံးတော်မူစဉ်အခါ သားတော်အိမ်ရှေ့မင်းကြီးက အဝမြို့အရှေ့တောင်ထောင့်အရပ်တွင် မဟာမင်္ဂလာရွှေဘုံမိုးထိကျောင်းဟူသောအမည်ဖြင့် ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းကိုးကွယ်တော်မူသည်" ဟူ၍ ဖော်ပြထားသည်။ စကားပြေဖွယ်ကျမ်း၌လည်း ထိုနည်းတူဖော်ပြထားသည်။

၄။ **စာဆိုတော်များ အတ္ထုပ္ပတ္တိကျမ်း ဗိုလ်မှူးဘသောင်း**

"အမရပူရမြို့တည်နန်းတည် ဘဝရှင်ဘိုးတော်မင်းတရားကြီးလက်ထက်တွင် သားတော်အိမ်ရှေ့ ဥပရာဇာက အင်းဝမြို့ အရှေ့တောင်ထောင့်အရပ်၌ မင်္ဂလာရွှေဘုံမိုးထိကျောင်း ဟူသောအမည်ဖြင့် ကျောင်းကြီးတစ်ကျောင်း ဆောက်လုပ်လှူဒါန်း ကိုးကွယ်တော်မူသည်။ မင်းတရားကြီးကိုယ်တိုင်ကလည်း ဝံသာဘိလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်နှင့် ဝံသာဘိလင်္ကာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်နာမံတော် နှစ်ထပ်ကို နှင်းအပ်တော်မူလေသည်"

အထက်ပါ ကောက်နုတ်ချက်များကိုကြည့်ပါက ဘိုးတော်ဗဒုံမင်း၏သားတော် ရခိုင်နိုင်အိမ်ရှေ့မင်းက မုံတိုင်ပင်ဆရာတော်ကြီးကို အင်းဝမြို့ မိုးထိကျောင်းကြီးကိုတင်လှူကြောင်း ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်သကဲ့သို့ ဘွဲ့တံဆိပ်တော် နှစ်ထပ်ကိုလည်း ဘိုးတော်ဗဒုံမင်းကပေးသည်ဟု ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်သည်။ မှားယွင်းနေခြင်းသာဖြစ်သည်။ မုံတိုင်ပင်ဆရာတော်ကြီး ပထမဆုံးရသော တံဆိပ်သည် ဘကြီးတော်ကပေးသော တံဆိပ်ဖြစ်သည်။ ဘိုးတော်ဗဒုံမင်းနှင့် ဘာမျှမဆိုင်တော့ချေ။ ထို့အတူ ဘကြီးတော်စစ်ကိုင်းမင်း မင်းဖြစ်ချိန်တွင် ရခိုင်နိုင် အိမ်ရှေ့မင်းကြီး နတ်ရွာစံခဲ့ပြီးဖြစ်သကဲ့သို့ ဘိုးတော်ဗဒုံမင်းလည်း နတ်ရွာစံခဲ့ပြီဖြစ်သည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# တမူးခရိုင်တွင် ဆောင်းသီးနှံပဲတီစိမ်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး၊ တစ်ကေလျှင် ၁၆ ဒသမ ၆၉ တင်းထွက်ရှိ



**တမူး ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၆ ဒသမ ၆၉ တင်းထွက်ရှိကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းသီးနှံ ၇၂၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ မြို့သစ်မြို့နယ်တွင် ၁၄၅ ကေ၊ တမူးမြို့နယ်တွင် ၁၇၅ ကေနှင့် ခါမ်းပါတ်မြို့တွင် ၄၀၅ ကေ စုစုပေါင်း ၇၂၅ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ ပဲတီစိမ်းသီးနှံ ၇၂၅ ကေထိစိုက်ပျိုးနိုင်ခဲ့ပြီး အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေကို လက်ရှိမှာ ကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့နဲ့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့အတွက် အသိပညာပေးထားပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အချိန်မီ ရိတ်သိမ်းနိုင်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပဲတီစိမ်းသီးနှံများကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

---

➤ စာမျက်နှာ ၄ မှအဆက်

ထို့ကြောင့် ဘိုးတော်ဗဒုံမင်းက တံဆိပ်တော်လှူသည်။ အိမ်ရှေ့မင်းကြီးက မိုးထိကျောင်းကို လှူသည်ဆိုသောစကားများသည် မှားယွင်းနေကြောင်း အထူးပင်ရှင်းပြ ရန်မလိုတော့ချေ။ ထိုသို့ဆိုလျှင် အဘယ်ကြောင့် ထိုကဲ့သို့ ရောထွေးမှားယွင်းရသနည်းကို ရှင်းပြပါဦးမည်။

**မုံတောဆရာတော်နှင့်မှားယွင်းခြင်း**

အမှန်က မုံတိုင်ပင်ဆရာတော်၏ ဘဝဖြစ်စဉ်ထဲတွင် မုံတောဆရာတော်၏ဘဝဖြစ်စဉ်က လာရောနေခြင်းကြောင့်ဖြစ်သည်။ မုံတောဆရာတော်သည် မုံတိုင်ပင်ဆရာတော်ထက် ဝါတော်၊ သက်တော်ကြီးသလို ဘိုးတော်ဗဒုံမင်းလက်ထက် သာသနာပိုင်တစ်ကျိပ်နှစ်ပါးဝင် ဆရာတော်ဖြစ်သည်။ ပို၍ရှင်းစေရန် မင်းလှသီရိသီဟသူ၏ ဆရာတော် ၁၀၅ပါး ဦးရေစာရင်း၌ မုံတောဆရာတော်၏အကြောင်းကို " သက္ကရာဇ် ၁၁၀၂ ခုနှစ်တွင် ဖွားမြင်တော်မူသည်။ နံ ၄ဟူး။ ဇာတိ– အင်းယဉ်မုံတောရွာ။ လူမည် ဦးဖျော်။ အသက် ၁၀နှစ်ကကျောင်းသား။ ၁၃နှစ်တွင်သာမဏေပြုသည်။ သာမဏေမည် ရှင်ဝရ။ သာမဏေဝါ ၈ဝါ။ သက်တော်စေ့တွင် ရဟန်းပြုသည်။ ရဟန်းမည် ရှင်ဝရ။ ဒါယကာ အမရပူရရွှေမြို့တော်ကြီး ရွှေထီးရွှေနန်းတည် မင်းတရားကြီးသားတော် အိမ်ရှေ့မင်းကိုးကွယ်တော်မူသည်။ အမရပူရရွှေမြို့တော်ကြီးတွင် ရွှေတောင်ကျောင်းတိုက်အတွင်း သီတင်းသုံးတော်မူသည်။ ရတနာပူရ စတုတ္ထမြို့တည် ရွှေမြို့တော်ကြီး ရွှေထီးရွှေနန်းတည် မင်းတရားကြီးလက်ထက် အင်းဝမြို့ အရှေ့တောင်ထောင့် မိုးထိကျောင်းတိုက်တွင် မဟာမင်္ဂလာရွှေဘုံမိုးထိကျောင်းတော်ကြီးကို တင်အပ်တော်မူ၍ သီတင်းသုံးသည်။ သက်တော် ၈၂ နှစ်၊ ဝါတော် ၆၂ ဝါ။ သက္ကရာဇ် ၁၁၈၄ ခုနှစ် မဟာမင်္ဂလာရွှေဘုံကျောင်းတော်တွင် ဘဝပြောင်းတော်မူသည်။ တံဆိပ်– ဝံသာဘိသီရိသဒ္ဓမ္မလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု။"ဟူ၍ ဖော်ပြထားသည်။

မုံတောဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိကိုဖတ်ကြည့်လျှင် မုံတောဆရာတော်နှင့် မုံတိုင်ပင်ဆရာတော်ကို ရောထွေးမှားယွင်းနေကြောင်းကား လယ်ပြင်မှာဆင်သွားသလို ထင်ရှားလှတော့သည်။ သုံးပုံတံချူကျမ်းနှင့် သုံးပုံအိတ်ထောင့်ကျမ်းနိဒါန်းတွင် ဖော်ပြထားသော မုံတိုင်ပင်ဆရာတော်၏ ဖွားသက္ကရာဇ် ၁၁၀၂ ခုနှစ်ဆိုသည်မှာ အမှန်က မုံတောဆရာတော်၏ ဖွားနှစ်သာဖြစ်သည်။ ရခိုင်နိုင်အိမ်ရှေ့မင်းက ကိုးကွယ်သည်မှာလည်း မုံတောဆရာတော်သာဖြစ်သည်။ မိုးထိကျောင်း၌ သီတင်းသုံးသည်မှာလည်း မုံတောဆရာတော်သာဖြစ်သည်။

ယခုကဲ့သို့ မုံတောဆရာတော်နှင့် မုံတိုင်ပင်ဆရာတော် ရောထွေးမှားယွင်းခဲ့ရခြင်းမှာ ၁၉၅၉ ခုနှစ်တွင် ဟံသာဝတီပုံနှိပ်တိုက်က ရိုက်နှိပ်ခဲ့သော သုံးပုံတံချူကျမ်းနှင့် သုံးပုံအိတ်ထောင့်ကျမ်းတည်းဖြတ်သူ ဦးဘသန်း၏ နိဒါန်းကြောင့်ဖြစ်သည်။ ထိုစာအုပ်ကစတင်ရောထွေးခဲ့သဖြင့် ထိုစာအုပ်နောက်ပေါ်ထွန်းခဲ့သော ဗိုလ်မှူးဘသောင်း၊ ရွှေဥဒေါင်းစသူတို့၏ အတ္ထုပ္ပတ္တိကျမ်းများတွင်လည်း ထိုစာအုပ်အတိုင်းသာ ကူးယူဖော်ပြခဲ့ကြသဖြင့် ရောထွေးမှားယွင်းခဲ့ကြဟန်တူသည်။ ယခုအခါ အမှန်ကိုသိလာရပြီဖြစ်သဖြင့် မုံတောဆရာတော်နှင့် မုံတိုင်ပင်ဆရာတော်၏ ဘဝဖြစ်စဉ်ကို ရောထွေးခြင်းမပြုတော့ဘဲ ကွဲပြားစွာမှတ်သားရမည် ဖြစ်ပါသည်။

---

## လျှင်သတိအမြဲရှိ

\- ဘယ်အချိန် ဘယ်နေရာသို့
လျှင်လှုပ်ဖို့ ရှိပါတယ်၊
တိကျသေချာတိုင်းတာမှု
မပြုနိုင်ကွယ်၊
ကြုံကြိုက်သည့် ချိန်ခါဝယ်
အန္တရာယ်ကင်းစွာရှိစေရေး၊
ငလျင်ဒဏ်ကာကွယ်သတိ
ရှိရမည်လေး။

\- ငလျင်ဒဏ်လှုပ်ခတ်မှု
ကြုံလာပြုတိုင်းမှာကွယ်၊
တည်ငြိမ်စွာစိတ်ကိုထား
ကြောက်အားရှောင်ဖယ်၊
အနီးအနားဝန်းကျင်ဝယ်
လဲပြိုလွယ်သည့် အရာများ၊
လွတ်ကင်းရာရှာဖွေထွက်
သွက်သွက်ရှောင်ရှား။

\- ငလျင်လှုပ်ခတ်ပြီးလျှင်လည်း
နောက်ဆက်တွဲငလျင်တွေ၊
ထပ်မံလှုပ်ခတ်နိုင်သည်အား
သိထားကာလေ၊
အဆောက်အအုံနှင့် အိုးအိမ်တွေ၊
အထဲမှာနေထိုင်မှု၊
မပြုဘဲနှင့်ဘေးလွတ်ရာ
ကွင်းပြင်မှာ နေထိုင်ပြော၍
ရှောင်ရှားခြင်းပြု။ ။

**မနောသစ်(ပခုက္ကူ)**

## နိုင်ငံတကာ သတင်းများ

# ရုရှားနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးတို့ ကိုရီးယားကျွန်းဆွယ်ဒေသ အခြေအနေများနှင့် အီရန်နျူကလီးယားပြဿနာများ ဆွေးနွေး



မော်စကို ဧပြီ ၂

ရုရှားနိုင်ငံခြားရေး ဝန်ကြီး ဆာဂေးလက်ဗရော့ဗ်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိတို့သည် မော်စကိုမြို့၌တွေ့ဆုံစဉ် ကိုရီးယားကျွန်းဆွယ်ဒေသအခြေအနေများနှင့် အီရန်နျူကလီးယားပြဿနာများကို ဆွေးနွေးခဲ့ကြကြောင်း ရုရှားမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် လက်ရှိအချိန်တွင် သုံးရက်ကြာခရီးစဉ်အဖြစ် ရုရှားနိုင်ငံ မော်စကိုမြို့သို့ ရောက်ရှိနေခြင်းဖြစ်သည်။

အဆိုပါခရီးစဉ်အတွင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ရုရှားသမ္မတပူတင်နှင့်လည်း တွေ့ဆုံဖွယ်ရှိသည်။

မော်စကိုမြို့၌ ကျင်းပခဲ့သော ဆွေးနွေးပွဲများတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့အနေဖြင့် အီရန်နျူကလီးယား ပြဿနာများကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံခြားရေး ဝန်ကြီးနှင့် တရုတ်နိုင်ငံခြားရေး ဝန်ကြီးတို့၏ ဆွေးနွေးပွဲမှာ ရင်းနှီးချစ်ကြည်မှုနှင့် ပွင့်လင်းမြင်သာမှုရှိသည့် ဆွေးနွေးပွဲဖြစ်ခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် တရုတ်နိုင်ငံခြားရေး ဝန်ကြီးနှင့် ရုရှားနိုင်ငံခြားရေး ဝန်ကြီးတို့အနေဖြင့် ယူကရိန်းစစ်ပွဲပြဿနာကိုလည်း အလေးအနက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ထိုင်းနိုင်ငံထုတ်ကုန်များပေါ် အမေရိကန် အခွန်စည်းကြပ်ပါက ထိုင်းနိုင်ငံအနေဖြင့် ဒေါ်လာ ရှစ်ဘီလီယံထိ နစ်နာဆုံးရှုံးနိုင်

ဘန်ကောက် ဧပြီ ၂

အမေရိကန်အစိုးရက ထိုင်းထုတ်ကုန်များအပေါ် အခွန်စည်းကြပ်ခဲ့ပါက ထိုင်းနိုင်ငံအနေဖြင့် ပို့ကုန်ကဏ္ဍ၌ နှစ်စဉ် အမေရိကန်ဒေါ်လာခုနစ်ဘီလီယံမှ ရှစ်ဘီလီယံထိဆုံးရှုံးနစ်နာနိုင်ဖွယ်ရှိကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံ၏ တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်ကုန်များအပေါ် အမေရိကန်အစိုးရက ၂၅ ရာခိုင်နှုန်းထိ အခွန်စည်းကြပ်ဖွယ် ရှိကြောင်း ထိုင်းကုန်သွယ်ရေး ဝန်ကြီးဌာနတာဝန်ရှိသူများက ပြောကြားသည်။

ထို့ကဲ့သို့ အမေရိကန်အစိုးရက ထိုင်းပို့ကုန်များအပေါ် အခွန်စည်းကြပ်ခဲ့ပါက ထိုင်းနိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံမှ ရှစ်ဘီလီယံထိ နစ်နာဆုံးရှုံးနိုင်ကြောင်း ထိုင်းကုန်သွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက ခန့်မှန်းထားသည်။

သို့ရာတွင် အမေရိကန်အစိုးရ၏ အခွန်စည်းကြပ်မှုကို ရှောင်ရှားရေးအတွက် ကုန်သွယ်ရေးဆွေးနွေးပွဲ မဟာဗျူဟာတစ်ရပ် ချထားကြောင်း ထိုင်းတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ထိုင်းနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံ၌ ကုန်သွယ်ရာ၌ ကုန်သွယ်ရေးပိုငွေမြင့်မားမှုကို လျှော့ချရေးအတွက် အမေရိကန်နိုင်ငံမှ ပြောင်း၊ ပဲပိစပ်၊ ရေနံစိမ်း တို့ကို တိုးမြှင့်တင်သွင်းရန် ကြိုးစားမည်ဖြစ်ကြောင်း ထိုင်းကုန်သွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားထားသည်။

ထိုင်းနိုင်ငံနှင့် ကုန်သွယ်ရာတွင် အမေရိကန်နိုင်ငံအတွက် ကုန်သွယ်ရေးလိုငွေပြမှုမှာ အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၆ ဘီလီယံထိ ရှိနေကြောင်းအမေရိကန်အစိုးရက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တရုတ်မြေပြင်တပ်များ ကျည်စစ်သုံးစစ်ရေးလေ့ကျင့်မှု ပြုလုပ်

ပေကျင်း ဧပြီ ၂

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ) မြေပြင်တပ်များသည် ယနေ့တွင် ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှုများဖြင့် အရှေ့တရုတ်ပင်လယ်ရေပြင်အတွင်းသို့ အဝေးပစ်လက်နက်များဖြင့် ပစ်ခတ်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။



တရုတ်(တိုင်ပေ)အနီး လက်ရှိပြုလုပ်နေဆဲဖြစ်သော ရေလက်ကြားမိုးကြိုး ၂၀၂၅ အေ စစ်ရေးလေ့ကျင့်မှုအရ တရုတ်မြေပြင်တပ်များကလည်း အရှေ့တရုတ်ပင်လယ်၌ ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် တရုတ်မြေပြင်တပ်များအနေဖြင့် ဆိပ်ကမ်းများနှင့် စွမ်းအင်အခြေခံအဆောက်အအုံများကို တာဝေးပစ်လက်နက်များဖြင့် တိကျစွာတိုက်ခိုက်မှုကို လေ့ကျင့်ခဲ့ကြကြောင်း ပီအယ်လ်အေ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သို့ရာတွင် အဆိုပါကျည်စစ်သုံးစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည့် နေရာအတိအကျကို သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားခြင်း မရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသည်ရေလက်ကြားမိုးကြိုး ၂၀၂၅ အေ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ဧပြီ ၁ ရက်တွင် တရုတ်(တိုင်ပေ)အနီး စတင်ပြုလုပ်ခဲ့သည်။

တရုတ်(တိုင်ပေ)ခွဲထွက်ရေးဝါဒီများကို သတိပေးသည့်အနေဖြင့် အဆိုပါစစ်ရေးလေ့ကျင့်မှုကိုပြုလုပ်နေခြင်းဖြစ်ကြောင်း တရုတ်စစ်ဘက်က ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဒုံးကျည်အများအပြားတင်ဆောင်နိုင်သည့် စစ်သင်္ဘောများ မြောက်ကိုရီးယားတည်ဆောက်



ပြုံယမ်း ဧပြီ ၂

မြောက်ကိုရီးယား နိုင်ငံက တည်ဆောက်နေသော စစ်သင်္ဘောအမျိုးအစားသစ်တစ်မျိုးသည် ဒုံးကျည် အများအပြားတင်ဆောင်နိုင်စွမ်းရှိကြောင်း လေ့လာသူများ၏ အဆိုကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါစစ်သင်္ဘောများကို မြောက်ကိုရီးယား စစ်ဘက်က ချောင်ကျင်းနှင့် နစ်ပိုသင်္ဘောကျင်းတို့၌ တည်ဆောက်နေခြင်းဖြစ်သည်။

တောင်ကိုရီးယားစစ်ဘက်၏ အဆိုအရ ၎င်းစစ်သင်္ဘောသစ်နှစ်စီးသည် တစ်စီးလျှင် တန်ချိန် ၄၀၀၀ ခန့်ထိ ရှိနိုင်ကြောင်း သိရသည်။

ဂြိုဟ်တုဓာတ်ပုံအထောက်အထားများအရ ၎င်းသင်္ဘောများ၏ ကုန်းပတ် အရွယ်အစားသည် ဒုံးကျည်အစင်း ၅၀ ထိ တင်ဆောင်နိုင်သည့် သင်္ဘောမျိုးရှိကြောင်း တောင်ကိုရီးယားနှင့် အမေရိကန် ကျွမ်းကျင်သူများက သုံးသပ်ထားကြသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်းစစ်သင်္ဘောများ၌ တပ်ဆင်မည့် ဒုံးကျည်များအတွက် ဒေါင်လိုက်ပစ်လွှတ်မှုစနစ်အသုံးပြုဖွယ်ရှိကြောင်းလေ့လာသူများက ယူဆထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ဒေါင်လိုက်ပစ်လွှတ်မှု စနစ်နှင့် ကိုက်ညီသော ဒုံးကျည်များကို တည်ဆောက်ထားပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အစ္စရေးနိုင်ငံက ဂါဇာဒေသအစိတ်အပိုင်းများကို သိမ်းပိုက်၍ လုံခြုံရေးဇုန်များအဖြစ် သတ်မှတ်မည်

ဂျေရုဆလင် ဧပြီ ၂

ဂါဇာကမ်းမြောင်ဒေသ၌ မြေပြင်စစ်ဆင်ရေးချဲ့ထွင်ပြုလုပ်မည့် အစီအစဉ်ကို အစ္စရေးစစ်ဘက်က ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။



အဆိုပါစစ်ဆင်ရေးအရ အစ္စရေးတပ်များအနေဖြင့် ဂါဇာကမ်းမြောင်ဒေသ အစိတ်အပိုင်းများကို သိမ်းပိုက်၍ လုံခြုံရေးဇုန်များစာရင်းထဲသို့ ထည့်သွင်းမည်ဖြစ်ကြောင်း အစ္စရေးစစ်ဘက်ကြေညာချက်၌ ဖော်ပြထားသည်။

ထို့ပြင် အဆိုပါမြေပြင်စစ်ဆင်ရေးအတွင်း ဂါဇာဒေသနေ ပါလက်စတိုင်းများအား အစုလိုက်အပြုံလိုက်ရွှေ့ပြောင်းမှုများ ပါဝင်ကြောင်း သိရသည်။

ဂါဇာမြေပြင် စစ်ဆင်ရေးအတွင်းစစ်သွေးကြွများနှင့် ၎င်းတို့၏ အခြေခံအဆောက်အအုံများကို ရှင်းလင်းဖယ်ရှားမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးကတ်ဇ်က ပြောကြားထားသည်။

ထို့ပြင် ဂါဇာမြေပြင်စစ်ဆင်ရေးများအတွင်း ကြီးမားသည့်နယ်မြေများကို သိမ်းယူ၍ အစ္စရေးနိုင်ငံ၏ လုံခြုံရေးဇုန်များစာရင်းတွင်ထည့်သွင်းမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးက ပြောကြားထားသည်။

အစ္စရေးအနေဖြင့် ဂါဇာမြေပြင် စစ်ဆင်ရေးကိုတိုးချဲ့ရာတွင် ဂါဇာနယ်မြေများကို မည်မျှထိ သိမ်းပိုက်ထားသည်ကို မသိရကြောင်း သိရသည်။ Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## အစ်ဆာအေရိုစပေ့စ်အာကာသကုမ္ပဏီက စပက်ထရမ်ဒုံးပျံကိုလွှတ်တင်ခဲ့ရာ အောင်မြင်မှုမရှိခဲ့



ဘာလင် ဧပြီ ၂

ဂျာမနီနိုင်ငံအခြေစိုက် အစ်ဆာအေရိုစပေ့စ် အာကာသကုမ္ပဏီသည် မတ် ၃၀ ရက်တွင် စပက်ထရမ်အမည်ရှိ ဒုံးပျံကို လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရှိခဲ့ကြောင်း ဧပြီ ၁ ရက် သတင်းများအရ သိရသည်။

အစ်ဆာအေရိုစပေ့စ် အာကာသကုမ္ပဏီသည် စပက်ထရမ်ဒုံးပျံကို နော်ဝေနိုင်ငံ အင်ဒိုယာ အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် လွှတ်တင်ပြီး ၁၈ စက္ကန့်အကြာတွင် စနစ်များဖောက်ပြန်ခဲ့သဖြင့် စပက်ထရမ်ဒုံးပျံသည် မြေပြင်ပေါ်သို့ ပြန်လည်ကျရောက်ခဲ့ပြီး ပေါက်ကွဲခဲ့သည်။

စပက်ထရမ်ဒုံးပျံသည် အစ်ဆာအေရိုစပေ့စ်ကုမ္ပဏီ၏ ပထမဆုံးမစ်ရှင်ဖြစ်သကဲ့သို့ ဥရောပမြေပေါ်မှတစ်ဆင့် လွှတ်တင်ခဲ့သော ပထမဆုံးအာကာသမစ်ရှင်လည်းဖြစ်သည်။

စပက်ထရမ်ဒုံးပျံသည် မတ် ၃၀ ရက် မစ်ရှင်အတွင်း မည်သည့် ဂြိုဟ်တုမျှ သယ်ဆောင်ထားခြင်းမရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် စပက်ထရမ်ဒုံးပျံမစ်ရှင် ပျက်ပြားခဲ့ရခြင်း၏ အကြောင်းတရားများကို အစ်ဆာအေရိုစပေ့စ် အာကာသကုမ္ပဏီ ကျွမ်းကျင်သူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

စပက်ထရမ်ဒုံးပျံသည် ကိုယ်ထည်အလျား ၉၅ ပေရှိပြီး အလေးချိန်ကီလိုဂရမ် ၁၀၀၀ ရှိသော ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## Fram-2 မစ်ရှင်အတွင်း အာကာသယာဉ်မှူးများက ပထမဆုံးအကြိမ်အဖြစ် အာကာသဟင်းလင်းပြင်အတွင်း မှိုများစိုက်ပျိုးရန် ကြိုးစားမည်

ဝါရှင်တန် ဧပြီ ၂

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသ နည်းပညာကုမ္ပဏီ၏ Fram-2 မစ်ရှင်အတွင်း အာကာသ ယာဉ်မှူးများသည် အာကာသဟင်းလင်းပြင်အတွင်း ပထမဆုံးအကြိမ်အဖြစ် မှိုများစိုက်ပျိုးရန် ကြိုးစားမည်ဖြစ်ကြောင်း ဧပြီ ၁ ရက် သတင်းများအရ သိရသည်။

Space-X အာကာသနည်းပညာ ကုမ္ပဏီသည် Fram-2 မစ်ရှင်အရ ပုဂ္ဂလိက အာကာသယာဉ်မှူး လေးဦး လိုက်ပါမည့် Crew Dragon အာကာသလူသယ်ယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

လွှတ်တင်ပြီးချိန်တွင် Crew Dragon အာကာသ လူသယ်ယာဉ်သည် ပုဂ္ဂလိကအာကာသယာဉ်မှူး လေးဦးကို မြောက်ဝင်ရိုးစွန်းနှင့် တောင်ဝင်ရိုးစွန်းဒေသတို့ကို ဖြတ်ကျော်တည်ရှိသည့် ၉၀ ဒီဂရီ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။



Fram-2 မစ်ရှင်အတွင်း ပုဂ္ဂလိက အာကာသယာဉ်မှူးများသည် ဒြပ်ဆွဲအား သုည အခြေအနေအောက်၌ မှိုများစမ်းသပ်စိုက်ပျိုးရန် စီစဉ်ထားကြောင်း Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Fram-2 မစ်ရှင်သည် အာကာသယာဉ်မှူးများကို ကမ္ဘာ့ဝင်ရိုးစွန်းဒေသများအပေါ် ဖြတ်ကျော်တည်ရှိနေသည့် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးမည့် ပထမဆုံးမစ်ရှင်ဖြစ်ပြီး Fram-2 မစ်ရှင်သည် သုံးရက်နှင့် ငါးရက်ကြား ကြာမြင့်မည်ဖြစ်ကြောင်း Space-X ကုမ္ပဏီက ကြေညာထားသည်။

Ref : Russia Today

Trs : KKO

## သက်တမ်းနှစ် ၉၉ သန်းရှိ ပယင်းကျောက်အတွင်း ဒိုင်နိုဆောခေတ်အင်းဆက်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထား

ပေကျင်း ဧပြီ ၂

မြန်မာနိုင်ငံ မြောက်ပိုင်းမှ တူးဖော်ရရှိသည့် သက်တမ်းနှစ် ၉၉ သန်းရှိပယင်းကျောက်အတွင်း ဒိုင်နိုဆောခေတ် အင်းဆက်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဧပြီ ၁ ရက် သတင်းများအရ သိရသည်။

ယနေ့ခေတ် နကျယ်ကောင်နှင့် အလားတူသော အဆိုပါ အင်းဆက်များကို Sirenobethylus Charybdis ဟူ၍ တရုတ်သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာ သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

Sirenobethylus Charybdis များသည် ၎င်း၏ဝမ်းဗိုက်ပိုင်းကို နတ်သမီးထောင်ချောက်ပန်းများ သဖွယ် အသုံးပြု၍ သားကောင်ကို ဖမ်းဆီးနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Sirenobethylus Charybdis များသည် ခရီတေးစီးယပ်စ် ဘူမိခေတ်တွင် ဒိုင်နိုဆောသတ္တဝါများနှင့်အတူ ရှင်သန်ကျက်စားခဲ့ကြသော သက်ရှိများဖြစ်ကြောင်း သိရသည်။

Sirenobethylus Charybdis အင်းဆက်များ မည်သည့်အချိန်တွင် မျိုးသုဉ်းပျောက်ကွယ်ခဲ့ရသည်ကိုဖော်ထုတ်ရန် သိပ္ပံပညာရှင်များက ကြိုးပမ်းနေရဆဲဖြစ်ကြောင်း သိရသည်။

တရုတ် သိပ္ပံပညာရှင်များ ဦးဆောင်သည့် သိပ္ပံပညာရှင်များသည် မြန်မာ့ပယင်းကျောက်အတွင်း Sirenobethylus Charybdis အင်းဆက် ၁၂ ကောင်ထိ တွေ့ရှိခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## တစ်ညအိပ်စက်ချိန် ငါးနာရီအောက်သာရှိသည့် သက်ကြီးပိုင်းများ Dementia ဖြစ်နိုင်ခြေမြင့်မား

နယူးယောက် ဧပြီ ၂

တစ်ညအိပ်စက်ချိန် ငါးနာရီအောက်သာရှိသော အသက် ၅၀၊ ၆၀ နှင့် ၇၀ အရွယ် သက်ကြီးပိုင်းများ၌ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia)ဖြစ်နိုင်ခြေ မြင့်မားကြောင်း ဧပြီ ၁ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဟားဗတ်ဆေးကျောင်းမှ သုတေသနပညာရှင်များသည် အသက် ၆၅ နှစ်အထက် သက်ကြီးပိုင်း ရာပေါင်းများစွာကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ တစ်ည အိပ်စက်ချိန် ငါးနာရီအောက်သာရှိသော သက်ကြီးပိုင်းများ၌ Dementia ဖြစ်နိုင်ခြေ ပုံမှန်ထက် ၃၀ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း သိရသည်။

ထို့ပြင် တစ်ညအိပ်စက်ချိန် ငါးနာရီအောက်သာရှိသည့် သက်ကြီးပိုင်းများသည် တစ်ညအိပ်စက်ချိန် ခြောက်နာရီနှင့်ရှစ်နာရီကြားရှိသည့် သက်တူရွယ်တူများနှင့် နှိုင်းယှဉ်ပါက Dementia ရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေ နှစ်ဆခန့်ပိုမြင့်မားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် သက်ကြီးပိုင်းများ အနေဖြင့် တစ်ညအိပ်စက်ချိန် ကိုးနာရီအထက် ရှိပါကလည်း Dementia ဖြစ်နိုင်ခြေ မြင့်မားလာတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အိပ်စက်မှုပုံစံ ဖောက်ပြန်မှုများသည် Dementia ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာမှုနှင့်ဆက်စပ်နေကြောင်း ဆေးပညာရှင်များက နားလည်ထားခဲ့ကြပြီးဖြစ်သည်။

Ref : Russia Today

Trs : KKO

## အစားအစာများ၌ ဒိန်ချဉ်ထည့်သွင်းစားသုံးပါက အူမကြီးကင်ဆာဖြစ်နိုင်ခြေ လျှော့ချနိုင်

လန်ဒန် ဧပြီ ၂

နေ့စဉ်စားသုံးသော အစားအစာများထဲတွင် ဒိန်ချဉ်ကို ထည့်သွင်းစားသုံးပါက အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဧပြီ ၁ ရက် သတင်းများအရ သိရသည်။

ကင်ဆာဆဲလ် တိုက်ဖျက်ရေး ဗက်တီးရီးယားများ သဘာဝအလျောက်ပါဝင်သော ဒိန်ချဉ်ကို နေ့စဉ်အစားအစာများ၌ ထည့်သွင်းစားသုံးခြင်းဖြင့် အူမကြီးကင်ဆာဖြစ်နိုင်ခြေကို ၂၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

လေ့လာမှုများမှပေါ်ထွက်လာသောရလဒ်များအရ ဒိန်ချဉ်ကို ပုံမှန်စားသုံးခြင်းဖြင့် အူမကြီးကင်ဆာရောဂါ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည့် အကျိုးကျေးဇူးရှိနေနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

သကြားနှင့်ဓာတုဆေးဝါးများ မပါသည့် ဒိန်ချဉ်များမှာ အူမကြီးကင်ဆာရောဂါ ဖြစ်နိုင်ခြေကို လျှော့ချရာတွင် အခြားဒိန်ချဉ် ပုံစံများထက် ပိုထိရောက်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

လွန်ခဲ့သောလက ထုတ်ပြန်ခဲ့သော သုတေသနစစ်တမ်းတစ်ခုတွင်လည်း ဒိန်ချဉ်ကို သီတင်းတစ်ပတ်လျှင် အနည်းဆုံးနှစ်ကြိမ်စားသုံးပါက အူမကြီးကင်ဆာဖြစ်နိုင်ခြေကို ၂၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း တင်ပြထားသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ပြိုင်ပွဲများအားလုံးကို အကန့်အသတ်မရှိ ယာယီရပ်ဆိုင်း

ရန်ကုန် ဧပြီ ၂

မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် မြေငလျင်ဘေးကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ပြိုင်ပွဲများအားလုံးနှင့် အားကစား လှုပ်ရှားမှုများကို အကန့်အသတ်မရှိ ယာယီရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

လက်ရှိ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့် မြေငလျင်ဘေးကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ၊ မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ၊ သက်တမ်းအလိုက်လိဂ်ပြိုင်ပွဲများ၊ နွေရာသီ အခြေခံဘောလုံးသင်တန်းများအပါအဝင် အခြားအားကစားလှုပ်ရှားမှုများအားလုံးကို အကန့်အသတ်မရှိ ယာယီရပ်ဆိုင်းသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က နိုင်ငံအတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လုပ်ဆောင်ရမည် ဖြစ်သည့်အတွက် ပြိုင်ပွဲများအားလုံးကို အကန့်သတ်မရှိ ယာယီရပ်ဆိုင်းမည်ဖြစ်ပြီး ပြိုင်ပွဲများပြန်လည်ကျင်းပမည့်ကာလနှင့် လူငယ်သင်တန်းများ ပြန်လည်ဖွင့်လှစ်မည့်ကာလတို့ကို ပြန်လည်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# Charleston Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဆက်ကာရီ တက်ရောက်

ချားလ်စ်တမ် ဧပြီ ၂

အမေရိကန်နိုင်ငံ တောင်ကယ်ရိုလိုင်းနား ပြည်နယ် ချားလ်စ်တမ်မြို့တွင် ကျင်းပနေသည့် Charleston Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဂရိတင်းနစ်မယ် ဆက်ကာရီနှင့် ကနေဒါတင်းနစ်မယ် စတာကူဆစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆက်ကာရီက (၆-၃၊ ၆-၂) ရလဒ်ဖြင့်အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆက်ကာရီသည် ၂၀၂၄ ခုနှစ် တင်းနစ်ရာသီကုန်ခါနီးအချိန်တွင် ပခုံးဒဏ်ရာခွဲစိတ်ကုသမှု ခံယူခဲ့ရပြီးနောက် ကာလရှည်အနားယူနေရသူဖြစ်သည့်အတွက် စတာကူဆစ်နှင့်ပွဲစဉ်တွင် ပုံမှန်အတိုင်း ကစားနိုင်ရန် အခက်အခဲများရှိခဲ့သလို စွမ်းဆောင်ရည်ပိုင်းတည်ငြိမ်မှုအားနည်းခဲ့သော်လည်း နောက်မှလိုက်ကစားပြီးမှ ပြတ်သားသည့် ရလဒ်များဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဆက်ကာရီက "ပထမပွဲငယ်မှာ နောက်ကနေ လိုက်ကစားခဲ့ရပေမဲ့ ပုံစံကောင်းပြန်လည်ရရှိပြီးတော့ အနိုင်ရလဒ်ကိုစွမ်းဆောင်နိုင်ခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ စတာကူဆစ်က ရိုက်ချက်တွေအားကောင်းတဲ့ ကစားသမားမျိုးဖြစ်ပါတယ်။ ဒီလိုကစားသမားမျိုးနဲ့ ယှဉ်ပြိုင်ကစားရတာ တော်တော်လေးကို ခက်ခဲပါတယ်။ စတာကူဆစ်ဟာ ငယ်ရွယ်သူဖြစ်သလို အနာဂတ်ကြယ်ပွင့်လည်းဖြစ်တဲ့အတွက် ပြိုင်ဘက်တိုင်းကို အခက်တွေ့စေမဲ့ ကစားသမားမျိုးပါ။ ကျွန်မအနေနဲ့ Charleston Open တင်းနစ်ပြိုင်ပွဲမှာ ကြာနိုင်သမျှကြာအောင် ယှဉ်ပြိုင်ခွင့် ရချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဆက်ကာရီသည် ဒုတိယအဆင့်တွင် တရုတ်တင်းနစ်မယ် ကျန်ကွင်းဝမ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

## အားကစားသတင်းအတိုအထွာများ

- ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ် ပထမအကျော့တွင် ဘိုလော့နာအသင်းက အမ်ပိုလီအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် ဗိုလ်လုပွဲသို့တက်ရောက်ရန် နီးစပ်နေပြီး ၁၉၇၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲတက်ရောက်နိုင်ဖွယ်ရှိကြောင်း သိရသည်။
- ပြင်သစ်ကိုပါဖလား ဆီမီးဖိုင်နယ်အဆင့်တွင် ပီအက်စ်ဂျီအသင်းက ဒမ်ဘီလီ၊ မာကွင်ဟိုနှင့် ဒိုဟီတို့၏ သွင်းဂိုးများဖြင့် ဒန်ကာကွီအသင်းကို လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့တက်ရောက်ခဲ့ကြောင်း သိရသည်။

ML

# ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင် ရီးရဲလ်မက်ဒရစ်အသင်း ဗိုလ်လုပွဲ တက်ရောက်




မက်ဒရစ် ဧပြီ ၂

စပိန်ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ် ဒုတိယအကျော့တွင် ရီးရဲလ်မက်ဒရစ်အသင်းက ဆိုစီဒက်အသင်းကို အချိန်ပိုသွင်းဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် ဆိုစီဒက်အသင်းနှင့် ပထမအကျော့ပွဲစဉ်တွင် အဝေးကွင်း၌ တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယအကျော့ အိမ်ကွင်းပွဲစဉ်တွင် လေးဂိုး သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် နှစ်ကျော့ပေါင်းရလဒ်တူညီနေသဖြင့် အချိန်ပိုဆက်လက်ကစားခဲ့ရပြီး အချိန်ပိုတွင် ရီးရဲလ်မက်ဒရစ်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး လေးဂိုးဖြင့် ဗိုလ်လုပွဲသို့တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ယခုပွဲစဉ်သည် နှစ်သင်းစလုံး အကြိတ်အနယ်ရှိခဲ့ပြီး ပွဲကစားချိန် ၁၆ မိနစ်တွင် ဆိုစီဒက်အသင်း ဦးဆောင်ဂိုးရရှိခဲ့သဖြင့် ရီးရဲလ်မက်ဒရစ်အသင်း ကစားပုံမြှင့်တင်ခဲ့ရာ ပွဲချိန် မိနစ် ၂၀ တွင် အန်းဒရစ်က ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး ဒုတိယပိုင်းအရောက်တွင် ရီးရဲလ်မက်ဒရစ်အသင်း ဆက်တိုက်ဖိအားပေးခဲ့မှုကြောင့် ဆိုစီဒက်အသင်း အခက်တွေ့ခဲ့ရသော်လည်း ပွဲချိန် ၇၂ မိနစ်တွင် ဦးဆောင်ဂိုး၊ ပွဲချိန်မိနစ် ၈၀ တွင် အိုရာဇာဘယ်က တတိယဂိုး သွင်းယူနိုင်ခဲ့သဖြင့် ရီးရဲလ်မက်ဒရစ်အသင်း ချေပဂိုးရရှိရန် တိုက်စစ်မြှင့်တင်ခဲ့ရာ ပွဲချိန် ၈၂ မိနစ်နှင့် ၈၆ မိနစ်တွင် ချေပဂိုးများရရှိခဲ့သဖြင့် သုံးဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ပြီး ဆိုစီဒက်အသင်း အစွမ်းကုန်ကြိုးစားမှုကြောင့် ပွဲချိန် မိနစ် ၉၀ ကျော်တွင် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် လေးဂိုး သုံးဂိုးဖြင့် ပွဲပြီးဆုံးခဲ့သည်။

ထို့နောက် နှစ်ကျော့ပေါင်း ရလဒ် တူညီနေသဖြင့် အချိန်ပိုဆက်လက်ကစားခဲ့ရပြီး ပွဲကစားချိန် ၁၁၅ မိနစ်တွင် ရီးရဲလ်မက်ဒရစ်အသင်း ခံစစ်ကစားသမား ရူဒီဂါက အနိုင်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ငါးဂိုး လေးဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ဗြိတိန်ပြေးခုန်ပစ်မယ် ကက်သရီနာကို ချားလ်ဘုရင်က MBE ဘွဲ့ချီးမြှင့်



လန်ဒန် ဧပြီ ၂

ဗြိတိန် တော်ဝင်မိသားစုက ဧပြီလ ၁ ရက်တွင် ကဏ္ဍအလိုက်မှ ထူးချွန်သူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ရာ ပြေးခုန်ပစ် အားကစားလောကမှ ဗြိတိန်ကိုယ်စားပြုကာ အောင်မြင်မှုများစွာ ရယူပေးထားသော ပြေးခုန်ပစ်မယ် ကက်သရီနာအား ချားလ်ဘုရင်က Member of the Order of the British Empire (MBE)ဘွဲ့ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကက်သရီနာသည် ပြေးခုန်ပစ် အားကစား လောကတွင်လည်း အထင်ကရ အားကစားမယ်တစ်ဦးဖြစ်သကဲ့သို့ ပုဂ္ဂိုလ်ရေးအရလည်း စံပြုထားသင့်သည့် အမျိုးသမီးအဖြစ် အသိအမှတ်ပြုခံထားရသူဖြစ်သည်။

ကက်သရီနာက "ချားလ်ဘုရင်ကြီးနဲ့ ဆွေးနွေးခဲ့တာကတော့ အားကစားသမား တစ်ယောက်အနေနဲ့ မိမိခန္ဓာကိုယ်တစ်ခုလုံးကို အားကစားလောကမှာပဲ ဘယ်လောက်ထိ ပေးဆပ်မြှုပ်နှံထားတဲ့အကြောင်းပါပဲ။ သူကတော့ ကျွန်မအနေနဲ့ သိပ်တော်တဲ့ physiotherapist တစ်ဦး လိုအပ်တယ်လို့တော့ အကြံပြုခဲ့ပါတယ်။ ဆုပေးတာတွေက အများကြီးဆိုတော့ ဆုပေးပွဲမှာတော်တော်ကြာခဲ့တယ်။ ဘုရင်ကြီးကိုကြည့်ရတာ ကျန်းမာရေးကော စိတ်ခါတ်ပိုင်းကော တော်တော်လေးကို ကြံ့ခိုင်သေးတဲ့အခြေအနေမျိုးတွေ့ရတယ်။ သူ့ကို အခုလို ကျန်းကျန်းမာမာနဲ့မြင်တွေ့ခွင့်ရတာ ဝမ်းသာပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ပိုကယ်ဖလားပြိုင်ပွဲတွင် ဘီလီဖီးကိုရှုံးနိမ့်ခဲ့သဖြင့် လေဗာကူဆင်အသင်း ပြိုင်ပွဲမှထွက်ခွာခဲ့ရ

ဘာလင် ဧပြီ ၂

ဂျာမန်ပိုကယ်ဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဘီလီဖီးအသင်းနှင့် လေဗာကူဆင်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဘီလီဖီးအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် လေဗာကူဆင်အသင်း ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။



လေဗာကူဆင် အသင်းသည် ယခုနှစ် အမှတ်ပေးပြိုင်ပွဲတွင် ရှုံးပွဲမရှိခဲ့သော်လည်း ယခုပွဲစဉ်တွင် တတိယတန်းကလပ် ဘီလီဖီးအသင်းနှင့် တွေ့ဆုံခဲ့ရာ ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးရရှိခဲ့ပြီး ဖိအားပေးနိုင်ခဲ့သဖြင့် ပွဲချိန် ၁၇ မိနစ်တွင် ခံစစ်ကစားသမား ဂျိုနသန်တက်ဟ်၏ သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီးနောက် ပွဲချိန် မိနစ် ၂၀ တွင် ဘီလီဖီးအသင်း တန်ပြန်တိုက်စစ်မှ ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည့်အပြင် ဆက်တိုက် တိုက်စစ်ဆင်မှုများ ပြုလုပ်နိုင်ခဲ့သောကြောင့် နာကျင်အချိန်ပို ၄၅ မိနစ်ကျော်တွင် ဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သည်။

လေဗာကူဆင်အသင်း အနေဖြင့် ချေပဂိုးရရှိရေးအတွက် လူစားလဲမှုများပြုလုပ်ကာ တိုက်စစ်မြှင့်တင်ခဲ့သော်လည်း ဘီလီဖီးအသင်း ခံစစ်ကစားပုံ ကောင်းမွန်မှုနှင့် ကစားပုံ မာကျောခဲ့မှုတို့ကြောင့် လေဗာကူဆင်အသင်း ချေပဂိုးသွင်းယူနိုင်ခြင်းမရှိတော့ဘဲ ပထမပိုင်းရလဒ်ဖြစ်သည့် သွင်းဂိုး နှစ်ဂိုး တစ်ဂိုးဖြင့် ဘီလီဖီးအသင်းက အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့တက်ရောက်ခဲ့သည်။

ဘီလီဖီးအသင်းသည် ဗိုလ်လုပွဲစဉ်တွင် စတုဂတ်အသင်းနှင့် လိုက်ပ်ဇစ်အသင်းတို့မှ အနိုင်ရသည့်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဗိုလ်လုပွဲစဉ်ကို လာမည့် မေ ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျပန်မြေပြင်ကာကွယ်ရေးတပ်ဖွဲ့က အမှတ်(၈) မြေပြင်မှရေပြင်ပစ်ဒုံးကျည်တပ်ရင်းကို ဖွဲ့စည်းနိုင်ခဲ့



ဂျပန်မြေပြင်ကာကွယ်ရေးတပ်ဖွဲ့ (JGSDF)သည် အမှတ်(၈) မြေပြင်မှ ရေပြင်ပစ် ဒုံးကျည်တပ်ရင်းကို ကျူရှူး ကျွန်း Oita စီရင်စုရှိ Yufuin မြို့တွင် တရားဝင်ဖွဲ့စည်းနိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက မတ် ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမှတ်(၂)အမြောက်တပ်မဟာ လက်အောက်ရှိ တပ်ဖွဲ့ဝင်အင်အား ၃၀၀ ခန့်ဖြင့်ဖွဲ့စည်းထားသည့် အဆိုပါတပ်ရင်းသည် Type 88 နှင့် Type 12 မြေပြင်မှ ရေပြင်ပစ် သင်္ဘောဖျက်ဒုံးကျည်စနစ်နှစ်မျိုးစလုံးကို တပ်ဖြန့်အသုံးပြုထားသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တပ်ရင်းကြီးခုနစ်ရင်း ဖွဲ့စည်းတည်ထောင်ရန် ကာကွယ်ရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

Yufuin မြို့တွင် လက်ရှိတပ်စွဲထားမှုသည် ဂျပန်နိုင်ငံအနောက်တောင်ပိုင်းဒေသတွင် တာဝေးပစ်တိုက်ခိုက်မှုစွမ်းရည်ကိုတိုးမြှင့်ရန် ကြိုးပမ်းအားထုတ်လာခြင်းလည်းဖြစ်သည်။ ယခုအခါ ဂျပန်နိုင်ငံ အနောက်ပိုင်းတပ်စုသည် ကျူရှူးနှင့် အိုကီနာဝါတစ်ခွင်တွင် အမှတ်(၅)၊ အမှတ်(၇)၊ အမှတ်(၈) ဒုံးကျည်တပ်ရင်း သုံးခု တပ်စွဲထားသည်။ အမှတ်(၇) တပ်ရင်းကို ၂၀၀၃ ခုနှစ် မတ်လတွင် စတင်အသက်သွင်းနိုင်ခဲ့ပြီး အိုကီနာဝါကျွန်း၊ Miyakojima၊ Ishigaki၊ Amami Oshima မြို့တို့တွင် Type 1212SSM ဒုံးကျည်စနစ်များ တပ်ဆင်ထားသည်။ ဤတပ်ဖြန့်မှုသည် ကျွန်းစုများကြားရှိ ပင်လယ်ရေကြောင်းလုပ်ဆောင်ချက်များအပေါ်လွှမ်းခြုံကာကွယ်ပေးရန်၊ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ရေတပ်မှ အရှေ့တရုတ်ပင်လယ်နှင့် အနောက်ပစိဖိတ်ဒေသရှိ ရေတပ်လှုပ်ရှားမှုကို တုံ့ပြန်ရန်အတွက် ရည်ရွယ်ထားခြင်းဖြစ်သည်။

အဆင့်မြှင့်တင်ထားသော Type 12 12SSM ဒုံးကျည်စနစ်ကို ဂျပန်နိုင်ငံ၏ တန်ပြန်တိုက်ခိုက်နိုင်မှုမူဝါဒအောက်တွင် ဖွဲ့စည်းပေးထားသည်။ ကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ တာဝေးပစ်ဒုံးကျည်များကို ဂျပန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉ အရ ဂျပန်နိုင်ငံ၏ ရှင်သန်ရပ်တည်မှုအပေါ် ခြိမ်းခြောက်လာနိုင်သည့် လက်နက်ကိုင်တိုက်ခိုက်မှုကို တုံ့ပြန်ရန်အတွက် အနည်းဆုံးပမာဏဖြင့် မိမိကိုယ်ကို ခုခံကာကွယ်မှုအဖြစ် အသုံးပြုခွင့် ပြုပေးထားကြောင်း သိရသည်။

အဆိုပါ တာဝေးပစ်ဒုံးကျည်များ အသုံးပြုမှုကို သီးခြားအခြေအနေ သုံးခုအောက်တွင်သာ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ တိုက်ခိုက်ခံရသည့်အခြေအနေ၊ အခြားရွေးချယ်ရန်နည်းလမ်းမရှိသည့်အခြေအနေနှင့် ဒုံးကျည်အရေအတွက် အနည်းဆုံးအခြေအနေတို့ဖြစ်သည်။ ယခုအခါ ဂျပန်နိုင်ငံ၏ အကြီးမားဆုံးတာဝေးပစ်တိုက်စွမ်းအား ပိုင်ဆိုင်ထားသော အမှတ်(၂)အမြောက်တပ်မဟာလက်အောက်ခံ Yufuin မြို့ရှိ တပ်ရင်းသည် လက်ရှိတွင် Type 19 ဟောင်ဝစ်ဇာယာဉ်တင်အမြောက်သစ်များပါ လက်ခံရရှိထားသည်။

တပ်သစ်ဖွဲ့စည်းမှု အခမ်းအနားအတွင်း မိုဘိုင်းလောင်ချာကိုးခု ပါဝင်သည်။ တိုက်ပွဲဝင်အသင့်ဖြစ်မှုနှင့် တပ်ရင်း၊ တပ်ဖွဲ့များ လေ့ကျင့်သင်တန်းပေးရေးများအတွက် အသုံးပြုနေရသည့် Hijudai စက်ပစ်ကွင်းအနီးတွင် တည်ရှိသော တပ်ရင်းလည်းဖြစ်ကာ ၎င်းအနီးအနားတွင် ခဲယမ်း၊ အမြောက်နှင့်ဒုံးကျည်သိုလှောင်ရေး အဆောက်အအုံကိုလည်း တည်ဆောက်နေပြီး တာဝေးပစ်ဒုံးကျည်များသိုလှောင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

**Japan completes Type 12 surface-to-ship missile deployment to protect strategic straits against Chinese naval expansion.** ကို ဘာသာပြန်ဆိုထားပါသည်။

## ယူကရိန်းက ဆန်းသစ်သောယာဉ်တင်လေကြောင်းကာကွယ်ရေးစနစ်ကို ထုတ်ဖော်ပြသ

ယူကရိန်းသည် ရုရှားတပ်ဖွဲ့များ၏ လေကြောင်းထိုးစစ်ဆင်မှုများကို တုံ့ပြန်သည့်အနေဖြင့် အရေးကြီးသောကာကွယ်ရေးလိုအပ်ချက်များကို ဖြေရှင်းရန်အတွက် လက်ရှိ စစ်ဘက်ပိုင်ဆိုင်မှုများကို ပြန်လည်အသုံးချနိုင်သည့် ဆန်းသစ်သော ယာဉ်တင်လေကြောင်းကာကွယ်ရေးစနစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက မတ် ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤစနစ်သည် ဆိုဗီယက်ခေတ်ထုတ် R-73 ဝေဟင်မှ ဝေဟင်ပစ် ဒုံးကျည်များကို အမေရိကန်ပံ့ပိုးပေးထားသော HMMWV (High Mobility Multipurpose Wheeled Vehicle) ယာဉ်များနှင့် ပေါင်းစပ်ကာ မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများနှင့်ဒုံးကျည်များကဲ့သို့သော လေကြောင်းခြိမ်းခြောက်မှုများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်စေသည်။

NATO အခေါ်အဝေါ် AA-11 Archer ဟုသိထားသည့် R-73 ဒုံးကျည်သည် တာတိုပစ် အနီအောက်ရောင်ခြည်ပဲ့ထိန်းဒုံးကျည်ဖြစ်ပြီး ဝေဟင်မှ ဝေဟင်ပစ်တိုက်ခိုက်ရေးအတွက် မူလက ဒီဇိုင်းထုတ်ထားသည့် တာတိုပစ်ဒုံးကျည်ဖြစ်သည်။ ၂၀ ရာစုနှောင်းပိုင်းတွင် တီထွင်ထုတ်လုပ်ခဲ့ပြီး MiG-29 နှင့် Su-27 တိုက်လေယာဉ်များအပါအဝင် ဆိုဗီယက်နှင့် ရုရှားတိုက်လေယာဉ်အမျိုးမျိုးအတွက် အဓိကစနစ်တစ်ခုဖြစ်ခဲ့သည်။

ဒုံးကျည်သည် အလျား ၂ ဒသမ ၉ မီတာခန့်ရှိပြီး အချင်း မီလီမီတာ ၁၇၀ နှင့် တောင်ပံ မီလီမီတာ ၅၁၀ ရှိသည်။ အလေးချိန် ၁၀၅ ကီလိုဂရမ်ခန့်ရှိပြီး အမြန်နှုန်း Mach 2.5 ထိ ရောက်ရှိပျံသန်းနိုင်သည်။ ၎င်း၏ စစ်ဆင်ရေးအကွာအဝေးသည် ကီလိုမီတာ ၃၀ ထိ ရှည်လျားပြီး ၇ ဒသမ ၄ ကီလိုဂရမ်အလေးချိန်ရှိသော ပေါက်ကွဲအားပြင်း Fragmentation Warhead ထိပ်ဖူးကို တပ်ဆင်အသုံးပြုထားသည်။ R-73 သည် ဒုံးကျည်၏ဗဟိုမှ မြင်ထောင့် ၄၀ ဒီဂရီအတွင်းပစ်မှတ်များကို ထောက်လှမ်းနိုင်သော အာရုံခံကိရိယာတပ်ဆင်ထားပြီး အနီအောက်ရောင်ခြည်သုံး အာရုံခံစနစ်ဖြင့် လမ်းညွှန်ထိန်းကျောင်းနိုင်မည်ဖြစ်သည်။

၎င်း၏ Thrust-vectoring control စနစ်သည် ရွေ့လျားစစ်ကစားနိုင်စွမ်းကို သိသာထင်ရှားစွာ မြှင့်တင်ပေးနိုင်မည်ဖြစ်ကာ လေကြောင်းပစ်မှတ်များအပေါ် လျင်မြန်တိကျစွာ တုံ့ပြန်တိုက်ခိုက်နိုင်သည်။ ထို့ပြင် ၎င်း၏ အနီအောက်ရောင်ခြည်လမ်းညွှန်ထိန်းကျောင်းမှုစနစ်သည် ရန်သူ့ရေဒါ၏ ထောက်လှမ်းခံရနိုင်ခြေကို လျှော့ချပေးနိုင်ကာ လွတ်လွတ်ကျွတ်ကျွတ်တိုက်ပွဲဝင်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

R-73 ဒုံးကျည်ကို ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်မှ မြေပြင်မှဝေဟင်ပစ်ဒုံးကျည်အဖြစ် အသွင်ပြောင်းရာတွင် နည်းပညာပိုင်းဆိုင်ရာ ပြုပြင်မွမ်းမံမှုအများအပြားပါဝင်သည်။ HMMWV ယာဉ်များပေါ်တွင် ဒုံးပစ်လောင်ချာများ တပ်ဆင်ခြင်းသည် မြင့်မားသောရွေ့လျားနိုင်မှုကို ပေးစွမ်းနိုင်ပြီးပြောင်းလဲလာသောခြိမ်းခြောက်မှုများကို တုံ့ပြန်ရာတွင် လျင်မြန်စွာတိုက်ပွဲဝင်ဖြန့်ကြက်နိုင်မည်ဖြစ်သည်။



ဤရွေ့လျားလေကြောင်းရန်ကာကွယ်ရေးစနစ် ဖြန့်ကြက်အသုံးပြုလာနိုင်ခြင်းသည် မဟာဗျူဟာမြောက် အားသာချက်များစွာကို ပိုင်ဆိုင်ထားနိုင်စေသည်။ ၎င်းသည် ကုန်ကျစရိတ်သက်သာပြီး ရှိနှင့်ပြီးသား ဒုံးကျည်များနှင့် ယာဉ်ပလက်ဖောင်းများကိုအသုံးချကာ စနစ်အသစ်များတီထွင်အသုံးပြုနိုင်သည့်အတွက် အစအဆုံး အသစ်စက်စက်တီထွင်ထုတ်လုပ်မှုနှင့်ယှဉ်လျှင် ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးကို များစွာလျှော့နည်းစေသည်။

HMMWV ယာဉ်တင်ထားသည့်အတွက် ရွေ့လျားစစ်ကစားနိုင်စွမ်း မြင့်မားကောင်းမွန်ပြီး အရေးကြီးအခြေခံအဆောက်အအုံများကို ကာကွယ်ရန်နှင့် ခြိမ်းခြောက်မှုမျိုးစုံကိုတုံ့ပြန်ရန် အမြန်နေရာချထားတုံ့ပြန်နိုင်စေမည်။ ဆိုဗီယက်ခေတ်ထုတ် Osa ကဲ့သို့သော လက်ကျန်စနစ်ဟောင်းများအပါအဝင် ယူကရိန်း၏ လက်ရှိလေကြောင်းကာကွယ်ရေး ပိုင်ဆိုင်မှုများကို အားဖြည့်ပေးနိုင်ခြင်းဖြင့် ဤဆန်းသစ်တီထွင်မှုသည် ကာကွယ်ရေးကွန်ရက်၏ အလုံးစုံလွှမ်းခြုံမှုနှင့် ခံနိုင်ရည်အားကို တိုးမြှင့်စေလိမ့်မည်ဖြစ်ကြောင်း သိရသည်။

**Ukraine Reinforces Air Defense Network with Converted R-73 Air-to-Air Missiles on US HUMVEE Vehicle.** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# မြေဆီလွှာနှင့် မြေသြဇာ (အပိုင်း - ၃၂)

**ပါမောက္ခကိုကိုအောင်**




မြေသြဇာကို အသုံးပြုကြရာတွင် မြေဆီလွှာအမျိုးအစားနှင့် စိုက်ပျိုးမည့်သီးနှံပင်တို့၏အမျိုးအစားတို့ကို သတိပြုကြရန် လိုအပ်သည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် ဓာတ်မြေသြဇာကို ဝယ်ယူသည့်အခါ အထက်ဖော်ပြပါအချက်နှစ်ချက်သည် မြေသြဇာကို ရွေးချယ်ဝယ်ယူရာတွင် အဓိကဗဟိုပြုရမည့်အချက်များပင်ဖြစ်သည်။ အကြောင်းကမူ သဲများသည့် မြေဆီလွှာနှင့်ရွှံ့များသည့် မြေဆီလွှာနှစ်မျိုးတည်း၌ပင် လိုအပ်သည့်ဓာတ်မြေသြဇာက တစ်မျိုးစီကွဲပြားနေခြင်းကြောင့်ဖြစ်သည်။

ဓာတ်မြေသြဇာ၏ အစွမ်းက စိုက်ပျိုးမြေဆီလွှာတွင် ချို့တဲ့နေသည့်ပစ္စည်းတို့ကို ဖြည့်စွက်ပေးရခြင်းဖြစ်သည့်အားလျော်စွာ မြေဆီလွှာ၊ မြေသြဇာနှင့် စိုက်ပျိုးသီးနှံသုံးမျိုးသုံးရပ်တို့အတွက် ညီညွတ်မျှတအောင် ပြုပြင်ပေးရမည့်ကိစ္စမှာ အလွန်ပင် နက်နဲရှုပ်ထွေးလှသော လုပ်ငန်းဖြစ်နေသည်ကို မမေ့အပ်ကြပေ။ မြေဆီလွှာ၊ မြေသြဇာနှင့် စိုက်ပျိုးသီးနှံသုံးခုတို့အတွက် ဖြည့်ဆည်းပေးရမည့် ဒြပ်စင်တို့၏ အမျိုးအစားကလည်း ပုံသေနည်းဟူ၍ မရှိနိုင်ပေ။

စိုက်ပျိုးမြေတစ်ဧကအတွက် ဓာတ်မြေသြဇာပမာဏ မည်၍မည်မျှ ချပေးရမည်ဆိုသော အချက်ကလည်း အထက်ဖော်ပြပါလုပ်ငန်းစဉ်ကို ပို၍ရှုပ်ထွေးလာစေသည်။ ဓာတ်မြေသြဇာကို အလွန်အကျွံ ချပေးမိမည်ဆိုပါက ပိုလျှံနေသော အဖိုးတန်အပင်စာများကို ဖြုန်းတီးရာရောက်လိမ့်မည်ဖြစ်သည်။ ထိုကဲ့သို့ ပိုပိုလျှံလျှံ ထည့်ပေးသည့်တိုင် ပိုမိုထွက်ရှိလာမည့် အသီးအနှံတို့၏ တန်ဖိုးကလည်း သုံးစွဲခဲ့ရသော မြေသြဇာအတွက် စရိတ်စကကို ကာမိနိုင်မည် မဟုတ်ပေ။

အကယ်၍ ဓာတ်မြေသြဇာချထားဖြည့်စွက်ပေးမှုက နည်းလွန်းနေလျှင်လည်း ကောက်ပဲသီးနှံထွက်ရှိမှုအပေါ် အကျိုးခံစားခွင့်က ရှိသင့်သလောက် ရှိလာလိမ့်မည် မဟုတ်ပေ။ ကမ္ဘာပေါ်ရှိစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားသော ထိပ်တန်းနိုင်ငံကြီးများ၌ပင်လျှင် စိုက်ပျိုးရေးလုပ်ငန်းအတွက် ၎င်းတို့အသုံးပြုခဲ့ကြသည့် ဓာတ်မြေသြဇာပမာဏ၏ ထက်ဝက်ခန့်မှာ အလဟဿဖြစ်ခဲ့ကြရသည်။

ထိုကဲ့သို့ဖြစ်ရခြင်းမှာ မြေဆီလွှာ၊ မြေသြဇာနှင့် သီးနှံပင်တို့ ညီညွတ်မျှတစွာဖြင့် သဟဇာတဖြစ်နေအောင် မစွမ်းဆောင်နိုင်ခဲ့ကြသောကြောင့်ပင် ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းနိုင်ငံကြီးများတွင် ဓာတ်မြေသြဇာများကို အတိုင်းအဆမရှိဘဲ ဖောဖောသီသီ သုံးစွဲခဲ့ကြခြင်းကြောင့် ငွေကုန်သလောက် အကျိုးကျေးဇူး မခံစားခဲ့ကြရခြင်းဖြစ်သည်။

အများစုသော စိုက်ပျိုးရေးသမားများ တောင်သူလယ်သမားတို့က ကောက်ပဲသီးနှံများ အကြီးအကျယ် ဖြစ်ထွန်းအောင်မြင်စေရန်အတွက် ဓာတ်မြေသြဇာကို များပြားစွာချထားပေးဖို့ လိုအပ်သည်ဟုသာ ထင်မြင်ယူဆလေ့ရှိကြသည်။ ထိုကဲ့သို့ ယူဆခြင်းများက လွဲမှားနေသည်ကို အထက်ဖော်ပြပါ စိုက်ပျိုးရေးနိုင်ငံကြီးများ၏ ဖြစ်ရပ်များစွာတို့က သက်သေခံလျက်ရှိနေသည်။

အပင်၏ကြီးထွားမှုက အပင်များက စုပ်ယူစားသုံးမည့် အပင်စာဒြပ်စင်များပေါ်၌သာ မူတည်၍ မနေဘဲ မြေဆီလွှာတွင်ပါရှိသည့် အစာများ၊အော်ဂဲနစ်ဒြပ်များ၊ ရုပ်ပိုင်းအခြေအနေများ၊ ဓာတ်ပိုင်းအခြေအနေများ၊ ဇီဝပိုင်းဆိုင်ရာအခြေအနေများ၊ ထုံး၏ပမာဏ၊ ရေပိုများထုတ်ပစ်ခြင်းနှင့် ရေမြှေးတို့၏ပမာဏ စသည့်အချက်များပေါ်တွင် လုံးဝဥဿုံ တည်မှီနေသည်။ အလားတူပင် သီးနှံမျိုးစေ့ ရာသီဥတုအခြေအနေ စိုက်ပျိုးရာသီနှင့်အပင်တို့၌ ကျရောက်တတ်သော ရောဂါများကလည်း သီးနှံပင်တို့ ကြီးထွားဖွံ့ဖြိုးမှုနှင့် ဆက်စပ်လျက်ရှိနေကြသည်။

ထို့ကြောင့်ပင်လျှင် ဓာတ်မြေသြဇာကို ငွေကုန်ကြေးကျခံပြီး သုံးစွဲကြရာ၌ စစ်မှန်သော အကျိုးကျေးဇူးကိုရရှိလိုပါက အထက်ဖော်ပြပါ အခြေအနေအရပ်ရပ်တို့အပေါ်မူတည်ပြီး မှန်ကန်စွာ သုံးသပ်နိုင်ရန် အရေးကြီးလှသည်။ မွေးမြူရေးလုပ်ငန်းများ၌ မွေးမြူထားသော တိရစ္ဆာန်များ ကျန်းမာနေမှသာလျှင် ၎င်းတို့ကို ကျွေးမွေးရသော စရိတ်စကများက ငွေကုန်ခံရကျိုးနပ်စေနိုင်သလိုပင် မြေဆီလွှာ၏ အဘက်ဘက်က ကျန်းမာရေးအခြေအနေ ကောင်းမွန်နေမှသာလျှင် သုံးစွဲသည့်ဓာတ်မြေသြဇာများအတွက် ငွေကုန်ရကျိုးနပ်ကြလိမ့်မည်ဖြစ်သည်။

စိုက်ခင်းမြေဆီလွှာသည် အထက်ဖော်ပြပါ သင့်လျော်ကောင်းမွန်သော နည်းလမ်းများအားလုံးကို တစ်ချက်မကျန် လိုက်နာဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။ အထက်ဖော်ပြပါ နည်းလမ်းများအနက် မည်သည့်နည်းလမ်းတစ်ခုခုကိုမျှ ချန်လှပ်ခြင်း၊ ကျော်လွှားခြင်းများကို ပြုလုပ်၍မရနိုင်ပေ။ နည်းလမ်းတစ်ခုခု သို့တည်းမဟုတ် အဆင့်တစ်ခုခုကို ချန်လှပ်၊ ကျော်လွှားမိပါက မြေဆီလွှာထဲရှိ မြေသြဇာ၏အစွမ်းသတ္တိက ကျဆင်းမှေးမှိန်သွားလိမ့်မည်ဖြစ်သည့်အတွက် တစ်ချက်မကျန် လိုက်နာဆောင်ရွက်ကြရမည်ဟု တိုက်တွန်းရခြင်းဖြစ်သည်။

စိုက်ပျိုးရေးသမားများနှင့် တောင်သူလယ်သမားတို့သည် စိုက်ခင်းမြေဆီလွှာအတွင်း၌ ရေပိုများကို ထုတ်ပစ်နိုင်ရန် လမ်းကြောင်းများကို ဖောက်ပေးကြရမည်ဖြစ်သည်။ အပင်စာများ ပျော်ဝင်နေသော ရေမြှေးများ လွတ်လပ်စွာရွေ့လျားကူးသန်းနိုင်အောင် စီစဉ်ပေးကြရမည်။ မြေဆီလွှာအချဉ်ဓာတ်နှင့် လိုက်လျောညီထွေဖြစ်အောင် ထုံးကျောက်မှုန့်၊ ဖောက်ထုံးနှင့် မီးသင့်ထုံးတို့ကို အချိုးညီညီ ချပေးကြရမည်။ မြေဆီလွှာအတွင်း၌ ဇေ့စ်ဂုဏ်သတ္တိရှိသော ဒြပ်စင်များဖြစ်ကြသည့် ကယ်လ်ဆီယမ်၊ မဂ္ဂနီဆီယမ်နှင့် ပိုတက်စီယမ်တို့မရှိခြင်းနှင့် ရှိနေပါလျက် အသုံးချ၍မရခြင်းဖြစ်နေမှုများသည် မြေဆီလွှာ အချဉ်ပေါက်နေခြင်းပင်ဖြစ်သည်။

ဇေ့စ်ဂုဏ်သတ္တိရှိသော ဒြပ်ပေါင်းများထဲတွင် စရိတ်သက်သက်သာသာဖြင့် အမြောက်အမြား ရရှိနိုင်သော ထုံးက မြေဆီလွှာ အချဉ်ဓာတ်များနေခြင်းကို ကောင်းမွန်ထိရောက်စွာ ပြုပြင်ပေးနိုင်စွမ်းရှိသည်။ ထို့ကြောင့်ပင်လျှင် ထုံးထည့်ပေးထားသော မြေဆီလွှာ၌ ပေါက်ရောက်သော လူဆန်ပဲပင်ကို ထုံးထည့်မပေးသော မြေဆီလွှာ၌ ပေါက်ရောက်သည့် လူဆန်ပဲပင်နှင့် နှိုင်းယှဉ်ပါက စိုက်ပျိုးရာသီ ကုန်ဆုံးချိန်တွင် ထုံးအာနိသင်ကိုရရှိခဲ့သည့် လူဆန်ပဲပင်က ထုံးအာနိသင်ကို မရရှိခဲ့သည့် လူဆန်ပဲပင်ထက် ၄၀ ရာခိုင်နှုန်းခန့် ပိုမိုကြီးထွားဖွံ့ဖြိုးသည်ကို လက်တွေ့သုတေသန ပြချက်များနှင့် သိပ္ပံနည်းကျစိုက်ခင်းများက သက်သေပြလျက်ရှိနေသည်။

စိုက်ပျိုးရေးလုပ်ငန်းအတွက် မိတ်ဖက်အထောက်အကူပြုသည့်အရာမှာ မြေဆီလွှာနှင့် မြေသြဇာများဖြစ်ကြသည့်တိုင်၊ သဘာဝမြေသြဇာများနှင့်ဓာတ်မြေသြဇာတို့၏ အကျိုးအာနိသင်ကို ပြည့်ပြည့်ဝဝ ခံစားရရှိလိုပါက စိုက်ပျိုးရေးလုပ်ငန်း၏ အစဖြစ်သော ထယ်ထိုးခြင်းနှင့် ထွန်ယက်ခြင်းများက အရေးကြီးလှသလို ပျိုးခင်းကောင်းဖို့ကလည်း အဓိက အချက်တစ်ချက်ဖြစ်လျက် ရှိနေသည်ကို စိုက်ပျိုးရေးသမားတို့က မမေ့အပ်ကြပေ။ ကမ္ဘာ့စိုက်ပျိုးရေးနိုင်ငံကြီးများတွင် ပြန့်ပြူးညီညာပြီး ရေစီးရေလာကောင်းမွန်သော ဧရာမပျိုးခင်းကျယ်ကြီးများကို မျက်စိတစ်ဆုံး ရှုမောဖွယ်တွေ့မြင်နိုင်ကြသည်။

စိုက်ပျိုးရေးလုပ်ငန်းတို့မည်သည် မြေဆီလွှာနှင့် မိတ်ဆွေရင်းချာ ပြုနေကြရသည့်အတွက် ဖြည့်ဆည်းထည့်သွင်းရမည့် သဘာဝမြေသြဇာများ၊ ဓာတ်မြေသြဇာများ၊ ထုံးအမျိုးမျိုး၊ အပင်စာများနှင့် အော်ဂဲနစ်ဒြပ်များ ရုပ်ပိုင်းနှင့် ဓာတ်ပိုင်းဆိုင်ရာ အခြေအနေများ၊ ဇီဝပိုင်းဆိုင်ရာ အခြေအနေများ၊ မျိုးစေ့များ စိုက်ပျိုးရာသီနှင့် ရာသီဥတုအခြေအနေများ၊ အပင်များ၌ ကျရောက်တတ်သည့်ရောဂါကို ကြိုတင်ကာကွယ်မှုများ အစရှိသည်တို့ကို မြေဆီလွှာနှင့် သင့်လျော်ကိုက်ညီအောင် ချင့်ချိန်ပြုလုပ်ဆောင်ရွက်ကြရန် လိုအပ်သည်။

အချုပ်အားဖြင့်ဆိုရသော် မြေဆီလွှာ၏ရုပ်ပိုင်းဆိုင်ရာ အခြေအနေ၊ ဓာတ်ပိုင်းဆိုင်ရာ အခြေအနေတို့ အကောင်းဆုံးဖြစ်အောင် ပြုပြင်ဆောင်ရွက်ကြရာတွင် ပုံသေနည်းဟူ၍ တိတိကျကျမရှိဘဲ ရင့်ကျက်သော အတွေ့အကြုံ၊ ကြွယ်ဝသော ဗဟုသုတတို့ဖြင့် ချင့်ချင့်ချိန်ချိန် ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပြီး၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်မှုကြောင့် မြေဆီလွှာ၏ ရုပ်ပိုင်းနှင့် ဓာတ်ပိုင်းဆိုင်ရာ အခြေအနေများက အကောင်းဆုံးဖြစ်နေချိန်၌ ဇီဝပိုင်းဆိုင်ရာအခြေအနေဖြစ်သည့် ဗက်တီးရီးယားတို့ကလည်း မီးကုန်ယမ်းကုန် အစွမ်းကုန်ထကြွနေကြမည်ဆိုပါက မြေကြီးပေါ်၌ ဧကန်မလွဲ ရွှေသီးလာလိမ့်မည်သာ ဖြစ်ပေတော့သည်။

## ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ထောပတ်ပဲ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



ကန့်ဘလူ ဧပြီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောထောပတ်ပဲ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၇၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၄၄ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ထောပတ်ပဲ ၃၇၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ထောပတ်ပဲစိုက်ပျိုးမှုက တော့ ဖြစ်ထွန်းအောင်မြင်ကြပါတယ်။ ထောပတ်ပဲသီးနှံဟာ ဈေးကောင်းရရှိတာကြောင့် အားထားစိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ထောပတ်ပဲသီးနှံများကို သီးသန့်စိုက်ပျိုးကြသလို သီးညှပ်လည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးကြရေး၊ သဘာဝပိုးသတ်ဆေး၊ သဘာဝမြေသြဇာများ ပြုလုပ်သုံးစွဲတတ်စေရေးနှင့် အချိန်မီ ရိတ်သိမ်းနိုင်ရေး စသည့်အသိပညာများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ထောပတ်ပဲများကို အထွက်နှုန်း တိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့်ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ရာ ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။ (၂၀၆)

# ခိုင်နှင်းဝေပရဟိတအသင်းနှင့် အလှူရှင်များက စစ်ကိုင်းတောင်ရိုးရှိ ငလျင်ဒဏ်သင့် ဘုန်းတော်ကြီး၊ သီလရှင်ကျောင်း ၅၀ အတွက် အလှူငွေများ လှူဒါန်း



**စစ်ကိုင်း မေ ၂**

သရုပ်ဆောင် ခိုင်နှင်းဝေ၏ ခိုင်နှင်းဝေ ပရဟိတအသင်းနှင့် သရုပ်ဆောင်များ၊ စေတနာရှင်၊ အလှူရှင်များက စစ်ကိုင်းတောင်ရိုးရှိ ငလျင်ဒဏ်သင့် ဘုန်းတော်ကြီးနှင့် သီလရှင်ကျောင်း ၅၀ အတွက် ငွေကျပ် သိန်း ၈၀၀၀ ကို မေ ၁ ရက်က စစ်ကိုင်းတောင်ရိုးသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြ၍ သိရသည်။

ထိုသို့လှူဒါန်းရာ စစ်ကိုင်းတောင်ရိုးရှိ သဘာဝမြေငလျင်ဒဏ်ခံစားခဲ့ပြီး ကျောင်းတိုက်များ ပျက်စီးဆုံးရှုံးခဲ့သည့် ဘုန်းတော်ကြီးနှင့် သီလရှင်ကျောင်းတိုက် ၅၀ အတွက် အလှူငွေကျပ် သိန်း ၈၀၀၀ အပြင် ပြည်သူ့ဆေးရုံကြီး (စစ်ကိုင်းမြို့) တွင် တက်ရောက်ကုသနေသည့် လူနာများအတွက် အလှူငွေကျပ်သိန်း ၂၀၀၀ စုစုပေါင်းငွေကျပ်သိန်း ၁၀၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

"စစ်ကိုင်းတောင်ရိုးဘုန်းတော်ကြီးနဲ့ သီလရှင်ကျောင်း ၅၀ အတွက် တစ်ကျောင်းကို ငွေကျပ်သိန်း ၁၀၀ စုစုပေါင်းငွေကျပ် သိန်း ၅၀၀၀၊ သွပ်ပြားအချပ်ရေ ၁၀၀၀၀ အတွက် တန်ဖိုးငွေကျပ် သိန်း ၃၀၀၀ ဝန်းကျင်စုစုပေါင်းအလှူငွေ သိန်း ၈၀၀၀ ကို ခုနစ်ရက်သား သမီးတွေကိုယ်စား ရေစက်သွန်းချ လှူဒါန်းခဲ့ပါတယ်။ စစ်ကိုင်းပြည်သူ့ဆေးရုံကြီးမှ လူနာအယောက် ၁၀၀ အတွက် တစ်ယောက်ကို ငွေကျပ်သိန်း ၂၀ နဲ့ စုစုပေါင်းငွေကျပ် သိန်း ၂၀၀၀ ဝန်းကျင်ကို ကူညီလှူဒါန်းခဲ့ပါတယ်"ဟု သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြ၍ သိရသည်။

ASH

# The Heart of the Beast ဇာတ်ကား၌ မင်းသမီး အန်နာလမ်ဘီ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် မေ ၂**

Paramount ကုမ္ပဏီ၏ The Heart of the Beast အက်ရှင် စွန့်စားခန်း ဇာတ်ကားသစ်၌ မင်းသမီး အန်နာလမ်ဘီ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၁ ရက် သတင်းများအရ သိရသည်။

The Heart of the Beast ဇာတ်ကား၌ မင်းသမီး အန်နာလမ်ဘီသည် မင်းသား ဘရက်ဗစ်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ပြီး အန်နာလမ်ဘီသည် North of North ဇာတ်ကားနှင့် True Detective: Night Country ဇာတ်ကားများဖြင့် ထင်ရှားသောမင်းသမီးဖြစ်ကြောင်း သိရသည်။

The Heart of the Beast ဇာတ်ကားသည် အလာစကာပြည်နယ် တောနက်အတွင်း လေယာဉ်ပျက်ကျခဲ့ပြီးနောက် အသက်ရှင်ရေးအတွက် ရုန်းကန်ခဲ့ရသော ကြည်းတပ်အထူးတပ်ဖွဲ့ဝင်ဟောင်း တစ်ဦးနှင့် ခွေးတစ်ကောင်၏ အကြောင်းကို တာဝန်ယူပုံဖော်ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်အေယာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ကင်မရွန်အလက်ဇန်းဒါးက ရေးသားပေးထားသည်။

လက်ရှိတွင် အဆိုပါဇာတ်ကားရုံတင်ပြသမည့်ရက်ကို Paramount ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# သူတော်တစ္ဆေဇာတ်ကားကို မေ ၁၇ ရက်တွင် ရုံတင်ပြသမည်ဖြစ်ပြီး ရရှိသည့်ငွေကြေးများကို ငလျင်ဒဏ်သင့်ဒေသများအတွက် လှူဒါန်းမည်ဖြစ်

**ရန်ကုန် မေ ၂**

Indra Film Production က ရိုက်ကူးထုတ်လုပ်သည့် သူတော်တစ္ဆေ ရုပ်ရှင်ဇာတ်ကားကို မေ ၁၇ ရက်တွင် ရုံတင်ပြသမည်ဖြစ်ပြီး ရုံတင်ပြသချိန်တွင် ရရှိသည့်ငွေကြေးများကို ငလျင်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း Indra Film Production မှ ထုတ်လုပ်သူ သရုပ်ဆောင် မျိုးစန္ဒီကျော်က ပြောပြ၍ သိရသည်။

သူတော်တစ္ဆေ ရုပ်ရှင်ဇာတ်ကား၏ဝတ္ထုဇာတ်လမ်းကို စီစဉ်သူ အောင်ကြီးက ရေးသားထားပြီး ဇာတ်ညွှန်းကို ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)က ရေးသားကာ ဒါရိုက်တာအဖြစ် Indra Film Production အတွက် တာဝန်ယူ ရိုက်ကူးထားကြောင်း သိရသည်။

"အစ်မတို့ Indra Film Production က ရိုက်ကူးပြသမဲ့




သူတော်တစ္ဆေရုပ်ရှင်ဇာတ်ကားရဲ့ Red Carpet Show ကို မေ ၁ ရက်မှာကျင်းပဖို့ လျာထားခဲ့ပေမဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ တစ်ပြည်လုံးက ငလျင်ဒဏ်ကြောင့် လူတိုင်း ဝမ်းနည်းပူဆွေးနေရတယ်။ ရုံတင်ပြသရက်ကိုလည်း ရွှေ့ဆိုင်းထားပါတယ်။ ရုံတင်ပြသချိန်မှာ ရရှိလာတဲ့ငွေကြေးတွေကိုလဲ ငလျင်ဒဏ်သင့်ပြည်သူတွေ ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေအနေနဲ့ လှူဒါန်းသွားမှာပါ"ဟု သရုပ်ဆောင် မျိုးစန္ဒီကျော်က ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ဝါရင့်သရုပ်ဆောင်များဖြစ်သည့် သရုပ်ဆောင် ကျော်ရဲအောင်၊ ထွန်းထွန်း၊ ချမ်းသာကြည်စိုး၊ သုတအောင်၊ မျိုးစန္ဒီကျော်၊ မို့နဲ့ သာကျော်ရဲအောင်နှင့် ဝါရင့်သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# The Legend of Zelda ဇာတ်ကားကို ဒါရိုက်တာ ဝက်ဘဲက တာဝန်ယူရိုက်ကူးမည်

**နယူးယောက် မေ ၂**

The Legend of Zelda အမည်ရှိ အက်ရှင်ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ဝက်ဘဲက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း မေ ၁ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားသည် Mintendo ကုမ္ပဏီ၏ The Legend of Zelda ဗီဒီယိုဂိမ်းကို အခြေခံရိုက်ကူးမည့်ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Legend of Zelda ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းကို ယခုနှစ် နိုဝင်ဘာလအတွင်း စတင်မည်ဖြစ်ကြောင်း၊ ထိုဇာတ်ကားကို ၂၀၂၇ ခုနှစ် မတ် ၂၆ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

The Legend of Zelda ဇာတ်ကားကို နယူးဇီလန်နိုင်ငံ၌ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များစာရင်းကို ဆိုနီကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးမိသားစုနှင့် မြေစာရုပ်ရှင်အဖွဲ့သားများမှ ငလျင်ဒဏ်သင့်ဒေသရှိပြည်သူများကို ငွေကျပ် သိန်း ၇၀၀ လှူဒါန်းမည်

**ရန်ကုန် မေ ၂**

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးမိသားစုနှင့် မြေစာရုပ်ရှင်အဖွဲ့သားများမှ ငလျင်ဒဏ်သင့်ဒေသရှိ ပြည်သူများအား ငွေကျပ်သိန်း ၇၀၀ လှူဒါန်းမည်ဖြစ်ကြောင်း မြေစာရုပ်ရှင်အဖွဲ့သားတစ်ဦးဖြစ်သူ မြင့်မြတ်က ပြောပြ၍ သိရသည်။

မြေစာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို လွမ်းဝေအောင်က ရေးသားထားပြီး ဒါရိုက်တာ နေပိုင်က Shwe Nadi Shwe Yi Film Production အတွက် ရိုက်ကူးထားကြောင်း သိရသည်။

"ငလျင်ဘေးသင့် ရဟန်းရှင်လူပြည်သူတွေအတွက် ငွေကျပ်သိန်း ၇၀၀ လှူဒါန်းမှာဖြစ်ပါတယ်။ မတ် ၂၈ ရက် အဖွင့်ပွဲ ၁၀ နာရီနဲ့ မွန်းတည့် ၁၂ နာရီပွဲတွေမှာ တစ်ခဲနက် အားပေးကြည့်ရှုခဲ့ကြတဲ့ မန္တလေး၊ နေပြည်တော်၊ တောင်ငူ၊ ပဲခူးမြို့မှ ပရိသတ်တွေရဲ့ အားပေးငွေ အားလုံးကို သဘာဝဘေးသင့် ရဟန်းရှင်လူပြည်သူတွေအတွက် ရွှေနဒီရွှေရည်ရုပ်ရှင်ထုတ်လုပ်ရေး မိသားစုနဲ့ မြေစာရုပ်ရှင်အဖွဲ့သားတွေကနေ ပြန်လည်လှူဒါန်းမှာဖြစ်ပါတယ်။ ရဟန်းရှင်လူပြည်သူတွေ အားလုံး ဘေးကင်းကြပါစေ"ဟု မြင့်မြတ်က ပြောပြသည်။

မြေစာရုပ်ရှင်ဇာတ်ကားသည် ၂၀၂၄ ခုနှစ်အတွက် နှောင်ရုပ်ရှင်ဇာတ်ကားတွင် အကယ်ဒမီသုံးဆုဖြင့် ဆုအများဆုံးဆွတ်ခူးထားသည့် Shwe Nadi Shwe Yi Film Production ၏ ဒုတိယမြောက် ရုံတင်ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး သရုပ်ဆောင် မြင့်မြတ်၊ ဆင်မ၊ ထူးခြား၊ ဆန်းယု၊ ဘုန်းမင်းနေလ၊ စည်သူဝင်း၊ အေးမြတ်သူ၊ သံသာညီနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives Special Envoy of the Government of Japan for National Reconciliation in Myanmar, Chairman of Nippon Foundation H.E. Mr.Yohei SASAKAWA; rescue and relief aid donated for earthquake-hit areas



Senior General Min Aung Hlaing receives Special Envoy of the Government of Japan for National Reconciliation in Myanmar and Chairman of Nippon Foundation H.E. Mr.Yohei SASAKAWA.

**Nay Pyi Taw April 2**

Special Envoy of the Government of Japan for National Reconciliation in Myanmar and Chairman of Nippon Foundation H.E. Mr.Yohei SASAKAWA paid a courtesy call on Chairman of State Administration Council Prime Minister Senior General Min Aung Hlaing at Tatmadaw Guesthouse here this afternoon and donated rescue and relief aid and accessories for earthquake-hit areas.

The Special Envoy of the Government of Japan for National Reconciliation in Myanmar and Chairman of Nippon Foundation presented rescue and relief aid -- 50 backpacks, each containing 14 kinds of earthquake rescue and relief tools, safety helmets for rescue and relief operations and one carton of gloves. The Senior General accepted the donations.

Senior General Min Aung Hlaing and Mr. Sasakawa cordially discussed scope of loss and destruction caused by the earthquake in Myanmar, arrival of international rescue and relief teams and rescue and relief aids, ardent operations of international rescue and relief teams in cooperation with their Myanmar counterparts, expression of special thanks to Mr. Sasakawa for donating earthquake rescue and relief aids in person, and Nippon Foundation's aid program for donating food and other necessary items valued at USD 3 million for the people. 100



Senior General Min Aung Hlaing accepts donated relief and rescue aid.

# National Disaster Management Committee holds meeting SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win delivers a speech



Vice-Senior General Soe Win delivers a speech at the National Disaster Management Committee meeting.

**Nay Pyi Taw April 2**

The National Diaster Management Committee held its meeting at the Ministry of Social Welfare, Relief and Resettlement in Nay Pyi Taw this afternoon, with an address by Chairman of the Committee Vice-Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

The meeting was also attended by Union ministers, the Nay Pyi Taw Council Chairman, senior Tatmadaw officers from the Office of the Commander-in-Chief, deputy ministers, departmental heads and officials together with chief ministers from Sagaing Region, Mandalay Region and Shan State through video conferencing.

First, the Vice-Senior General delivered a speech. He said that on 28 March, due to a powerful earthquake and subsequent aftershocks, the most severely affected areas experienced significant casualties and destruction. In response, the Vice-Senior General expressed his thanks to rescue teams from 20 countries which have been deployed to assist in relief operations, demonstrating great humanitarian support and solidarity. In Nay Pyi Taw Council Area, a 26-year-old hotel maintenance worker Maung Naing Lin Tun, was trapped at the Aye Chan Thar Hotel in Pobbathiri Township for five days. A joint rescue effort involving special rescue team members from Fire Services Department and Turkiye GEA Search and Rescue Team began 3:00 pm on 1 April. The operation lasted nine and a half hours, and he was successfully rescued at 12:30 am. Moreover, the search for another 26-year-old individual, Htet Maung Maung, commenced at 10:00 am today. The rescue operation took approximately 3 hours and 55 minutes, and he was successfully rescued alive at around 1:55 pm.

The successful rescue was due to their merits and efforts of the search and rescue teams, the support of advanced technology, and the experience gained from past rescue operations. As the Prime Minister facilitated international cooperation, the country gained access to the latest rescue equipment and cutting-edge technology used globally. This also provided an opportunity to study and learn from the capabilities of high-tech rescue tools, which proved to be invaluable experiences. Furthermore, collaboration with international rescue teams not only saved the lives of those in distress but also allowed domestic rescue teams to share and benefit from the use of advanced technology and modern rescue equipment. Yesterday, a total of 49 relief flights arrived from international sources. As of now, 1,915 rescue personnel and over 714 tons of relief and support supplies have been received. *See Page 13*

# SAC Chairman PM Senior General Min Aung Hlaing to attend sixth BIMSTEC summit in Thailand

**Nay Pyi Taw April 2**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing will leave for Thailand on 3 April to attend the sixth BIMSTEC summit on 3 and 4 April.

During the visit, the Senior General will hold talks with heads of government and discuss the post-earthquake situation in Myanmar and potential cooperation with the international community to carry out relief and rehabilitation tasks effectively. 100

# Government of the Republic of the Union of Myanmar
# Office of the Commander-in-Chief Defence Services
## Statement on Temporary Ceasefire
## (5th Waxing of Tagu, 1386 ME)
## 2nd April 2025

1. With the aim of achieving lasting peace nationwide and further advancing peace processes, the Tatmadaw has previously issued 22 ceasefire declarations between 21st December 2018 and 31st December 2023. On 26th September 2024, the State Administration Council invited all stakeholders to resolve political issues through dialogue.
2. Currently, the severe earthquake on 28th March 2025 and subsequent aftershocks have caused significant damage to infrastructure, casualties, and injuries in affected regions. The state is intensively engaged in rescue, relief, and rehabilitation efforts.
3. Out of compassion for the earthquake-affected people and to facilitate swift humanitarian and reconstruction operations, the Tatmadaw hereby declares a temporary cessation of military operations from 2nd to 22nd April 2025 to ensure stability.
4. During this period, all ethnic armed organizations and other armed groups are warned against disrupting public transportation and communication routes, endangering civilian lives and property, attacking security forces' bases or command headquarters and mobilizing troops, expanding territories, or undermining peace. Any violation will prompt necessary defensive measures by the Tatmadaw to protect the people.

**Office of the Commander-in-Chief of Defence Services**

*From Page 12*

The incoming relief supplies are being promptly distributed through an efficient delivery system. Moreover, the Prime Minister has instructed that all international relief and support supplies be immediately distributed to earthquake-affected people without any delays. Since 28 March until today, there have been 57 aftershocks following the major earthquake, prompting a warning for people to remain cautious in their daily activities. Yesterday, a donation ceremony was held where generous donors contributed funds to support rescue and reconstruction efforts in the affected areas. The event was inspiring as many people came forward to make contributions. Overall, donations from both domestic and international donors, as well as various ministries, have amounted to K126.488.1 billion. These funds will be systematically managed and utilized for relief and reconstruction efforts.

Regarding the residential housing and office buildings that were damaged or destroyed due to the earthquake, reconstruction work must be carried out. Arrangements must be made for food and temporary shelter for staff and their families. When making such arrangements, coordination with the rainy season is essential, and it is important to ensure that temporary or permanent buildings that are resistant to weather are constructed before the monsoon begins. The process involves several stages: first, clearing and removing the debris from the damaged structures, second, demolishing houses that are tilted and no longer safe to live in, third, inspecting the remaining buildings to determine whether they are safe to continue using and finally, in the construction phase, specialists in geology, seismology, and engineers from the Engineering Council must assess whether it is appropriate to rebuild on the same location. If not, a suitable alternative site must be identified and used for reconstruction. A major weakness of the current staff housing is that residences are not arranged by ministry, which creates communication and coordination challenges. Therefore, during the reconstruction and relocation process, it has become evident that housing must be allocated by ministry in a consolidated manner. As such, those attending are urged to have effective discussions on the tasks handled by various committees, ongoing matters, challenges faced, upcoming activities, temporary relocation, and permanent relocation matters.

Then, Vice Chairman-1 of the Committee Union Minister for Home Affairs Lieutenant General Tun Tun Naung, and Vice Chairman-2 Union Minister for Social Welfare, Relief and Resettlement Dr. Soe Win presented updates on search and rescue operations conducted from March 28 to April 1. They highlighted cooperation with international search and rescue teams, security measures implemented in earthquake-affected areas, the arrival of international rescue equipment, support teams, medical teams, and aid supplies. They also reported on systematic distribution and deployment of rescue supplies, temporary restoration of roads and bridges to maintain communication routes, provision of basic food and necessities to affected citizens and staff, ongoing damage assessment and data collection efforts by ground teams, and receipt of donations and aid materials from AHA Center, international and local donors.

Following this, the Secretary of the Committee reported on the implementation status of previous meeting decisions.

Subsequently, committee members Union Ministers, the Chairman of Nay Pyi Taw Council, and other responsible officials discussed the current situation of losses and damages caused by the powerful earthquake that struck on March 28. They addressed the status of arrival of rescue aircraft and supplies, damage to religious buildings including Buddhist and other religious structures, homes and staff housing, deaths and injuries among monks, civilians, staff, and their families, ongoing emergency rescue operations, provision of food, shelter, and security by respective ministries for affected staff, international aid offers for rescue and reconstruction, damage to farmlands, reservoirs, and dams, and the importance of timely updates regarding the situation on the international front. They also discussed the establishment of temporary hospitals and clinics, the need for timely execution of rescue and transport operations, and the readiness of aircraft and helicopters from the Tatmadaw (Air) to support these efforts. Finally, plans to continue rescue and reconstruction operations were presented and discussed.

During the discussions, the Vice-Senior General provided instructions on securing adequate equipment for building repairs and expediting the establishment of temporary hospitals. He also emphasized the need to facilitate alms for monks and ensure the availability of temporary shelters. He stated that temporary shelters at a minimum standard should be provided two months before the rainy season to accommodate people and staff whose buildings have been damaged. He stated that an urgent assessment should be conducted to inventory building damage, determine the need for demolition, and evaluate whether structures are safe for habitation. He emphasized that systematic planning is necessary for the demolition of buildings or removal of debris, focusing on the recovery of family property. He also highlighted the need to plan to facilitate international assistance. He noted that due to road restrictions and threats from terrorists, security measures should be prioritized. Rescue vehicles and teams must be clearly marked and dispatched systematically, with proper permission and planning. He emphasized the need to provide immediate grants and food supplies to the families of those killed and injured in the earthquake. He emphasized that access to clean drinking and potable water, rapid access to electricity, and donations from volunteers should be systematically planned and utilized to address the actual needs of roads, bridges, and buildings. He emphasized the need to enable the public to quickly learn about natural disasters, including what actions to take and what to avoid. He also discussed the importance of systematically compiling a list of donated items to prevent unnecessary damage and coordinating the needs with NDMC members.

After the meeting, the Vice-Senior General and party inspected the temporary tents, emergency electrical equipment, consumer goods, foodstuffs and medicines donated by the international community.

Due to the powerful earthquake, 3,003 people died while 351 people are missing and 4,515 people were injured in Nay Pyi Taw Council Area and regions and states, according to initial statistics at 6 pm on 2 April. 21,783 houses, 805 departmental office buildings, 115 staff quarters, 1,041 schools, 921 monasteries and nunneries, 1,690 pagodas, 312 other religious buildings, 48 hospitals/clinics and 45 acres of paddy and other crops were destroyed.

The search and rescue work committee has launched search and rescue operations in cooperation with international rescue teams. In Nay Pyi Taw Council Area, the committee rescued a total of four survivors and recovered 16 bodies in total including one survivor and two bodies in cooperation a 37-member team from China (Yunnan), one survivor and four bodies in cooperation with 89-member rescue teams from Singapore, three bodies in cooperation with a 50-member rescue team from Thailand, 7 bodies in cooperation 106-member rescue team from Vietnam and two survivors in cooperation with an 8-member rescue team from Turkiye.

In Mandalay Region, the committee rescued three survivors and recovered 31 bodies including one survivor and six bodies in cooperation with a 167-member rescue team for Russia, two survivors and 14 bodies in cooperation with an 84-member rescue team from China (Beijing), a 116-member Blue Sky Rescue Team from China and a 51-member rescue team from China (Hong Kong), 11 bodies in cooperation with an 80-member rescue team from India.

In Sagaing Region, the committee recovered 53 bodies including six bodies in cooperation with a 50-member rescue team from Malaysia. The committee rescued seven survivors and recovered 53 bodies in Nay Pyi Taw Council Area, Mandalay Region and Sagaing Region in cooperation with 12 rescue teams from seven countries. 100

# Global leaders extend condolences to Myanmar's PM over deadly quake Int'l leaders and heads and religious heads send message of condolences to SAC Chairman PM Senior General Min Aung Hlaing for loss and damage in powerful earthquake in Myanmar

**Nay Pyi Taw April 2**

Leaders and heads of international community and heads of religious organizations sent messages of condolences to State Administration Council Chairman Prime Minister Senior General Min Aung Hlaing for the extensive damage, loss of lives and injuries in the powerful earthquake which struck on 28 March 2025.

President of the Russian Federation Mr Vladimir Putin, President of the Republic of Belarus Aleksandr Lukashenko, Prime Minister of the Lao People's Democratic Republic Mr Sonexay Siphandone, President of Turkmenistan Mr Serdar Berdimuhamedov, President of the Republic of Seychelles Mr Wavel Ramkalawan, Chairman of the Asian Peace and Reconciliation Council Prof Dr Surakiart Sathirathai, Deputy Chairman of the Security Council of the Russian Federation Mr Dmitry Medvedev, Governor of Novosibirsk Oblast, the Russian Federation, Mr AA Travnikov, Head of the Republic of Buryatia, the Russian Federation, Mr Alexey Tsydenov, Honorary Advisor of the Japan-Myanmar Culture and Industry Promotion Association, Japan, Mr Hiromichi Watanabe and Southeast Asian Patriarchal Exarchate Sergiy sent messages of condolences regarding the devastating impact of the earthquake to Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, due to the severe damage, casualties, and injuries caused by the powerful earthquake.

The messages express deep sorrow over the devastating earthquake that struck Myanmar, causing significant loss of lives, homes, and properties. They convey heartfelt condolences for the tragic incidents that followed and acknowledge the shared grief between the Russian and Myanmar people. Sympathy is extended to the families who lost their loved ones, and prayers are offered for the swift recovery of all those affected by the natural disaster. On behalf of the government and people of the Lao People's Democratic Republic, condolences are extended to the Myanmar government and its people, especially to the bereaved families. The messages also mention deep regret over the severe earthquake in central Myanmar, which resulted in numerous casualties and extensive damage. They are deeply saddened to hear the news of the devastating earthquake that struck on 28 March 2025, causing significant loss of lives, homes, and wealth for the people of Myanmar. They hope for the swift recovery and rebuilding of their lives. The news of such a powerful earthquake in Myanmar has shocked and saddened them greatly. In this time of terrifying disaster, they extend their deepest condolences to all the people of Myanmar who have lost their loved ones such as family members and friends. On behalf of himself and the Patriarchal Exarchate of the Orthodox Church in Southeast Asia, they send their prayers and heartfelt sympathies to all the people of Myanmar and their relatives. 100

## Honourable Mr Prime Minister

Please, accept my deep condolences on the tragic consequences of the earthquake in Sagaing and Mandalay administrative regions.

Russia shares the grief of the friendly people of Myanmar. Please, convey words of sincere sympathy and support to those who have suffered the loss of their loved ones, as well as wishes for a speedy recovery to all those affected by this natural calamity.

With compliments,

V Putin
Moscow, Kremlin
28 March 2025

**Honourable Mister Min Aung Hlaing,**

I am deeply saddened to learn of the significant earthquake that occurred in the Sagaing and Mandalay regions of the Republic of the Union of Myanmar, resulting in loss of life and extensive damage.

I sincerely extend my sympathy to the families and loved ones of the victims and my wish for a speedy recovery to all injured.

DA Medvedev
Deputy Chairman
of the Security Council
Russian Federation
Moscow, Russia
29 March 2025

## Senior General Min Aung Hlaing
## Chairman of the State Administration Council and Prime Minister

**Esteemed Mr Prime Minister!**

I learned with deep sorrow about the devastating earthquake that has affected your country. At this difficult time, I wish to express my sincere condolences to you and the friendly people of Myanmar! May the memory of those who lost their lives be blessed and the people affected find support and comfort. We stand in solidarity with you and are ready to assist in the recovery and overcoming the consequences of this tragedy.

AA Travnikov
The Governor of Novosibirsk Oblast
31 March 2025

**Your Excellency,**
**Dear Mr Prime Minister,**

I have been deeply shocked by the news of the dreadful earthquake that occurred in the Republic of the Union of Myanmar. My sincere condolences go out to the people who have lost their relatives and friends in the devastating calamity. On my behalf and on behalf of the clergy of the Patriarchal of South-East Asia, I offer our deep commiseration to you and all the people of Myanmar.

I pray that the injured make a speedy recovery and those who are working to overcome the aftermaths of the natural disaster find strength and fortitude.

With heartfelt condolences,

Patriarchal Exarch
Of South-East Asia,
Metropolitan of Singapore
And South-East Asia
SERGIY
28 March 2025

## Senior General Min Aung Hlaing
## Chairman of the State Administration Council and Prime Minister of the Republic of the Union of Myanmar
## Nay Pyi Taw

**Excellency,**

I have learned with profound sadness over the earthquake that struck the Republic of the Union of Myanmar on 28 March 2025, causing loss of lives and properties to the people of Myanmar.

On behalf of the Government and people of the Lao People's Democratic Republic and my own behalf, I would like to convey my deepest condolences and heartfelt sympathies to Your Excellency, the Government and People of Myanmar, particularly to the bereaved families of the victims.

I am confident that under intensive effort by Your Excellency and the Government, the people of Myanmar will be able to overcome this difficult time and restore the affected areas to normalcy.

Please accept, Your Excellency, the assurances of my highest consideration.

Sonexay Siphandone
Prime Minister
Of the Lao People's Democratic Republic
Vientiane
29 March 2025

See Page 15

From Page 14

**His Excellency Senior General Min Aung Hlaing**
**Prime Minister, Chairman of the State Administration Council**
**Of the Republic of the Union of Myanmar**

**Dear His Excellency,**

We would like to express our heartfelt sympathy and condolences to you for the earthquake that occurred in your country on 28 March 2025, which caused extensive damage in many parts of the country.

We have also requested the Japanese government to promptly express its sympathy and humanitarian assistance.

We hope for the earliest possible recovery and restoration of people's lives.

Yours Sincerely,

Hiromichi Watanabe, Honorary Adviser
Fumio Usui, Chairman
Naohiko Takaku, Representative Director
Japan Myanmar Culture Industry Promotion Association
1 April 2025

**Excellency Senior General Min Aung Hlaing**
**Prime Minister and Chairman of the State Administration Council**
**Republic of the Union of Myanmar**
**Nay Pyi Taw,**

I wish to express my deepest concern and heartfelt condolences over the severe devastation and the heavy loss of life and injuries caused by the powerful earthquake that struck many regions in Myanmar. Our thoughts and prayers are with the people of Myanmar, especially the bereaved families, in these trying times. We stand by our Myanmar friends and hope that international assistance can be rapidly mobilized and delivered to meet the urgent humanitarian and rehabilitation needs in the wake of this tragic event.

Yours sincerely,

Professor Dr Surakiart Sathirathai
Chairman of the Asian Peace and Reconciliation Council (APRC)
Former Deputy Prime Minister and
Former Minister of Foreign Affairs of Thailand
28 March 2025

**Senior General Min Aung Hlaing**
**Chairman of the State Administration Council and**
**Prime Minister**

**Your Excellency,**

I am deeply saddened to learn of the devastating earthquake which struck Myanmar on 28 March 2025, leading to the loss of lives as well as the destruction of homes and livelihoods.

On behalf of the government and the people of the Republic of Seychelles and my own behalf, I would like to extend our deepest condolences to the government and people of the Republic of the Union of Myanmar, to the grieving families and all those affected by the tragedy.

Our thoughts and prayers are with the people of Myanmar during these difficult times.

Please accept, Your Excellency, the assurances of my highest consideration.

Wavel Ramkalawan
President of the Republic of Seychelles

**His Excellency**
**Senior General Min Aung Hlaing Chairman of the State Administration Council and Prime Minister of the Republic of the Union of Myanmar**

**Your Excellency,**

Accept my deepest condolences over the great loss of life and injuries caused by the earthquake that struck the centre of the Republic of the Union of Myanmar.

In this time of hardship, on behalf of the people and the Government of Turkmenistan, as well as on my own behalf, I kindly ask you to extend our deepest sympathy and words of support to the bereaved families and relatives, as well as wishes for a quick recovery to the injured.

With my highest consideration,

Sedar Berdimuhamedov
President of Turkmenistan
30 March 2025

**His Excellency,**
**Senior General Min Aung Hlaing**
**Chairman of the State Administration Council**
**Prime Minister of the Republic of the Union of Myanmar**
**Nay Pyi Taw**

**Your Excellency,**

The news of the devastating earthquake in Myanmar, which resulted in human casualties and widespread destruction, was received with heavy heart in Belarus.

On behalf of my compatriots and myself, I express words of deep sympathy to Your Excellency, the families of the victims, and survivors of the disaster.

Our thoughts are the leadership and all the people of Myanmar at this difficult moment.

I wish a speedy recovery to the injured people and stabilization of the situation.

Aleksandr Lukashenko
President of the Republic of Belarus
28 March 2025

**HE Senior General Min Aung Hlaing**
**Chairman of the State Administration Council,**
**Prime Minister,**
**Republic of the Union of Myanmar**
**Nay Pyi Taw**

**Honourable Mister Min Aung Hlaing**

On behalf of myself and the people of the Republic of Buryatia, I express my sincere and deep condolences in connection with the tragic events that occurred as a result of the earthquake in the Sagaing and Mandalay regions on 28 March 2025.

The long-standing relations between the Republic of Buryatia and the regions of the Republic of the Union of Myanmar are based on mutual understanding and respect. We highly appreciate the openness and constructive atmosphere that has developed in our interaction.

May the bright memory of those who passed away become a source of strength, courage and unity among the peoples of Russia and Myanmar. Please, accept the assurances of solidarity and support. We stand with You in this difficult hour.

Regards,

AS Tsydenov
Head of the Republic of Buryatia
Ulan-Ude
29 March 2025

# Taking earthquake rescue and relief undertakings as an opportunity, terrorists launch attacks

**Nay Pyi Taw April 2**

A strong earthquake that jolted on 28-3-2025 hit people in Myanmar hard and caused loss of life and property. Members of Tatmadaw, Myanmar Police Force, fire brigades and social organizations and individual helpers joined hands with external rescue and relief teams, rescuing and helping victims with energetic efforts regardless of race and religion day and night. Hence there was less strength in taking security measures, and taking this as an opportunity, PDF terrorist and armed terrorist insurgents using a superior force attacked a power substation and a security post, with fewer members, ambushed a rescue and relief vehicle and MPF members. Hence, Tatmadaw had to halt their inhumane attacks. NUG terrorist group, anti-government online media platforms, and some foreign media exaggerated the Tatmadaw's response into a continued aerial bombing of Tatmadaw (Air) amidst the earthquake. They were releasing biased news reports without having any knowledge of the ground situation. At a time when people are facing a lot of suffering due to the earthquake, NUG and its sidekick, PDF terrorists, and armed terrorist insurgents were launching inhumane attacks continuously just for political gains. In this regard the government and people of Myanmar strongly opposed and condemned their terrorist acts. Internal and external organizations should be aware of the terrorist acts of NUG and its sidekick, PDF, and armed terrorist insurgents and should stay away from any verbal or written expressions that may abet terrorism.

**Information Team**
**State Administration Council**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

☆ ကျောဖုံးမှအဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင်မတ် ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားပြင်းမြေလျင်နှင့် နောက်ဆက်တွဲ လျှင်ငယ်များလှုပ်ရှားမှုကြောင့် ထိခိုက်ပျက်စီးသေဆုံးမှုများ အများဆုံးဖြစ်ပေါ်ခဲ့သည့်ဒေသများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် နိုင်ငံပေါင်း ၂၀ မှ ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များ စေလွှတ်ပေးနေမှုနှင့်လူသားချင်းစာနာသည့်စိတ်ဖြင့် အားတက်သရောကူညီပေးမှုများအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အေးချမ်းသာဟိုတယ်တွင် ငါးရက်ကြာပိတ်မိနေသည့် ဟိုတယ် ပြင်ထိန်းဝန်ထမ်းဖြစ်သူ အသက် ၂၆ နှစ်ရှိ မောင်နိုင်လင်းထွန်းအား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ရှာဖွေကယ်ဆယ်ရေး(အထူး) တပ်ဖွဲ့ဝင်များနှင့် တူကီယဲ(တူရကီ)နိုင်ငံမှ GEA Search and Rescue အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဧပြီ ၁ ရက် ညနေ ၃ နာရီမှ စတင်ကယ်ထုတ်ခဲ့ရာ ရှာဖွေကယ်ဆယ်မှု ကိုးနာရီခွဲကြာမြင့်ခဲ့ပြီး ည ၁၂ နာရီခွဲတွင် ကယ်ဆယ်နိုင်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် အသက် ၂၆ နှစ်အရွယ် ထက်မောင်မောင်ကိုလည်း ယနေ့နံနက် ၁၀ နာရီမှစတင်၍ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခဲ့ရာ ရှာဖွေကယ်ဆယ်မှုကြာချိန် ၃ နာရီ ၅၅ မိနစ်ခန့်ကြာမြင့်ခဲ့ပြီး မွန်းလွဲ ၁ နာရီ ၅၅ မိနစ်ခန့်တွင် အသက်ရှင်လျက်အောင်မြင်စွာ ထပ်မံကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ထိုသို့ရှာဖွေကယ်ဆယ်နိုင်ခဲ့ခြင်းမှာ ၎င်းတို့၏ကုသိုလ်ကံ၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၏ ကြိုးပမ်းမှုနှင့် အဆင့်မြင့်နည်းပညာအကူအညီနှင့် ကယ်ဆယ်ရေး အတွေ့အကြုံများကြောင့် ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတကာကို ဖိတ်ခေါ်ဆောင်ရွက်မှုများကြောင့် နိုင်ငံတကာမှအသုံးပြုသည့် နောက်ဆုံးပေါ် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ထိတွေ့ခွင့်ရရှိပြီး နည်းပညာအသုံးချမှုများနှင့် အဆင့်မြင့်နည်းပညာသုံးပစ္စည်းများ၏ စွမ်းပကားများကို တစ်ဖက်မှလည်း လေ့လာခွင့်ရခဲ့ကြောင်း၊ ယင်းသည် အဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံကောင်းများဖြစ်ပါကြောင်း၊ နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဒုက္ခရောက်နေသည့် နိုင်ငံသားများအနေဖြင့် အသက်ရှင်ခွင့်ရသကဲ့သို့ ပြည်တွင်းမှ ကယ်ဆယ်ရေးအဖွဲ့များအနေဖြင့်လည်း ၎င်းတို့အသုံးပြုသည့်တန်ဖိုးမဖြတ်နိုင်သည့် နည်းပညာများ၊ ခေတ်မီစက်ပစ္စည်းအသုံးပြုမှုပညာရပ်များကို မျှဝေရရှိကြောင်း၊ ယမန်နေ့က နိုင်ငံတကာမှ ကယ်ဆယ်ရေးအတွက် လာရောက်သည့်လေယာဉ်အခေါက်ရေ ၄၉ ခေါက်ဖြစ်ရာ လက်ရှိအချိန်အထိ ကယ်ဆယ်ရေးအဖွဲ့ဝင် အင်အား ၁၉၁၅ ဦး၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း တန်ချိန် ၇၁၄ တန်ကျော် ရောက်ရှိပြီဖြစ်ကြောင်း၊အဆိုပါရောက်ရှိလာသည့်ကယ်ဆယ်ရေးပစ္စည်းများကို မြန်မြန်ရောက် မြန်မြန်ပို့ မြန်မြန်ဖြန့်စနစ်ဖြင့် ဆောင်ရွက်နေပြီး နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း နိုင်ငံတကာမှ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများရောက်ရှိပါက အရန်လုံးဝမထားဘဲ ငလျင်ဒဏ်သင့်ပြည်သူများ လက်ဝယ်သို့ အမြန်ဆုံးရောက်ရှိအောင် ပို့ဆောင်ရန် ညွှန်ကြားထားကြောင်း၊ မတ် ၂၈ ရက်မှ ယနေ့ထိ ပြင်းထန်မြေလျင်၏ နောက်ဆက်တွဲ မြေလျင်များ လှုပ်ရှားမှုမှာ ၅၇ ကြိမ်ရှိပြီဟု ထုတ်ပြန်ထားသည့်အတွက် သတိလက်လွတ် မဖြစ်စေဘဲနေထိုင်သွားလာကြရန် လိုအပ်ကြောင်း၊ ယမန်နေ့ကကျင်းပပြုလုပ်ခဲ့သည့် ငလျင်ဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲတွင်လည်း အားတက်သရောလှူဒါန်းကြသည့်အတွက် ကြည်နူးဝမ်းမြောက်ဖွယ် တွေ့မြင်ရပါကြောင်းနှင့် ပြည်တွင်း၊ ပြည်ပ အလှူရှင်များနှင့် ဝန်ကြီးဌာနများမှ လှူဒါန်းမှုအနေဖြင့် စုစုပေါင်း အလှူငွေကျပ် သိန်းပေါင်း ၁၂၆၄၈၈၁ ကျပ် ရရှိခဲ့ကြောင်း၊ အဆိုပါလှူဒါန်းငွေများကိုလည်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်စနစ်တကျ စီမံသုံးစွဲရန်လိုအပ်ကြောင်း။

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဝန်ထမ်းအိမ်ရာများ၊ ရုံးအဆောက်အအုံများနှင့်ပတ်သက်၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များ စားသောက်ရေးအဆင်ပြေစေရေးနှင့် ယာယီနေထိုင်နိုင်ရေးအတွက် စီစဉ်နေရာချထားပေးရမည်ဖြစ်ကြောင်း၊ ထိုသို့စီစဉ်ရာတွင် မိုးတွင်းကာလနှင့်ချိန်ညှိ၍ မိုးရာသီ မတိုင်မီ မိုးလုံလေလုံ ယာယီ၊အမြဲတမ်း အဆောက်အအုံများ ဆောင်ရွက်ထားရန်မှာ အရေးကြီးသည့်အချက်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် ပျက်စီးနေသည့်အပျက်အစီးများကို ဖယ်ရှားရှင်းလင်းရန်၊ဒုတိယအဆင့်အနေဖြင့် နေထိုင်ရန်မသင့်သည့် ယိုင်နဲ့နေသည့်နေအိမ်များကို ဖြိုဖျက်ရန်၊ တတိယအဆင့်အနေဖြင့် ကျန်အဆောင်အအုံများကို ဆက်လက်အသုံးပြုရန် သင့်၊ မသင့်စစ်ဆေးရန်နှင့် နောက်ဆုံးအနေဖြင့် တည်ဆောက်ရေးအပိုင်းဖြစ်ကာ တည်ဆောက်ရေးဆောင်ရွက်ရာတွင် လက်ရှိနေရာတွင်ပင် တည်ဆောက်ရန် သင့်၊ မသင့်ကို ဘူမိဗေဒပညာရှင်များ၊ ငလျင်ပညာရှင်များ အင်ဂျင်နီယာကောင်စီမှ ပညာရှင်များနှင့်တိုင်းတာစစ်ဆေးရန်ဖြစ်ပြီး တည်ဆောက်ရန်မသင့်ပါက သင့်တော်သည့် အခြားမြေနေရာရှာဖွေတည်ဆောက်ရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာများ၏ အားနည်းချက်မှာ အိမ်ရာများတွင်ဝန်ကြီးဌာနအလိုက် သီးသန့်စီစဉ်နေထိုင်ခြင်း မဟုတ်သည့်အတွက် စီမံဆက်သွယ်ဆောင်ရွက်မှုများ၌ ကန့်သတ်ချက်အချို့ တွေ့ရှိရ၍ ပြန်လည်တည်ဆောက်ရေးနှင့် နေရာချထားရေးဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအလိုက် တစ်စုတစ်စည်းထဲနေရာချထားရန်လိုအပ်သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသူများအနေဖြင့် ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ ဆောင်ရွက်နေဆဲကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ယာယီပြန်လည်နေရာချထားရေးကိစ္စရပ်များနှင့် အမြဲတမ်းနေရာချထားရေးကိစ္စရပ်များကို ထိထိရောက်ရောက်ဆွေးနွေးကြရန် လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ကော်မတီဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့က မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်ထိ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံတကာမှရှာဖွေကယ်ဆယ်ရေးအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ငလျင်ဒဏ်သင့်ဒေသများတွင် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားမှု၊ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဆေးအဖွဲ့များနှင့် ထောက်ပံ့ပစ္စည်းများရောက်ရှိမှု၊ အဆိုပါကယ်ဆယ်ရေးအဖွဲ့များနှင့် ထောက်ပံ့ပစ္စည်းများကို စနစ်တကျဖြန့်ခွဲနေရာချထားပေးမှု၊ ဆက်သွယ်မှုလမ်းကြောင်းများ မပြတ်တောက်စေရန် ပျက်စီးသွားသည့်



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ငလျင်ဒဏ်သင့်ဝန်ထမ်းမိသားစုများကို တွေ့ဆုံထောက်ပံ့အားပေးစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ငလျင်ဒဏ်ကြောင့် ဆေးရုံတက်ရောက်ကုသလျက်ရှိသည့်လူနာများကို တွေ့ဆုံအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁ ရက်နှင့် ယနေ့တို့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ငလျင်ဒဏ်သင့်ဝန်ထမ်းများကို တွေ့ဆုံ၍ အားပေးစကားပြောကြားခြင်းနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်း၊ ခုတင်-၁၀၀၀ ပြည်သူ့ဆေးရုံကြီး နေပြည်တော်တွင် အရေးပေါ်ဆေးရုံတက်ရောက်ကုသလျက်ရှိသည့်လူနာများကို တွေ့ဆုံ၍ အားပေးစကားပြောကြားခြင်း၊ ဆေးရုံတက်လူနာဦးရေ ၁၀၀၀ အတွက် အာဟာရဖြည့်စွက်စာနှင့် ရေသန့်ဘူးများထောက်ပံ့ပေးခြင်းကို စေတနာရှင်၊အလှူရှင်များနှင့်အတူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

လမ်း၊ တံတားများကို ယာယီသွားလာနိုင်ရေး ပြင်ဆင်ဆောင်ရွက်ပေးထားမှု၊ ငလျင်ဒဏ် သင့်ပြည်သူများနှင့် ဝန်ထမ်းများကို အခြေခံ စားသောက်ကုန်များနှင့် လိုအပ်ချက်များကို ထောက်ပံ့ပေးအပ်လျက်ရှိမှု၊ မြေပြင်စာရင်း ကောက်ယူရေးအဖွဲ့များဖြင့် ပျက်စီးဆုံးရှုံးမှု စာရင်းများကောက်ယူလျက်ရှိမှု၊ AHA Center၊ နိုင်ငံတကာနှင့် ပြည်တွင်း၊ ပြည်ပအလှူရှင်များက အလှူငွေများနှင့် ထောက်ပံ့ရေး ပစ္စည်းများ လက်ခံရရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ်ဆောင်ရွက်ပြီးစီးမှုများကို ဖတ်ကြား တင်ပြသည်။

ထို့နောက် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က မတ် ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုအခြေအနေများ၊ကယ်ဆယ်ရေးလေယာဉ်များနှင့် ပစ္စည်းများရောက်ရှိမှု အခြေအနေများ၊ ငလျင်ဒဏ်ကြောင့် သာသနိကအဆောက်အအုံများ၊ အခြားဘာသာရေးအဆောက်အအုံများ၊ နေအိမ်များနှင့် ဝန်ထမ်းအိမ်ရာများ ပျက်စီးဆုံးရှုံးမှု၊ သံဃာတော်များ၊ အရပ်သားပြည်သူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ အရေးပေါ်ကူညီကယ်ဆယ်ရေးဆောင်ရွက်နေမှုများ၊ ငလျင်ဘေးဒဏ်ခံစားရသည့် ဝန်ထမ်းများအတွက် ဝန်ကြီးဌာန အသီးသီးအလိုက် စားသောက်၊ နေထိုင်မှုနှင့် လုံခြုံရေးအတွက် ဆောင်ရွက်ပေးထားမှုအခြေအနေများ၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတကာမှ ကမ်းလှမ်းထားသည့်အခြေအနေများ၊ စိုက်ပျိုးမြေများနှင့် တာ၊ တမံများ ပျက်စီးမှု၊ နိုင်ငံတကာမျက်နှာစာတွင် လက်ရှိဖြစ်ပေါ်မှုများနှင့်ပတ်သက်၍ အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ရေး၊ ယာယီဆေးရုံ၊ ဆေးခန်းများဖွင့်လှစ်ထားရှိမှု၊ ကယ်ဆယ်ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ အဆင်သင့်စုဖွဲ့ထားရှိမှု၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေးတင်ပြကြသည်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံတကာမှလှူဒါန်းထားသည့် ယာယီတဲအဆောက်အအုံများ၊ အရေးပေါ်လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ဆေးပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

ဆွေးနွေးတင်ပြမှုများအပေါ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အဆောက်အအုံများကို ပြန်လည်တည့်မတ်ရန်အတွက် လုံလောက်သည့်ပစ္စည်းကိရိယာများရရှိရေး၊ ယာယီဆေးရုံများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး၊ သံဃာတော်များ၏ ဆွမ်း၊ ကွမ်း ဝေယျာဝစ္စနှင့် ယာယီကျောင်းဆောင်များ အဆင်ပြေမှုရှိစေရေး၊ အဆောက်အအုံများ ပျက်စီးဆုံးရှုံးသွားသည့် ပြည်သူများနှင့် ဝန်ထမ်းများအား နေရာချထားနိုင်ရေးအတွက် မိုးရာသီမတိုင်မီ နှစ်လအတွင်း အနိမ့်ဆုံးအဆင့်ယာယီအမိုးအကာရရှိအောင် စီမံဆောင်ရွက်ရေး၊ အဆောက်အအုံများ ပျက်စီးမှု၊ ဖြိုချရန်လိုအပ်မှုနှင့် နေထိုင်ရန်သင့်၊ မသင့်တို့ကို အမြန်ဆုံးစာရင်းကောက်ယူရေး၊ အဆောက်အအုံများကို ဖြိုချရသည်ဖြစ်စေ၊ အပျက်အစီးများကိုဖယ်ရှားရသည်ဖြစ်စေ မိသားစုပိုင်ပစ္စည်းများကို ပြန်လည်ရရှိနိုင်ရေးအတွက် စနစ်တကျစီမံပြုလုပ်ရေး၊ နိုင်ငံတကာအကူအညီများ လွယ်ကူချောမွေ့အဆင်ပြေစေရေးအတွက် စီမံဆောင်ရွက်ပေးနိုင်ရေးနှင့် လမ်းခရီးကန့်သတ်ချက်များနှင့် အကြမ်းဖက်သမားများ၏ နှောင့်ယှက်မှုများရှိနေသောကြောင့် လုံခြုံရေးကိစ္စရပ်များ အဆင်ပြေစေရန် ကယ်ဆယ်ရေးယာဉ်နှင့်ကယ်ဆယ်ရေးအဖွဲ့များဖြစ်ကြောင်းကို သိသာထင်ရှားသည့် အမှတ်အသားများပြုလုပ်၍ ခွင့်ပြုချက်၊ စီမံချက်တို့ဖြင့် စနစ်တကျစေလွှတ်ပေးနိုင်ရေး၊ ငလျင်ဒဏ်ကြောင့် သေဆုံးသူများ၊ ဒဏ်ရာရရှိသူများအပေါ် ထောက်ပံ့ကြေးများ အမြန်ဆုံးထုတ်ပေးနိုင်ရေးနှင့် အရေးပေါ် စားနပ်ရိက္ခာများ ထောက်ပံ့ပေးနိုင်ရေး၊ သန့်ရှင်းသောသောက်ရေနှင့် သုံးရေရရှိရေး၊ လျှပ်စစ်မီးလျင်မြန်စွာရရှိရေးနှင့် စေတနာရှင်များ၏ ယန္တရားတစ်အုပ်တစ်မအကူအညီပေးထားမှုများအပေါ် အမှန်တကယ်လိုအပ်သည့် လမ်း၊ တံတားနှင့် အဆောက်အအုံနေရာများတွင်အသုံးပြုနိုင်ရေးအတွက် စနစ်တကျစီမံ၍ အကျိုးရှိအောင်ဆောင်ရွက်ရေး၊ ပြည်သူများအနေဖြင့် သဘာဝဘေးနှင့် ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် အကြောင်းအချက်များနှင့် သတင်းများကို ဆောလျင်မြန်ဆန်စွာသိရှိနိုင်ရေးနှင့်လှူဒါန်းသည့်ပစ္စည်းများ မလိုအပ်ဘဲ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ဆပ်ကော်မတီအလိုက် စနစ်တကျ စာရင်းပြုစုရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို NDMC အဖွဲ့ဝင်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အစည်းအဝေးအပြီးတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသော နိုင်ငံတကာမှ လှူဒါန်းထားသည့် ယာယီတဲအဆောက်အအုံများ၊ အရေးပေါ်လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ဆေးပစ္စည်းများကို လိုက်လံကြည့်ရှုကြသည်။

အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ထိခိုက်ပျက်စီးသေဆုံးမှုမှာ ဧပြီ ၂ ရက် ညနေ ၆ နာရီထိကနဦးစာရင်းများအရ သေဆုံးသူ ၃၀၀၃ ဦး၊ ပျောက်ဆုံးသူ ၃၅၁ ဦး၊ဒဏ်ရာရရှိသူ ၄၅၁၅ ဦးရှိပြီး လူနေအိမ် ၂၁၇၈၃ လုံး၊ ရုံးဌာနအဆောက်အအုံ ၈၀၅ လုံး၊ ဝန်ထမ်းအိမ်ရာ ၁၁၅ လုံး၊ စာသင်ကျောင်း ၁၀၄၁ ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်း ၉၂၁ ကျောင်း၊ ဘုရားစေတီအဆူ ၁၆၇၀၊ အခြားဘာသာရေးအဆောက်အအုံ ၃၁၂ လုံး၊ ဆေးရုံ၊ ဆေးခန်း ၄၈ လုံး၊ စပါးနှင့် အခြားသီးနှံ ၄၅ ဧကတို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီအနေဖြင့် နိုင်ငံတကာမှရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေတွင် တရုတ်နိုင်ငံ(ယူနန်)မှ အဖွဲ့ဝင် ၃၇ ဦးနှင့် ပူးပေါင်း၍ အသက်ရှင်သူ တစ်ဦး၊ သေဆုံးသူ နှစ်ဦးကိုလည်းကောင်း၊ စင်ကာပူနိုင်ငံမှ အဖွဲ့ဝင် ၈၉ ဦးနှင့် ပူးပေါင်း၍ အသက်ရှင်သူ တစ်ဦး၊ သေဆုံးသူ လေးဦးကိုလည်းကောင်း၊ ထိုင်းနိုင်ငံမှ အဖွဲ့ဝင်ဦးရေ ၅၀ နှင့်ပူးပေါင်း၍ သေဆုံးသူ သုံးဦးကိုလည်းကောင်း၊ ဗီယက်နမ်နိုင်ငံမှ အဖွဲ့ဝင် ၁၀၆ ဦးနှင့်ပူးပေါင်း၍ သေဆုံးသူ ခုနစ်ဦးကိုလည်းကောင်း၊ တူကီယဲ(တူရကီ)နိုင်ငံမှ အဖွဲ့ဝင် ရှစ်ဦးနှင့်ပူးပေါင်း၍ အသက်ရှင်သူ နှစ်ဦးကိုလည်းကောင်း စုစုပေါင်း အသက်ရှင်သူ လေး ဦးနှင့် သေဆုံးသူ ၁၆ ဦးတို့ကို ရှာဖွေကယ်ဆယ်နိုင်ခဲ့ကြောင်း။

အလားတူ မန္တလေးတိုင်းဒေသကြီးတွင် ရုရှားနိုင်ငံမှ အဖွဲ့ဝင် ၁၆၇ ဦးနှင့် ပူးပေါင်း၍ အသက်ရှင်သူ တစ်ဦး၊ သေဆုံးသူ ခြောက်ဦးကိုလည်းကောင်း၊ တရုတ်နိုင်ငံ(ပေကျင်း)မှ အဖွဲ့ဝင် ၈၄ ဦး၊ တရုတ်နိုင်ငံ Blue Sky Rescue Team မှ အဖွဲ့ဝင် ၁၁၆ ဦး၊ တရုတ်နိုင်ငံ(ဟောင်ကောင်)မှ အဖွဲ့ဝင် ၅၁ ဦးတို့နှင့် ပူးပေါင်း၍ အသက်ရှင်သူ နှစ်ဦး၊ သေဆုံးသူ ၁၄ ဦးကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံမှ အဖွဲ့ဝင်ဦးရေ ၈၀နှင့် ပူးပေါင်း၍ သေဆုံးသူ ၁၁ ဦးကိုလည်းကောင်း စုစုပေါင်း အသက်ရှင်သူ သုံးဦးနှင့် သေဆုံးသူ ၃၁ ဦးတို့ကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ကြောင်း။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးတွင် မလေးရှားနိုင်ငံမှ အဖွဲ့ဝင်ဦးရေ ၅၀ နှင့်ပူးပေါင်း၍ သေဆုံးသူ ခြောက်ဦးတို့ကို ရှာဖွေနိုင်ခဲ့ရာ ရှာဖွေကယ်ဆယ်ရေး ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်း နိုင်ငံပေါင်း ခုနစ်နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ၁၂ ဖွဲ့တို့နှင့် ပူးပေါင်း၍ အသက်ရှင်သူ ခုနစ်ဦးနှင့် သေဆုံးသူ ၅၃ ဦးတို့ကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်ပမှ တင်သွင်းခွင့်ပြုထားသော ဘိလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ



**နေပြည်တော် ဧပြီ ၂**

ယခုအချိန်သည် ပွင့်လင်းရာသီသို့ရောက်ရှိလာပြီဖြစ်၍ နိုင်ငံတစ်ဝန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ထိုသို့တည်ဆောက်မှုလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သည့်ပြည်တွင်းဘိလပ်မြေလိုအပ်ချက်အားပြည့်မီစေရန်နှင့် ပြည်တွင်းထုတ်လုပ်မှုကို အင်အားဖြည့်တင်းပေးနိုင်ရန်အတွက် ပြည်ပမှ ဘိလပ်မြေများအား တင်သွင်းခွင့်ပြုလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်သွင်းလာသော ဘိလပ်မြေတင်ရေယာဉ်များ စဉ်ဆက်မပြတ်ရောက်ရှိလျက်ရှိပြီး ယခုတန်ချိန် ၃၁၀၀ တင်ဆောင်လာသည့် ရေယာဉ်သည် ရန်ကုန်မြို့ ရွှေပြည်သာ မုတ္တမဆိပ်ကမ်း သို့ ယမန်နေ့ညနေပိုင်းတွင် ထပ်မံရောက်ရှိခဲ့၍ ယနေ့နံနက်ပိုင်းက ဈေးကွက်အတွင်း ဖြန့်ဖြူးရန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်း ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သောဘိလပ်မြေကိုတင်သွင်းခွင့်ပြုထားပြီး ယခုရေယာဉ်အပြင် ကျန်ဘိလပ်မြေတင်ဆောင်လာသည့်ရေယာဉ်များပါ အပတ်စဉ်ဆက်လက် ရောက်ရှိလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အင်းဝတံတား(စစ်ကိုင်း) ရေလမ်း ယာယီပြောင်းလဲသတ်မှတ်ထားကြောင်း သတင်းထုတ်ပြန်

၁။ အင်းဝတံတား(စစ်ကိုင်း) ရေလမ်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့် (၅)ကြားမှ လည်းကောင်း၊ အဆန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃) နှင့် (၄)ကြားမှလည်းကောင်း သတ်မှတ်ပေးခဲ့ပါသည်။ ယခုအခါ ငလျင်ဒဏ်ကြောင့် သတ်မှတ်ရေလမ်းအတွင်းရှိ တံတားခုံးများ ပြိုကျခဲ့သဖြင့် မတ် ၃၀ ရက်မှစ၍ အစုန်၊ အဆန် ယာယီရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်(၅)နှင့်(၆)ကြား သတ်မှတ်ပေးထားသည်။

၂။ ပြောင်းလဲမည့်ယာယီရေလမ်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၅၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ပေ ၄၀ ရှိသည်။ ရေလယ်တိုင်အမှတ်(၅)၏ ထိပ်ပိုင်းတွင်ကွဲအက်မှုများဖြစ်ပေါ်နေသောကြောင့် ရေယာဉ်များသတိထား၍ တံတားရေလမ်းကို ဖြတ်သန်းကြရန် လိုအပ်သည်။

၃။ တံတားရေလမ်းကို ဖြတ်သန်းကြမည့်ရေယာဉ်များသည် ရေလယ်တိုင်နှစ်ခုကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။

**ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E.Mr.Yohei SASAKAWA က ငလျင်ဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

ရှေ့ဖုံးမှအဆက်

နေပြည်တော်ရှိ တပ်မတော်ဧည့်ရိပ်သာ၌လာရောက်တွေ့ဆုံပြီး ငလျင်ဘေးဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ဦးစွာ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ငလျင်သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် ကယ်ဆယ်ရေးပစ္စည်း ၁၄ မျိုးပါ ကျောပိုးအိတ် အလုံး ၅၀၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းဦးထုပ်အလုံး ဖ၀နှင့် လက်အိတ် တစ်ဖာတို့ကိုပေးအပ်လှူဒါန်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏အထူးကိုယ်စားလှယ်နှင့်နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌတို့သည် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် ငလျင်သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရမှုအခြေအနေများ၊ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ပေးခဲ့မှုနှင့် ကူညီကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများပေးပို့ပေးခဲ့သည့်အခြေအနေများ၊ နိုင်ငံတကာမှ လာရောက်ကူညီကြသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့်အတူ ကူညီကယ်ဆယ်မှုများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌအနေဖြင့် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် ငလျင်သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျလာရောက်ပေးအပ်လှူဒါန်းခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိသည့်အခြေအနေများ၊ နီပွန်ဖောင်ဒေးရှင်းအနေဖြင့် အမေရိကန်ဒေါ်လာ သုံးသန်းနှင့်ညီမျှသည့် စားနပ်ရိက္ခာများအပါအဝင် အခြားလိုအပ်သည့် ထောက်ပံ့ပစ္စည်းများအား ငလျင်ဒဏ်ခံစားနေရသော ပြည်သူများထံသို့လှူဒါန်းသွားမည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



မြန်မာနိုင်ငံအမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E.Mr.Yohei SASAKAWA လှူဒါန်းခဲ့သည့် ငလျင်ဒဏ်သင့် ဒေသများအတွက် ကူညီကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများကို တွေ့ရစဉ်။

## အင်အားပြင်းငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ကူညီကယ်ဆယ်ရေးဆောင်ရွက်လိုသည့်မည်သည့်အဖွဲ့အစည်းပင်ဖြစ်စေ လုပ်ထုံးလုပ်နည်းနှင့်အညီ အကြောင်းကြားသတင်းပို့လာပါက နိုင်ငံတော်အစိုးရအနေဖြင့် ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်




**နေပြည်တော် ဇွန် ၂**

နိုင်ငံတော်အနေဖြင့် လက်ရှိဖြစ်ပေါ်ခဲ့သည့် အင်အားပြင်းငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီများကိုလက်ခံ၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့ပစ္စည်းများလက်ခံသည့် လုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနိုင်ငံများမှ သံရုံးများ၊ စစ်သံရုံးများမှတစ်ဆင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်သွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ လက်ရှိလူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြလျက်ရှိသည့် တရုတ်ကြက်ခြေနီအသင်း ယာဉ်တန်း ပစ်ခတ်ခံရမှုနှင့်ပတ်သက်၍ ၎င်းအဖွဲ့အနေဖြင့် မိမိတို့နိုင်ငံ၏ သက်ဆိုင်ရာသံရုံး၊ စစ်သံရုံးများကို ဆက်သွယ်ခဲ့ခြင်းမရှိခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

ဖြစ်စဉ်အနေဖြင့် နောင်ချိုမြို့နယ် အုန်းမတီးကျေးရွာအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၎င်းနေရာသည် တပ်မတော်နှင့် TNLA အကြမ်းဖက်သောင်းကျန်းသူများ ထိတွေ့တိုက်ပွဲဖြစ်ပွားနေသည်ကို သတင်းစာမျက်နှာများတွင် အများပြည်သူများ မြင်တွေ့ကြရမည်ဖြစ်သည်။ ယခုဖြစ်စဉ်မှာ ဇွန် ၁ ရက် ည ၉ နာရီခန့်တွင် မော်တော်ယာဉ် ကိုးစီးခန့် ပါဝင်သည့်ယာဉ်တန်းသည် နောင်ချိုမြို့ဘက်မှ ထွက်ခွာလာခဲ့ပြီး အုန်းမတီးရွာအနီးအရောက်တွင် တပ်မတော်လုံခြုံရေးအဖွဲ့များက လိုအပ်သည့်လုံခြုံရေးဆိုင်ရာစစ်ဆေးမှုများဆောင်ရွက်နိုင်ရေး မီတာ ၂၀၀ ဝန်းကျင်အကွာမှစ၍တားဆီးခဲ့ရာ ရပ်တန့်ခဲ့ခြင်းမရှိသောကြောင့် မီတာ ၁၀၀ ခန့်အကွာသို့ အရောက်တွင် သေနတ်အား မိုးပေါ်ထောင်၍ သုံးချက်ပစ်ဖောက်ခဲ့သဖြင့် အဆိုပါယာဉ်တန်းမှာ နောင်ချိုမြို့ဘက်သို့ ပြန်လှည့်သွားခြင်းဖြစ်သည်ကို တွေ့ရှိရသည်။

အထက်ပါဖြစ်စဉ်မတိုင်မီ Blue Sky ကူညီကယ်ဆယ်ရေးအသင်းအဖွဲ့သည်လည်း ကုန်းလမ်းကြောင်းမှဝင်ရောက်လာခြင်းဖြစ်ပြီး ယင်းအဖွဲ့သည် နိုင်ငံတကာတွင်လည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့်အသင်းလည်းဖြစ်သည်။ အဆိုပါတရုတ်နိုင်ငံမှ Blue Sky ကူညီကယ်ဆယ်ရေးအဖွဲ့သည် မတ် ၃၁ ရက်တွင်ထွက်ခွာလာခဲ့ပြီး ည ၁၀ နာရီခွဲတွင် ဝက်ဝံဂိတ်၊ ည ၁၁ နာရီတွင် ၁၆ မိုင် ဂိတ်တို့သို့ရောက်ရှိခဲ့ကာ မန္တလေးမြို့သို့ ဧပြီ ၁ ရက် နံနက် ၁ နာရီမထိုးမီရောက်ရှိခဲ့ပြီး အဆိုပါအဖွဲ့အတွက် လုံခြုံရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လမ်းတစ်လျှောက်ဆောင်ရွက်ပေးခဲ့ပြီး မန္တလေးမြို့ထိ အန္တရာယ်ကင်းစွာရောက်ရှိခဲ့ကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသိပေးခြင်း၊ အကြောင်းကြားခြင်းများဆောင်ရွက်ရခြင်းဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့် ယခုအချိန်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်နေရသည့်အပြင် လက်နက်ကိုင်သောင်းကျန်းသူများ၏ အန္တရာယ်လည်းရှိသည့်အတွက် လက်နက်ကိုင်အဖွဲ့များ၏ နိုင်ငံရေး အမြတ်ထုတ်လိုမှုများရှိသောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အကောင်းဆုံးဖြစ်စေရေး ချိန်ဆ၍ ဆောင်ရွက်နေရသည်။

အဆိုပါယာဉ်တန်း ပစ်ခတ်ခံရသည်ဆိုသည့် ကိစ္စနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့်သာမက တာဝန်ရှိသူများကပါ စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ အချို့မီဒီယာများတွင် ယာဉ်တန်းပစ်ခံရသည့်ဖြစ်စဉ်၌ မော်တော်ယာဉ်ပုံများသည် မြန်မာနိုင်ငံမှ မော်တော်ယာဉ်နံပါတ်များပါသည့် ကုန်တင်ကားများဖြစ်သည်ကို တရုတ်ကြက်ခြေနီအသင်းဟု စွပ်စွဲရေးသားထားသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင်အခက်အခဲများဖြစ်ပေါ်နေချိန်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ စာနာထောက်ထားပေးခြင်း၊ထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်ပေးကြသည့်အဖွဲ့အစည်းများ၊ နိုင်ငံများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကြိုတင်အကြောင်းကြားခြင်း၊ အသိပေးခြင်းများ၊ လုံခြုံရေးအကူအညီ ရယူဆောင်ရွက်ခြင်းတို့ကို ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်အတွက်လည်း မေတ္တာရပ်ခံလိုပါသည်။ ယခုလက်ရှိတွင် တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မလေး ရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ယူအေအီး၊ လာအို၊ ဘယ်လာရုစ်၊ အင်ဒိုနီးရှား၊ဘူတန်၊ဖိလစ်ပိုင်၊ဂျပန်၊တရုတ်(ဟောင်ကောင်) စသည့် နိုင်ငံပေါင်း ၁၅ နိုင်ငံမှ လေကြောင်းမှ ကူညီထောက်ပံ့မှုလေယာဉ် ၅၃ စင်း၊ ကယ်ဆယ်ရေးဝန်ထမ်းပေါင်း ၁၉၁၅ ဦးရောက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကာ ထောက်ပံ့ရေးပစ္စည်းတန်ချိန် ၃၅၄ တန်ကျော် ကယ်ဆယ်ရေးပစ္စည်းတန်ချိန် ၄၉၅ တန်ကျော် ရောက်ရှိပြီးဖြစ်သည်။

ပြည်ဖျက်မီဒီယာများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသည့်အဖွဲ့အစည်းများ၏ ကောလာဟလသတင်းထုတ်လွှင့်ချက်များကို ပြည်သူများအနေဖြင့် အထူးဂရုစိုက်ကြရန်လိုပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် ပါဝင်ဆောင်ရွက်လိုသည့် မည်သည့်အဖွဲ့အစည်းပင်ဖြစ်စေလုပ်ထုံးလုပ်နည်းများအတိုင်း အကြောင်းကြားသတင်းပို့လာပါက နိုင်ငံတော်အစိုးရအနေဖြင့် အမြဲတမ်းလက်ကမ်းကြိုဆိုသွားမည်ဖြစ်ကြောင်းနှင့်ကြုံတွေ့နေရသည့် သဘာဝဘေးဒဏ်ကို အစိုးရ၊ ပြည်သူ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာမှကူညီမှုများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်သွားကြရမည်ဖြစ် ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ နိုင်ငံတကာမှ ခေါင်းဆောင်များ၊ အကြီးအကဲများ၊ ဘာသာရေးအသင်းအဖွဲ့အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့

**နေပြည်တော် ဧပြီ ၂**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် နိုင်ငံတကာမှ ခေါင်းဆောင်များ၊ အကြီးအကဲများ၊ ဘာသာရေးအသင်းအဖွဲ့အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့ကြသည်။

အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့်ထိခိုက်ဒဏ်ရာရရှိမှုများအမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမီရ်ပူတင်ကလည်းကောင်း၊ ဘယ်လာရုစ်နိုင်ငံ သမ္မတ မစ္စတာအလက်ဇန္ဒားလူကာရှန်ကိုကလည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Sonexay Siphandone ကလည်းကောင်း၊ တာ့ခ်မင်နစ္စတန်နိုင်ငံ သမ္မတ H.E Mr. Serdar Berdimuhamedov ကလည်းကောင်း၊ ဆေးရှဲလ်စ်သမ္မတနိုင်ငံ သမ္မတ Mr. Wavel Ramkalawan ကလည်းကောင်း၊ အာရှငြိမ်းချမ်းရေးနှင့် စေ့စပ်ညှိနှိုင်းရေးကောင်စီဥက္ကဋ္ဌ Prof. Dr.Surakiart Sathirathai ကလည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီဒုတိယဥက္ကဋ္ဌ မစ္စတာဒီမီထရီမက်ဗီဒက်ဗ်ကလည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ခရိုင်အုပ်ချုပ်ရေးမှူး Mr. A.A. Travnikov ကလည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ Mr. Alexey Tsydenov ကလည်းကောင်း၊ ဂျပန်နိုင်ငံ ဂျပန်-မြန်မာယဉ်ကျေးမှု၊ စက်မှုဖွံ့ဖြိုးတင်ရေးအသင်း ဂုဏ်ထူးဆောင်အကြံပေး ဟီရိုမီချီဝါတာနာဘေကလည်းကောင်း၊ အရှေ့တောင်အာရှ Patriarchal Exarchate ၏ဘုန်းတော်ကြီး Sergiy တို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ အသီးသီး ပေးပို့ကြသည်။

အဆိုပါသဝဏ်လွှာများတွင် မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်သည့် ငလျင်ဒဏ်ခံစားခဲ့ရပြီး အသက်အိုးအိမ်စည်းစိမ်အများအပြား ထိခိုက်ဆုံးရှုံးရသည်ကို သိရှိရသည့်အတွက် များစွာဝမ်းနည်းမိပါကြောင်း၊ နောက်ဆက်တွဲဝမ်းနည်းဖွယ်ရာဖြစ်ရပ်များကြောင့် မိမိနေဖြင့် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ ရုရှားပြည်သူများသည် ဖော်ရွေသော မြန်မာပြည်သူများနှင့် ထပ်တူထပ်မျှဝမ်းနည်းရပါကြောင်း၊ ချစ်ခင်သူများ ဆုံးရှုံးခဲ့ရသည့်မိသားစုဝင်များကို စာနာနားလည်ပါကြောင်းနှင့် သဘာဝဘေးဒဏ်ကြောင့် ထိခိုက်သူများအားလုံးကို အမြန်ဆုံးပြန်လည်ကောင်းမွန်လာစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်၊ မြန်မာနိုင်ငံအစိုးရနှင့်မြန်မာပြည်သူများ အထူးသဖြင့် ကျန်ရစ်သူမိသားစုများအား များစွာဝမ်းနည်းကြေကွဲကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ပြင်းထန်သော ငလျင်လှုပ်ခတ်မှုကြောင့် ပြည်သူပေါင်းများစွာ ထိခိုက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် မိမိအနေဖြင့် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ မြန်မာပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေခဲ့သည့် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော ပြင်းထန်သည့် ငလျင်သတင်းအား ကြားသိရသည့်အတွက် များစွာဝမ်းနည်းကြေကွဲရပါကြောင်း၊ မြန်မာပြည်သူများ၏ဘဝ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရန် မျှော်လင့်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်သောငလျင်လှုပ်ခတ်ခဲ့သည့် သတင်းကြောင့် များစွာအံ့သြစိတ်မကောင်းဖြစ်ရပါကြောင်း၊ ယခုကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော ကပ်ဘေးဒုက္ခတွင် မိသားစုများ၊ မိတ်ဆွေများ ဆုံးရှုံးခဲ့ရသည့် မြန်မာပြည်သူများအားလုံးကို မိမိ၏ အလေးအနက်စိတ်မကောင်းမှုအား ဖော်ပြအပ်ပါကြောင်း၊ မိမိနှင့်အရှေ့တောင်အာရှ၏ အော်သိုဒေါ့ခရစ်ယာန်အသင်းတော်(Patriarchal Exarchate)ကိုယ်စား မြန်မာပြည်သူများအားလုံးနှင့် အဆွေတော်အား ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်းတို့ဖြင့် ဝမ်းနည်းစိတ်မကောင်းမှုများကို အသီးသီးဖော်ပြထားကြကြောင်း သတင်းရရှိသည်။

(ဓပ၁)

**လေးစားအပ်ပါသော ဝန်ကြီးချုပ်ခင်ဗျား-**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လှုပ်ခတ်ခဲ့သော ငလျင်၏ နောက်ဆက်တွဲ ဝမ်းနည်းဖွယ်ရာဖြစ်ရပ်များကြောင့် မိမိအနေဖြင့် များစွာစိတ်မကောင်းဖြစ်ရပါသည်။

ရုရှားပြည်သူများသည် ဖော်ရွေသော မြန်မာပြည်သူများနှင့် ထပ်တူထပ်မျှဝမ်းနည်းရပါသည်။ ငလျင်ဒဏ်ကြောင့် ချစ်ခင်ရသူများဆုံးရှုံးခဲ့ရသည့် မိသားစုဝင်များကို စာနာနားလည်ပါကြောင်းနှင့် သဘာဝဘေးဒဏ်ကြောင့် ထိခိုက်သူများအားလုံးကို အမြန်ဆုံးပြန်လည်ကောင်းမွန်လာစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လေးစားစွာဖြင့်

**ဗီ ပူတင်**

**မင့်စ် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်**

**အဆွေတော်**

လူအများအပြားသေဆုံးခဲ့ပြီး ပစ္စည်းအများအပြားပျက်စီးဆုံးရှုံးမှုကို ဖြစ်ပေါ်စေခဲ့သော မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ငလျင်ဖြစ်ပွားမှုကို ဘယ်လာရုစ်နိုင်ငံက ကြားသိရသည့်အတွက် အလွန်ပင် ဝမ်းနည်းမိပါသည်။

မိမိနှင့် မိမိ၏လုပ်ဖော်ကိုင်ဖက်များကိုယ်စား အဆွေတော်၊ သဘာဝဘေးအန္တရာယ်ငလျင်ဒဏ်ခံစားရသည့် ပြည်သူများ၏ မိသားစုများနှင့် အသက်ရှင်ကျန်ရစ်သူများကို စာနာထောက်ထားကြောင်း ဖော်ပြလိုပါသည်။

ယခုကဲ့သို့ ခက်ခဲသည့် အချိန်ကာလတွင် မြန်မာနိုင်ငံခေါင်းဆောင်များ၊ မြန်မာပြည်သူများနှင့် အတူတကွရှိနေပြီး ထိခိုက်ဒဏ်ရာရရှိသူများ ဆောလျင်စွာပြန်လည်ကျန်းမာလာစေရေးနှင့် တည်ငြိမ်မှုများရရှိစေရေးတို့အတွက် ဆုတောင်းမေတ္တာပို့သလျက်ရှိပါသည်။

**အလက်ဇန္ဒား လူကာရှန်ကို**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမြေငလျင်ဒဏ်ကြောင့် မြန်မာပြည်သူများ အသက်ဆုံးရှုံးမှုများနှင့်ပစ္စည်းဥစ္စာပျက်စီးမှုများအတွက် ဝမ်းနည်းစွာဖြင့် ကြားသိရပါသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်၊ မြန်မာနိုင်ငံအစိုးရနှင့် မြန်မာပြည်သူများ အထူးသဖြင့် ကျန်ရစ်သူမိသားစုများအား များစွာဝမ်းနည်းကြေကွဲကြောင်း ဖော်ပြလိုပါသည်။

အဆွေတော်နှင့် မြန်မာနိုင်ငံအစိုးရ၏ စွမ်းစွမ်းတမံဦးဆောင်မှုအောက်တွင် မြန်မာပြည်သူများအနေဖြင့် ယခုအခက်ခဲဆုံးအချိန်ကို ကျော်လွှားနိုင်မည်ဖြစ်ပြီး ငလျင်ဘေးသင့်နေရာများ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ဆုံဆိုင်းစီ ဖန်ဒုံ**
**ဝန်ကြီးချုပ်**
**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**နေပြည်တော်**

**လေးစားအပ်ပါသော ဗိုလ်ချုပ်မှူးကြီးခင်ဗျား-**

မြန်မာနိုင်ငံအလယ်ပိုင်းတွင် ပြင်းထန်သောငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပြည်သူပေါင်းများစွာ ထိခိုက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် မိမိအနေဖြင့် များစွာစိတ်မကောင်းဖြစ်ရပါကြောင်းကို ပြောကြားလိုပါသည်။

ယခုကဲ့သို့ အခက်ခဲဆုံးအချိန်တွင် တာ့ခ်မင်နစ္စတန်ပြည်သူများနှင့် အစိုးရသည် ငလျင်ဒဏ် သင့်ခဲ့ရသော မိသားစုဝင်များနှင့် ငလျင်ဒဏ်ကြောင့် ချစ်ခင်သူများ သေဆုံးခဲ့ရသည့် မိသားစုများအပေါ် စာနာထောက်ထားပါကြောင်းကို ဖော်ပြအပ်ပြီး အတူတကွရပ်တည်လျက်ရှိကြောင်းနှင့် ထိခိုက်ဒဏ်ရာရသူများ အမြန်ဆုံးပြန်လည်ကောင်းမွန်ရေးအတွက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အစဉ်အမြဲချစ်ကြည်လေးစားလျက်ရှိပါသည်။

**ဆန်ဒါ ဘာဒီမူ့ဟန်မီဒို့**
**သမ္မတ**
**တာ့ခ်မင်နစ္စတန်နိုင်ငံ**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်**

**အဆွေတော်**

မြန်မာပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေခဲ့သည့် မတ် ၂၈ ရက်တွင် လှုပ်ခတ်သွားခဲ့သော ပြင်းထန်သည့် ငလျင်သတင်းအား ကြားသိရသည့်အတွက် များစွာဝမ်းနည်းကြေကွဲရပါသည်။

ဆေးရှဲလ်စ်သမ္မတနိုင်ငံ အစိုးရနှင့် ပြည်သူများကိုယ်စား မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများကို ဝမ်းနည်းဖွယ်ဖြစ်ရပ်ကြောင့် ထိခိုက်ခံစားရသူများနှင့် ဝမ်းနည်းပူဆွေးနေသော မိသားစုများအား ဝမ်းနည်းကြောင်း ဖော်ပြလိုပါသည်။

ယခုလိုခက်ခဲသည့် အချိန်ကာလတွင် မြန်မာပြည်သူများနှင့်အတူ မိမိတို့ အတူတကွ ဆုတောင်းမေတ္တာပို့သလျက်ရှိပါသည်။

အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**မစ္စတာ ရေဗယ် ဝရမ်ကာလဝမ်**
**သမ္မတ**
**ဆေးရှဲလ်စ်သမ္မတနိုင်ငံ**

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

**အာရှငြိမ်းချမ်းရေးနှင့် စေ့စပ်ညှိနှိုင်းရေးကောင်စီ**

ရက်စွဲ၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်

**အဆွေတော် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

မြန်မာနိုင်ငံရှိ နေရာအနှံ့အပြားတွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဒဏ်ကြောင့် အသက်ပေါင်းများစွာ ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့ရပြီး ပြင်းထန်သော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ရခြင်းအပေါ် မိမိတို့အနေဖြင့် စိုးရိမ်ပူပန်မိပါကြောင်းနှင့် စိတ်ထိခိုက်ဝမ်းနည်းကြောင်း ပြောကြားလိုပါသည်။

ယခုကဲ့သို့ ခက်ခဲသောအချိန်တွင် မြန်မာပြည်သူများ၊ အထူးသဖြင့် ကျန်ရစ်သူမိသားစုများအတွက် မိမိတို့က ဆုတောင်းမေတ္တာပို့သလျက်ရှိပါကြောင်း ဖော်ပြလိုပါသည်။ ဤကြေကွဲဖွယ်ဖြစ်ရပ်အပြီးတွင် အရေးပေါ်လူသားချင်းစာနာထောက်ထားမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတကာအကူအညီများကို ဆောလျင်စွာစုစည်းပေးအပ်နိုင်လိမ့်မည်ဟု မြန်မာပြည်သူများနှင့်အတူ မိမိတို့ မျှော်လင့်ပါသည်။

**ပရော်ဖက်ဆာ ဒေါက်တာ ဆူရာကီရတ်**
**ဆာထီရာထိုင်း**
**အာရှငြိမ်းချမ်းရေးနှင့် စေ့စပ်ညှိနှိုင်းရေးကောင်စီ**
**ယခင် ဒုတိယဝန်ကြီးချုပ်နှင့်**
**ယခင် ထိုင်းနိုင်ငံခြားရေးဝန်ကြီး**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**

---

**လေးစားအပ်ပါသော အဆွေတော်**

မိမိနှင့် ဘူရားတီးရားပြည်နယ် ပြည်သူများကိုယ်စား မတ် ၂၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဖြစ်ပွားခဲ့သည့် ငလျင်ဒဏ်ကြောင့် ဝမ်းနည်းဖွယ်ရာဖြစ်ရပ်များ ကြုံတွေ့ခဲ့ရခြင်းအပေါ် အထူးဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။ ဘူရားတီးရားပြည်နယ်နှင့် မြန်မာနိုင်ငံ ဒေသများကြား ကာလရှည်ကြာစွာရှိသည့် ဆက်ဆံရေးမှာ နှစ်ဖက်အပြန်အလှန်နားလည်မှုနှင့် လေးစားမှုအပေါ် အခြေခံပါသည်။ မိမိတို့အချင်းချင်း ထိတွေ့မှုများမှတစ်ဆင့် ရရှိသည့် ပွင့်လင်းပြီး အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုအခြေအနေအား အသိအမှတ်ပြုပါသည်။

ကွယ်လွန်သူများ၏ ကောင်းမွန်သည့် အမှတ်တရဖြစ်စဉ်များသည် ရုရှားနှင့် မြန်မာပြည်သူများကို စည်းလုံးညီညွတ်မှု၊ ရဲစွမ်းသတ္တိရှိမှုနှင့် ခွန်အားဖြစ်စေမည်ဖြစ်ပါသည်။

မိမိတို့၏ စည်းလုံးညီညွတ်မှုနှင့် အားပေးထောက်ခံမှုများကို ပေးအပ်လိုပြီး ယခုကဲ့သို့ ခက်ခဲသောအချိန်ကာလတွင် မိမိတို့မှာ အဆွေတော်တို့နှင့်အတူတကွ ရှိနေပါကြောင်း ဖော်ပြအပ်ပါသည်။

**မစ္စတာ အလက်ဇီ စီဂျယ်နော့ဗ်**
**ဘူရားတီးရားပြည်နယ်အကြီးအကဲ**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**

---

**လေးစားအပ်ပါသော ဗိုလ်ချုပ်မှူးကြီးခင်ဗျား-**

မြန်မာနိုင်ငံ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ပြင်းထန်သော ငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်းများစွာသေဆုံးမှုများနှင့်အပျက်အစီးများအတွက် မိမိအနေဖြင့် များစွာစိတ်မကောင်းဖြစ်ရပါသည်။

ငလျင်ဒဏ်ခံစားခဲ့ရသည့် မိသားစုဝင်များနှင့် ငလျင်ဒဏ်ကြောင့် ချစ်ခင်သူများ ဆုံးရှုံးခဲ့ရသည့် မိသားစုများအပေါ် စာနာသက်ညှာမှုကို ဖော်ပြအပ်ပြီး ထိခိုက်ဒဏ်ရာရသူများ အမြန်ဆုံးပြန်လည်ကောင်းမွန်ရေးအတွက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဒီ.ကေ. မက်ဗီဒက်ဗ်**
**ဒုတိယဥက္ကဋ္ဌ**
**လုံခြုံရေးကောင်စီ**
**ရုရှားဖက်ဒရေးရှင်း**

---

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်**

**လေးစားအပ်ပါသော ဝန်ကြီးချုပ်ခင်ဗျား-**

အဆွေတော်တို့နိုင်ငံကို ထိခိုက်စေခဲ့သည့် ပြင်းထန်သောငလျင်လှုပ်ခတ်ခဲ့သည့် သတင်းကိုကြားသိရသည့်အတွက် ဝမ်းနည်းရပါသည်။ ယခုကဲ့သို့ ခက်ခဲသောအချိန်ကာလတွင် ခင်မင်ရင်းနှီးဖွယ်ကောင်းသော မြန်မာလူမျိုးများနှင့် အဆွေတော်အား စာနာထောက်ထားပါကြောင်း ဖော်ပြလိုပါသည်။

အသက်ဆုံးရှုံးခဲ့သော ပြည်သူများ ကောင်းရာမွန်ရာသို့ ရောက်ရှိပါစေကြောင်းနှင့် ထိခိုက်ဒဏ်ရာရသူများလည်း အမြန်ဆုံးသက်သာပျောက်ကင်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိတို့အနေဖြင့် အဆွေတော်တို့နှင့်အတူ ရပ်တည်လျက်ရှိပြီး အဆိုပါဝမ်းနည်းဖွယ်ဖြစ်ရပ်မှ ပြန်လည်ကောင်းမွန်လာစေရေး၊ ကျော်လွှားနိုင်ရေးအတွက် ကူညီရန်အသင့်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**မစ္စတာ တရာ့ဗနီကော့ဗ် အန်ဒရေ**
**အုပ်ချုပ်ရေးမှူး**
**နီဗိုစီဗစ်ဒေသ**

---

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**

**အဆွေတော်**

မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံ နေရာအနှံ့အပြား၌ လှုပ်ခတ်ခဲ့သော ပြင်းထန်မြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပေါ်စေခဲ့သည့်အတွက် မိမိအနေဖြင့် စာနာထောက်ထားပါကြောင်းနှင့် များစွာဝမ်းနည်းကြေကွဲမိပါကြောင်း ဖော်ပြအပ်ပါသည်။

မိမိတို့အဖွဲ့အစည်းအနေဖြင့် ဂျပန်နိုင်ငံအစိုးရထံသို့ စာနာထောက်ထားမှုနှင့် လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့များ ဆောလျင်စွာပေးအပ်နိုင်ရေး မေတ္တာရပ်ခံထားရှိပါသည်။

မြန်မာပြည်သူများ၏ဘဝ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရန် မျှော်လင့်လျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

လေးစားလျက်

ရက်စွဲ၊ ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်

**ဂျပန်-မြန်မာ ယဉ်ကျေးမှု၊ စက်မှုမြှင့်တင်ရေးအသင်း**
**ဟီရိုမီချီ ဝါတာနာဘေ ဂုဏ်ထူးဆောင်အကြံပေး**
**ဖူမီအို အူဆူအီ ဥက္ကဋ္ဌ**
**နာအိုဟိကို တကခု ညွှန်ကြားရေးမှူး**

---

**လေးစားအပ်ပါသော အဆွေတော်ဝန်ကြီးချုပ်**

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်သော ငလျင်လှုပ်ခတ်ခဲ့သည့်သတင်းကြောင့် များစွာအံ့သြစိတ်မကောင်းဖြစ်ရပါသည်။ ယခုကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော ကပ်ဘေးဒုက္ခတွင် မိသားစုများ၊ မိတ်ဆွေများ ဆုံးရှုံးခဲ့ရသည့် မြန်မာပြည်သူများအားလုံးကို မိမိ၏ အလေးအနက်စိတ်မကောင်းမှုအား ဖော်ပြအပ်ပါသည်။ မိမိနှင့် အရှေ့တောင်အာရှ၏ အော်သိုဒေါ့ခရစ်ယာန်အသင်းတော်(Patriarchal Exarchate)ကိုယ်စား မြန်မာပြည်သူများအားလုံးနှင့် အဆွေတော်အား ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ထိခိုက်ဒဏ်ရာရသူများ ဆောလျင်စွာပြန်လည်ကောင်းမွန်ပါစေကြောင်းနှင့် သဘာဝဘေးအန္တရာယ်အလွန်ကာလအခြေအနေများကို ကောင်းမွန်စွာကျော်လွှားရန် ခွန်အားများ ရရှိပါစေကြောင်း ဖော်ပြအပ်ပါသည်။

**ဘုန်းတော်ကြီး ဆာဂျီ**
**အရှေ့တောင်အာရှ သင်းအုပ်ဆရာတော်**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**

---

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# လျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်တွင် မြန်မာနိုင်ငံပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းလျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပစေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့်အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay. OK$, Wave Moneyတို့၏ QR code များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၃။ ဘဏ်များမှလှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကိုဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့်ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှတစ်ဆင့်ဖြစ်စေ ငွေသားဖြင့်ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း(Account transfer)နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုပါက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ရန်ကုန်မြို့တွင်ငွေစာရင်းအမှတ် (0111284000000063)ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) ပြည်တွင်း၊ ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများ အနေဖြင့်-

- SWIFT CODE/BIC – MFTBMMMY
- Beneficiary Name – Natural Disaster Management Fund
- Beneficiary A/C No – 0111284000000063 သို့လှူဒါန်းနိုင်ပါသည်။

၅။ ၎င်းပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်တွင်ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ်(EDN-600018)သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း(Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) ပြည်တွင်း၊ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- SWIFT CODE – MYEBMMMY
- Beneficiary Name – Natural Disaster Management Fund
- Beneficiary A/C No – EDN-600018 သို့ လှူဒါန်းနိုင်ပါသည်။

၆။ အလှူငွေနှင့်အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၀၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၇။ အလှူပစ္စည်းများကို အောက်ပါအတိုင်းဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၆၅ လမ်း၊ ၃၄ x၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**













## ❐ ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှအဆက်

ပျက်စီးဆုံးရှုံးခဲ့ရမှုများကြောင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အနေဖြင့် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

၃။ လျှင်ဒဏ်ကြောင့် ထိခိုက်ခံစားနေရသော တစ်နိုင်ငံလုံးရှိပြည်သူလူထုအား စာနာထောက်ထားနားလည်သောအားဖြင့်လည်းကောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက်လည်းကောင်း တည်ငြိမ်အေးချမ်းမှုကို ရှေးရှုလျက် တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်မှ ၂၂ ရက်ထိ ကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထုတ်ပြန်လိုက်သည်။

၄။ ယာယီပစ်ခတ်တိုက်ခိုက်မှု ထုတ်ပြန်ကြေညာထားသည့်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အခြားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများအား နှောင့်ယှက်တိုက်ခိုက်ခြင်းနှင့် ထိခိုက်ပျက်စီးစေခြင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ပျက်စီးစေခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများအား တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ခြင်းများ၊ ငြိမ်းချမ်းရေးကို ထိခိုက်ပျက်စီးစေမည့် အင်အားစုဆောင်းခြင်း၊ ပြင်ဆင်စုဖွဲ့ခြင်း၊ နယ်မြေချဲ့ထွင်ခြင်းများကိုမပြုရန်နှင့် ထိုကဲ့သို့ ဆောင်ရွက်လာပါက တပ်မတော်အနေဖြင့် ပြည်သူလူထုကို ကာကွယ်သောအားဖြင့် လိုအပ်သည့်အရေးယူတုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

# လျှင်ဘေးကူညီကယ်ဆယ်ရေးလုပ်ဆောင်နေမှုများကို အခွင့်ကောင်းယူ၍ အကြမ်းဖက်တိုက်ခိုက်မှုများလုပ်ဆောင်လာ

**နေပြည်တော် ဇွန် ၂**

၂၈-၃-၂၀၂၅ ရက်တွင် မြန်မာနိုင်ငံ၌ အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပြည်သူလူထုများ ပြင်းပြင်းထန်ထန် ထိခိုက်ခံစားခဲ့ရပြီး အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့်အတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တစ်သီးပုဂ္ဂလကူညီကယ်ဆယ်သူများသည် ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် လက်တွဲကာ ဘေးသင့်ပြည်သူများကို လူမျိုးဘာသာ၊ ရန်သူမိတ်ဆွေမခွဲခြားဘဲ အရောင်းအသွေးကင်းစွာဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများအား နေ့မနားညမအားအင်တိုက်အားတိုက် ဆောင်ရွက်နေရသည့်အတွက် လုံခြုံရေးလုပ်ငန်းများအားနည်းနေမှုကို အခွင့်ကောင်းယူကာ လူမဆန်စွာဖြင့် လျှပ်စစ်ဓာတ်အားခွဲရုံတစ်ခုအား PDF အမည်ခံအကြမ်းဖက်သမားများနှင့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း၊ အင်အားအနည်းငယ်သာရှိသည့် လုံခြုံရေးကင်းစခန်းတစ်ခုအား အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း၊ ကူညီကယ်ဆယ်ရေးယာဉ်အား ချောင်းမြောင်းတိုက်ခိုက်ခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ချောင်းမြောင်းပစ်ခတ်ခြင်းတို့အား လုပ်ဆောင်လာသဖြင့် တပ်မတော်က ဟန့်တားဆောင်ရွက်မှုများကို လုပ်ဆောင်ခဲ့ရပါသည်။ ထိုသို့ လုပ်ဆောင်ခဲ့ရမှုအပေါ် အကြမ်းဖက်အုပ်စုဖြစ်သည့် NUG အဖွဲ့၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေသည့် အွန်လိုင်းမီဒီယာများနှင့် ပြည်ပမီဒီယာအချို့က ပုံကြီးချဲ့ကားကာ လျှင်ဘေးဒဏ်သင့်နေချိန်တွင်ပင် တပ်မတော်က လေကြောင်းတိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း မြေပြင်အခြေအနေအမှန်ကို မသိရှိဘဲ တစ်ဖက်သတ်လုပ်ကြံ စွပ်စွဲရေးသားဖော်ပြနေမှုများကို တွေ့ရှိနေရပါသည်။ ယခုကဲ့သို့ လျှင်ဘေးကြောင့် ပြည်သူများ ဒုက္ခပင်လယ်ဝေနေရချိန်တွင် လူသားချင်းစာနာစိတ်ကင်းမဲ့စွာဖြင့် နိုင်ငံရေးအမြတ်ထုတ်လိုမှုတစ်ခုထဲကိုသာရှေးရှု၍ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေသည့် NUG အဖွဲ့၊ ယင်းတို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များနှင့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများကို မြန်မာနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံသူနိုင်ငံသားများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါသည်။ ပြည်တွင်းပြည်ပအဖွဲ့အစည်းများအနေဖြင့်လည်း NUG အဖွဲ့၊ ယင်းတို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များနှင့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကို သတိထားစောင့်ကြည့်၍ ၎င်းတို့၏ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များကို အားပေးအားမြှောက်ပြုရာရောက်သည့် ပြောဆိုရေးသားဖော်ပြမှုများကို သတိပြုရှောင်ကြဉ်သင့်ပါသည်။ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးအတွက် အမြဲတမ်းလမ်းဖွင့်ပေးထားလျက်ရှိပါသည်။ ငြိမ်းချမ်းရေးကို ခုတုံးလုပ်၍ နိုင်ငံရေးအမြတ်မထုတ်ရန်လိုကြောင်းနှင့် မဟုတ်မမှန် စွပ်စွဲထုတ်ပြန်မှုများကို ရှောင်ကြဉ်သင့်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဗဟိုအဖွဲ့**

# လျှင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂**

လျှင်ဘေးသင့်တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတွင် ယနေ့ထိ သေဆုံးသူ ၃၀၀၃ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၅၁၅ဦးနှင့် ပျောက်ဆုံးသူ ၃၅၁ ဦးရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများမှ ယနေ့ထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ကာ သေဆုံးသူ ၅၈၂ ဦးကိုလည်း ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းပြည်ပမှ စေတနာရှင်အလှူရှင်များက အလှူငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုင်ငံပေါင်း ငါးနိုင်ငံမှ လေယာဉ်စင်းရေ ခြောက်စင်းတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ဝင် ၅၅ ဦး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းနှင့် ထောက်ပံ့ရေးပစ္စည်းစုစုပေါင်းတန်ချိန် ၃၅ ဒသမ ၅၀၅ တန် ရောက်ရှိခဲ့သည်။

ထိုသို့ရောက်ရှိလာသည့် ပြည်တွင်းပြည်ပအလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကို ဘေးသင့်ပြည်သူများလက်ဝယ် အမြန်ဆုံးထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ယမန်နေ့မှအဆက်

# ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | (ဃ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၆၆၀၁ ကျပ် မှ ကျပ် ၈၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၆၄၆ ကျပ် |
| | ( င ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၈၈၀၁ ကျပ် မှ ကျပ် ၁၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၃၈ ကျပ် |
| | ( စ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၁၀၀၁ ကျပ် မှ ကျပ် ၁၃၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၃၂ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၃၂၀၁ ကျပ် မှ ကျပ် ၁၅၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၁၂၅ ကျပ် |
| | ( ဇ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၅၄၀၁ ကျပ် မှ ကျပ် ၁၇၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၆၁၉ ကျပ် |
| | ( ဈ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၇၆၀၁ ကျပ် မှ ကျပ် ၁၉၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၁၁၃ ကျပ် |
| | (ည) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၉၈၀၁ ကျပ် မှ ကျပ် ၂၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၆၀၇ ကျပ် |
| | ( ဋ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၂၀၀၁ ကျပ် မှ ကျပ် ၂၄၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၁၀၁ ကျပ် |
| | ( ဌ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၄၂၀၁ ကျပ် မှ ကျပ် ၂၆၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၇၉၉ ကျပ် |
| | ( ဍ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၆၄၀၁ ကျပ် မှ ကျပ် ၂၈၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၃၂၀ ကျပ် |
| | (ဎ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၈၆၀၁ ကျပ်နှင့်အထက် အဆင့် ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀ ရာခိုင်နှုန်း |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀ ရာခိုင်နှုန်း |
| ၁၀ | (က)ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁ ကျပ် မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၀ ကျပ် |
| | ( ခ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၀၀၁ ကျပ် မှ ကျပ် ၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၁၀ ကျပ် |
| | ( ဂ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၃၅၀၁ ကျပ်မှ ကျပ် ၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၈၁၀ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၅၀၀၁ ကျပ်မှ ကျပ် ၆၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၁၄၇ ကျပ် |
| | ( င ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၆၅၀၁ ကျပ်မှ ကျပ် ၈၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၆၃၅ ကျပ် |
| | ( စ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၈၀၀၁ ကျပ် မှ ကျပ် ၁၀၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၀၈၅ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၀၀၀၁ ကျပ် မှ ကျပ် ၁၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၅၂၁ ကျပ် |
| | ( ဇ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၂၀၀၁ ကျပ် မှ ကျပ် ၁၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၉၈၅ ကျပ် |
| | ( ဈ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၄၀၀၁ ကျပ် မှ ကျပ် ၁၇၅၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၃၄၃၅ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၁၇၅၀၁ ကျပ် မှ ကျပ် ၂၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၉၆၀ ကျပ် |
| | ( ဋ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၁၀၀၁ ကျပ် မှ ကျပ် ၂၄၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၆၀ ကျပ် |
| | ( ဌ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၄၅၀၁ ကျပ် မှ ကျပ် ၂၈၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၁၆၀ ကျပ် |
| | ( ဍ ) ဝိုင်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၈၆၀၁ ကျပ် နှင့်အထက် အဆင့် ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း |
| ၁၁ | သစ်လုံး၊ သစ်ခွဲသားများ။ | | ၅ ရာခိုင်နှုန်း |
| ၁၂ | (က) Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများနှင့် ဘက်ထရီ လျှပ်စစ်ကား [Battery Electric Vehicle (BEV)] များမှအပ ၁၅၀၀ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၁၀ ရာခိုင်နှုန်း |
| | ( ခ ) Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများနှင့် ဘက်ထရီ လျှပ်စစ်ကား [Battery Electric Vehicle (BEV)] များမှအပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး(Coupe) ကားများ။ | | ၃၀ ရာခိုင်နှုန်း |
| | ( ဂ ) Double Cab 4 Door Pickup ကားများ အပါအဝင် Pickup ကားများနှင့် ဘက်ထရီ လျှပ်စစ်ကား [Battery Electric Vehicle (BEV)] များမှအပ ၄၀၀၁ CC နှင့် အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၅၀ ရာခိုင်နှုန်း |
| ၁၃ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ ရာခိုင်နှုန်း |
| ၁၄ | သဘာဝဓာတ်ငွေ့။ | | ၈ ရာခိုင်နှုန်း |

(ခ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန်ကျသင့်စေရမည်။ ဖော်ပြပါ အထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန် မကျသင့်စေရ။ အခွန်ကျသင့်သည့် အထူးကုန်စည်ကို ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည် -

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | သစ်လုံး၊ သစ်ခွဲသားများ။ | ၁၀ ရာခိုင်နှုန်း |

(ဂ) အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission)သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback)စနစ်ဖြင့် တင်သွင်းလာသောကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော အထူးကုန်စည်ခွန်ကို ပြန်လည်ပေးဆောင်ရမည်။

၁၂။ ဤဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့်ပုဂ္ဂလိက ကဏ္ဍများက ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းချငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိထက် မပိုလျှင် အထူးကုန်စည်ခွန်စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ အခန်း(၅)တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

## အခန်း(၆)

## ကုန်သွယ်လုပ်ငန်းခွန်

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ**

(က) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ -

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| **စားသောက်ကုန်စည်များ** | |
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ၊ ဂျုံစေ့၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း၊ အစေ့ထုတ်ပြောင်းနှင့် ပြောင်းစေ့အမျိုးမျိုး။ |
| ၂ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ၊ မြေပဲတောင့်၊ မြေပဲဆန်၊ နှမ်း၊ ပန်းနှမ်း၊ မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ်စသည့် ဆီကြိတ်ပြီးအဖတ်များ။ |
| ၃ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ၊ ငရုတ်သီး၊ ငရုတ်သီးမှုန့်၊ နနွင်း၊ နနွင်းမှုန့်၊ ချင်း၊ မန်ကျည်းမှည့်၊ ဆားအမျိုးမျိုး။ |
| ၄ | သစ်သီးစိမ်းအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ။ |
| ၅ | လက်ဖက်စို၊ လက်ဖက်ခြောက်၊ လက်ဖက်အချိုခြောက်၊ ပြုပြင်ထုပ်ပိုးထားသည့် လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၆ | ငါးစို၊ ပုစွန်စို၊ အသားစိုနှင့် ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၇ | ပဲဆီ၊ နှမ်းဆီ။ |
| ၈ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ၊ ပဲနို့၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး၊ ဒိန်ချဉ်။ |
| ၉ | ခရင်မာ (Creamer) များ။ |
| ၁၀ | ငံပြာရည်အမျိုးမျိုး၊ ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး၊ ငါးချဉ်၊ ပုစွန်ချဉ်အမျိုးမျိုး၊ ပုစွန်ဖွဲ၊ ငါးပေါင်းမှုန့်၊ ငါးပိအမျိုးမျိုး။ |
| **စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာကုန်စည်များ** | |
| ၁၁ | ပိုးစာရွက်၊ ပိုးအိမ်။ |
| ၁၂ | သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ၊ ကုန်းနေသတ္တဝါများ၊ ရေနေသတ္တဝါများ၊ ကုန်းတစ်ပိုင်းရေတစ်ပိုင်းနေသတ္တဝါများ၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်များ၊ မျိုးစိတ်များ၊ ရေတွင်ပေါက်ဖွားသည့် အပင်များနှင့်မျိုးစေ့များ၊ အပင်ပေါက်များ၊ ရေညှိရေမှော်များ။ |
| ၁၃ | စိုက်ပျိုးရေးလုပ်ငန်းများတွင် အပင်များကြီးထွားသန်မာပြီး သီးပွင့်မှုအားကောင်းစေရန် အသုံးပြုသော မြေဆီ၊ ဓာတ်မြေဩဇာအပါအဝင် မြေဩဇာအမျိုးမျိုး၊ လယ်ယာစိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး၊ မှို၊ ဘက်တီးရီးယား၊ နီမတုတ်များနှင့် အခြားရောဂါကျရောက်မှု မရှိစေရေး စိုက်ပျိုးရေးသုံးရောဂါကာကွယ်ဆေးနှင့် ရောဂါသတ်ဆေးအမျိုးမျိုး၊ မွေးမြူရေးသုံးခြံဖျန်းဆေးအမျိုးမျိုး (စပရေး၊ ကြွက်သတ်ဆေးများမပါဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများနှင့် ကာကွယ်ဆေးများ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်မှတ်ရရှိပြီး ဆေးဝါးနှင့်ကာကွယ်ဆေးများအပါအဝင်နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပေးသည့် ထောက်ခံချက်ရရှိထားသော ဆေးဝါးများအပါအဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာထုတ်လုပ်ရန် ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ (အိမ်မွေးတိရစ္ဆာန်များအတွက် အသုံးပြုသော တိရစ္ဆာန်အစားအစာများမပါဝင်)။ |

ဆက်လက်ဖော်ပြပါမည်

# လျှော်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် ငလျင်ဒဏ်ကြောင့် အင်းဝမြို့ဟောင်းရှိ မယ်နုအုတ်ကျောင်းပျက်စီးမှုအား ကြည့်ရှုစစ်ဆေးစဉ်။



ငလျင်ဒဏ်ကြောင့် တပ်ကုန်းမြို့နယ် မိုးဃ်ကောင်းဘုရားကြီး၌ ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးစဉ်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် လာအိုနိုင်ငံ ဆေးအကူအညီပေးရေးအဖွဲ့က ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုအားပေးစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ငလျင်ဒဏ်ကြောင့် သာသနိကအဆောက်အအုံများပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ဆေးဝါးကုသမှုခံယူနေသူများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် ဆေးဝါးကုသမှုခံယူနေသူများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် မေ ၂**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက် အင်အားပြင်းငလျင်လှုပ်ရှားမှုကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့ သာမိုင်းခမ်းကျေးရွာရှိ သာမိုင်းခမ်းရွှေချမ်းသာဘုရားကြီးနှင့် စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ ပြိုကျပျက်စီးမှုများကို ရှင်းလင်းဖယ်ရှား၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ဆောင်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ သာမိုင်းခမ်းမွေတော်ကျောင်းတိုက်ဆရာတော်အား ဖူးမြော်၍ သင်္ကန်း၊ လှူဖွယ်ပစ္စည်းနှင့် ဘုရားကြီးပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ထို့ပြင် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် အောင်ပန်းမြို့ ရေချိုကျေးရွာအုပ်စု ဇောတိရပ်ကွက်ရှိ မယ်ကောမိစေတီတော်နှင့် ကလောမြို့နယ် ရေယားကျေးရွာအုပ်စု ဝိဇ္ဇာတောင်ပေါ်ရှိ စေတီပုထိုးများ ပြိုကျပျက်စီးမှုများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မေ ၁ ရက် ညနေပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းတွင် ယာယီဆေးရုံဖွင့်လှစ်၍ ငလျင်ဒဏ်သင့်ပြည်သူများကို ဘယ်လာရုစ်သမ္မတနိုင်ငံ ဆေးအကူအညီပေးရေးအဖွဲ့က ဆေးကုသပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆေးကုသပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့ပြင် ကျောက်ဆည်တပ်နယ်မှ တာဝန်ရှိသူများကလည်း ကျောက်ဆည်မြို့တွင် ရောက်ရှိနေသည့် လာအိုနိုင်ငံမှ ဆေးအကူအညီပေးရေးအဖွဲ့က ပြည်သူ့ဆေးရုံတွင် ဆေးကုသပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆေးကုသပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့်အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ နည်းပညာတက္ကသိုလ်၊ ကျောက်သေတ္တာကျောက်ဆောင်ဘုရား၊ Bright Kids School နေရာများနှင့် ပလိပ်ရှိ ပညာစံအိမ်အထက်တန်းကျောင်းတို့ကို အပျက်အစီးရှင်းလင်းဖယ်ရှား၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ဆောင်နေမှုများကိုလည်းကောင်း၊ ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီး၌ လာအိုနိုင်ငံ ဆေးအကူအညီပေးရေးအဖွဲ့က ဆေးကုသပေးနေမှု အခြေအနေများကို လည်းကောင်း၊ စဉ့်ကိုင်မြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်းရှိ ပင်းချားတံတားကိုလည်းကောင်း၊ တံတားဦးမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို လည်းကောင်း၊ အင်းဝရှေးဟောင်းနယ်မြေရှိ သမိုင်းဝင်မဟာမုနိဘုရား၊ လေးထပ်ကြီးကျောင်း၊ ပြတိုက်၊ ဗားကရာကျောင်း၊ နန်းမြင့်မျှော်စင်၊ မယ်နုအုတ်ကျောင်း၊ အိုးထုတွန်းဆိပ်ကမ်းနှင့် မြို့ရိုးနေရာများကို သွားရောက် ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့်အဖွဲ့များသည် မန္တလေးနန်းမြို့ရိုး အနောက်ဘက် လမ်း ၈၀ နှင့် တောင်ဘက် ၂၆ လမ်း လမ်းဘေးဝဲယာတွင် ငလျင်ဒဏ်သင့်ပြည်သူများ ယာယီနေထိုင်မှု အဆင်ပြေစေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်မှ ဆောက်လုပ်ပေးနေသည့် တဲများတွင် ဝင်ရောက်နေထိုင်နေသည့် ပြည်သူများကို သွားရောက်တွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်အားပေးစကား ပြောကြားပြီး သောက်ရေ အဆင်ပြေစေရန်အတွက် ရေသန့်စက် နှစ်လုံး ဆောက်လုပ်နေသည့် နေရာများသို့လည်းကောင်း၊ မန္တလေးမြို့ ဇီဝိတဒါန သံဃာ့အထူးကုဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် အဆောက်အအုံများ ပြိုကျနေသည့် နေရာများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်သို့ သွားရောက်၍ ဘုရားကြီးရင်ပြင်တော်တွင် ပြိုကျပျက်စီးမှုများကို ရှင်းလင်းဖယ်ရှားနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။ ထို့ပြင် ဘုရားကြီးရင်ပြင်၌ အပျက်အစီးများရှင်းလင်းစဉ် ရှာဖွေတွေ့ရှိရသော စိန်ဖူးတော်နှင့် ရတနာပစ္စည်းများကို တာဝန်ရှိသူများက ဘုရားကြီး၏ ဂေါပကထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ကြသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော သမိုင်းဝင်လောကမာရဇိန်နန်းတော်ဦးစေတီတော်မြတ်ကြီးကို သွားရောက်ဖူးမြော်၍ ပြန်လည်တည်ထားကိုးကွယ်မည့် ထီးတော်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ကန်သာဇလီဝတ်ပြုကျောင်းကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအမံများကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တောင်ငူမြို့ရှိ ပြည်သူ့ဆေးရုံ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိကာဆေးရုံတက်ရောက်ကုသမှုခံယူနေသူများကို တွေ့ဆုံအားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ရှေးဟောင်းသမိုင်းဝင် သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီး၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် နေရာများ၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် နေရာများ၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် နေရာများ၌လည်းကောင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးပြီး၊ ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများကို ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအလိုက် ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စေတီပုထိုးများ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ရောက် ကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင် ပြည်သူများကလည်း ငလျင်ဒဏ်သင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများ စားသောက်ရေးအဆင်ပြေစေရေးအတွက် အစားအသောက်များချက်ပြုတ်၍ ထမင်း၊ ဟင်းများ လှူဒါန်းခြင်း၊ သောက်ရေသန့်နှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းခြင်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် အသိပေးကြေညာချက်

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အခြားပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ဝင်ရောက်လာပြီး ပြန်လည်ထွက်ခွာမည့်သူများကိုလည်းကောင်း၊ မိမိအစီအစဉ် ကျွမ်းကျင်လုပ်သားအဖြစ်လည်းကောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကိုလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မတ်လတွင် လုပ်သား ၃၂၆၄ ဦးနှင့် ၁-၄-၂၀၂၅ ရက်နေ့တွင် ၅၉ ဦးတို့ကို ခွင့်ပြုပေးခဲ့ပါသည်။

၂။ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အဆောက်အအုံနှင့် ရုံးခန်းများ ထိခိုက်ပျက်စီးခဲ့သော်လည်း ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကို သွားရောက် အလုပ်လုပ်ကိုင်မည့် အမျိုးအစားအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် SOP များနှင့်အညီ ၁- ၄- ၂၀၂၅ ရက်နေ့မှစ၍ စိစစ် ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

## ဂျပန်နိုင်ငံ JICA မှ ဆရာဝန်များ၊ သူနာပြုဆေးအဖွဲ့များနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများရောက်ရှိ



ဂျပန်နိုင်ငံ JICA မှ ဆရာဝန်များ၊ သူနာပြုဆေးအဖွဲ့များနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ ရောက်ရှိစဉ်။

**နေပြည်တော် ဧပြီ ၂**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်သင့်ပြည်သူများအတွက် ဂျပန်နိုင်ငံ JICA မှ ဆရာဝန်များ၊ သူနာပြုဆေးအဖွဲ့များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများပါဝင်သော လေယာဉ်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါ အဖွဲ့နှင့် ကယ်ဆယ်ရေး အထောက်ကူပြုပစ္စည်းများတွင် ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ မိုးကာတဲများ၊ ဆေးရုံသုံးပစ္စည်းများ ၁၁၂၉ ဒသမ ၁ kg ပါဝင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရ ... တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး သန်းနိုင်ထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် အလှူပစ္စည်းများ လွှဲပြောင်း၊ လက်ခံရေး ကွပ်ကဲမှုအဖွဲ့(လေဆိပ်)တို့မှ လွှဲပြောင်းရယူပြီး ငလျင်ဒဏ်သင့်ဒေသများသို့ ဆောလျင်စွာ သွားရောက် နိုင်ရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## စစ်ကိုင်းမြို့နယ် ပိုးတန်းရပ်ကွက် စွယ်တော်နန်းတည်းခိုခန်း၌ ပိတ်မိနေသည့် အမျိုးသားတစ်ဦးကို ငလျင်လှုပ်ပြီး ငါးရက်မြောက်နေ့တွင် အသက်ရှင်လျက် ကယ်ဆယ်ရရှိ



စစ်ကိုင်းမြို့နယ် ပိုးတန်းရပ်ကွက် စွယ်တော်နန်းတည်းခိုခန်း၌ ပိတ်မိနေသည့် အမျိုးသားတစ်ဦးကို ငလျင်လှုပ်ပြီး ငါးရက်မြောက်နေ့တွင် အသက်ရှင်လျက် ကယ်ဆယ်ရရှိမှုကို တွေ့ရစဉ်။

**နေပြည်တော် ဧပြီ ၂**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ပိုးတန်းရပ်ကွက် စွယ်တော်နန်းတည်းခိုခန်း RC သုံးထပ်အဆောက်အအုံ ပြိုကျမှုတွင် ငါးရက်ကြာ ပိတ်မိနေသည့် မူလတန်းကျောင်းအုပ်ဖြစ်သူ ဦးတင်မောင်ထွေး အသက် ၄၇ နှစ်ကို စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းထွဋ်ဦး ဦးဆောင်၍ စစ်ကိုင်းခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များသည် ပရဟိတ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ မတ် ၃၀ ရက် နံနက် ၈ နာရီမှ စတင်၍ နေ့မအားညမနား အင်တိုက်အားတိုက် ကယ်ဆယ်ရေး ဆောင်ရွက်ခဲ့ရာ ရှာဖွေကယ်ဆယ်မှုကြာချိန် ၇၈ နာရီ ၄၅ မိနစ် ခန့်ကြာမြင့်ခဲ့ပြီး ဧပြီ ၂ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် အသက်ရှင်လျက် အောင်မြင်စွာ ကယ်ဆယ်နိုင်ခဲ့ကြောင်းနှင့် စစ်ကိုင်းပြည်သူ့ဆေးရုံကြီး ခုတင်-၂၀၀ သို့ ဆက်လက်ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## နေပြည်တော်ရှိ အေးချမ်းသာဟိုတယ်တွင် ပိတ်မိနေသည့် အမျိုးသားနှစ်ဦးကို ပြင်းထန်ငလျင်လှုပ်ပြီး ငါးရက်မြောက်နေ့တွင် အသက်ရှင်လျက် ကယ်ဆယ်ရရှိ

**နေပြည်တော် ဧပြီ ၂**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အေးချမ်းသာဟိုတယ်တွင် ပိတ်မိနေသည့် ဟိုတယ်ပြင်၊ထိန်းဝန်ထမ်းဖြစ်သူ အသက် ၂၆ နှစ်ရှိ နိုင်လင်းထွန်းအား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ရှာဖွေကယ်ဆယ်ရေး(အထူး) တပ်ဖွဲ့ဝင်များနှင့် တူရကီယဲနိုင်ငံမှ GEA Search and rescue အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဧပြီ ၁ ရက် ညနေ ၃ နာရီတွင် စတင်ပြီး ကယ်ဆယ်ရေး ဆောင်ရွက်ခဲ့ရာ ရှာဖွေကယ်ဆယ်မှု ကြာချိန် ကိုးနာရီခွဲကြာမြင့်ခဲ့ပြီး ည ၁၂ နာရီခွဲတွင် နိုင်လင်းထွန်းအား အသက်ရှင်လျက် အောင်မြင်စွာ ကယ်ဆယ်နိုင်ခဲ့သည်။ ၎င်းအား ပြင်းထန်ငလျင်လှုပ်ပြီး ငါးရက်မြောက်နေ့တွင် အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ဟိုတယ်အတွင်း၌ အသက် ၂၆ နှစ်အရွယ် ထက်မောင်မောင်မှာလည်း ပိတ်မိကျန်ရှိနေသေးကြောင်း သိရှိရသည့်အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ရှာဖွေကယ်ဆယ်ရေး (အထူး) တပ်ဖွဲ့ဝင်များ၊ တူရကီယဲနိုင်ငံမှ GEA Search and rescue အဖွဲ့ဝင်များနှင့် ဗီယက်နမ်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီမှ စတင်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ရှာဖွေကယ်ဆယ်မှု ကြာချိန် ၃ နာရီ ၅၅ မိနစ်ခန့် ကြာမြင့်ခဲ့ပြီး မွန်းလွဲ ၁ နာရီ ၅၅ မိနစ်ခန့်တွင် မောင်ထက်မောင်မောင်အား အဆောက်အအုံအတွင်းမှ အသက်ရှင်လျက် အောင်မြင်စွာ ကယ်ထုတ်နိုင်ခဲ့ကြောင်းနှင့် ဆေးရုံသို့ ဆက်လက်ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



နေပြည်တော်ရှိ အေးချမ်းသာဟိုတယ်တွင် ပိတ်မိနေသည့်အမျိုးသားနှစ်ဦးကို ပြင်းထန် ငလျင်လှုပ်ပြီး ငါးရက်မြောက်နေ့တွင် အသက်ရှင်လျက် ကယ်ဆယ်ရရှိမှုကို တွေ့ရစဉ်။

## ချမ်းအေးသာစံမြို့နယ်ရှိ Golden City Hotel ၌ ပိတ်မိနေသည့် အမျိုးသားတစ်ဦးကို ငလျင်လှုပ်ပြီး ငါးရက်မြောက်နေ့တွင် အသက်ရှင်လျက် ကယ်ဆယ်ရရှိ

**နေပြည်တော် ဧပြီ ၂**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၃၁ - ၃၂ လမ်းကြား ၆၅ လမ်းရှိ Golden City Hotel ပြိုကျမှုတွင် ငါးရက်ကြာ ပိတ်မိနေသည့် ဟိုတယ်ဝန်ထမ်းဖြစ်သူ ဦးစန်းလွင် အသက် ၅၃ နှစ်ကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များသည် တရုတ်နိုင်ငံ Blue Sky Rescue ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ နေ့မအားညမနား အင်တိုက်အားတိုက် ကယ်ဆယ်ဆောင်ရွက်ခဲ့ရာ ယနေ့ညနေ ၅ နာရီ ၄၆ မိနစ်ခန့်တွင် အသက်ရှင်လျက် အောင်မြင်စွာ ကယ်ဆယ်နိုင်ခဲ့ကြောင်းနှင့် မန္တလေးမြို့ မန္တလာဆေးရုံသို့ ဆက်လက်ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



ချမ်းအေးသာစံမြို့နယ်ရှိ Golden City Hotel ၌ ပိတ်မိနေသည့် အမျိုးသားတစ်ဦးကို ငလျင်လှုပ်ပြီး ငါးရက်မြောက်နေ့တွင် အသက်ရှင်လျက် ကယ်ဆယ်ရရှိမှုကို တွေ့ရစဉ်။

# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၅ ဦး ထပ်မံလွှဲပြောင်းပေးအပ်



နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၅ ဦး ထပ်မံလွှဲပြောင်းပေးအပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဧပြီ ၂**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်၍ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား ၃၇၅ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးသည်။


အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေး၊ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၂ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၇၂၄ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၆၈၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၀၃၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# အမျိုးသမီးငယ်များကို သွေးဆောင်ဖြားယောင်း၍ တရုတ်နိုင်ငံသို့ တရားမဝင် ပို့ဆောင်ပေးနေသည့် တရားခံနှစ်ဦးအား ဖမ်းဆီးရမိ




**နေပြည်တော် ဧပြီ ၂**

မြန်မာအမျိုးသမီးငယ်များကို သွေးဆောင်ဖြားယောင်း၍ လည်းကောင်း၊ ငွေကြေးမက်လုံးပေး စည်းရုံး၍လည်းကောင်း ခေါ်ဆောင်၍ တရုတ်ဇနီးမယားအဖြစ်လုပ်ကိုင်ရန် ပွဲစားများနှင့်ချိတ်ဆက်ပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်နေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးမှုအရ ၂၀၂၅ ခုနှစ် မတ် ၂၇ ရက်တွင် လုံခြုံရေးအဖွဲ့ဝင်များက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာကားကြီးဝင်းအတွင်းရှိ မြတ်မင်္ဂလာမော်တော်ယာဉ်ဂိတ်၌ အမျိုးသမီးငယ်များကို သွေးဆောင်ဖြားယောင်း၍ တရုတ်နိုင်ငံသို့ လိမ်လည်ပို့ဆောင်နေသူ မြတ်သူအား အမျိုးသမီးငယ်တစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ မြတ်သူအား စစ်ဆေးချက်အရ အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ချိတ်ဆက်ပို့ဆောင်ပေးနေသည့် လူမှောင်ခိုပွဲစားဖြစ်သူ သန်းငွေဝင်း(ခ)သန်းငွေအား မတ် ၂၈ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် ခေမာသီလမ်းရှိ Relex မိုတယ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများအား စိစစ်ဖော်ထုတ်ချက်အရ မြတ်သူသည် Telegram မှတစ်ဆင့် ချစ်ကြိုက်ခဲ့သည့် အမျိုးသမီးငယ်နှင့်အတူ ၂၀၂၅ ခုနှစ် မတ် ၂၃ ရက်တွင် မြောက်ဥက္ကလာပမြို့နယ်ရှိ ရွှေပြည်စံတည်းခိုခန်း၌ တည်းခိုနေထိုင်ခဲ့ကြောင်း၊ ထိုသို့နေထိုင်စဉ် ငွေကြေးလိုအပ်ချက်ကြောင့် ၎င်းအမျိုးသမီးငယ်၏ နားကပ်အား ငွေကျပ် ၂၀၀၀၀၀ ဖြင့်လည်းကောင်း၊ လက်ကိုင်ဖုန်းအား ငွေကျပ် ၁၃၀၀၀၀ ဖြင့်လည်းကောင်း ရောင်းချသုံးစွဲခဲ့ကြောင်း၊ ၎င်းနောက် မတ် ၂၇ ရက်တွင် မူဆယ်မြို့နေ လူမှောင်ခိုပွဲစားဖြစ်သူ မီးမီးထံဆက်သွယ်၍ အမျိုးသမီးငယ်အား တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ရန် တရုတ်နိုင်ငံသို့ ပို့ဆောင်လိုကြောင်းပြောဆိုခဲ့ရာ မီးမီးက ပွဲစားခအဖြစ် တရုတ်ငွေ ယွမ် ၂၀၀၀ နှင့် အမျိုးသမီးငယ်အတွက် တရုတ်ငွေ ယွမ် ၂၀၀၀၀ ရရှိမည်ဟု ပြန်လည်ပြောဆိုခဲ့ကြောင်း၊ ထို့နောက် မြတ်သူက အဆိုပါအမျိုးသမီးငယ်အား မန္တလေးမြို့သို့ လိမ်လည်ခေါ်ဆောင်၍ ၎င်းမှတစ်ဆင့် မူဆယ်မြို့သို့ ဆက်လက်ပို့ဆောင်ရန် စီစဉ်ခဲ့ကြောင်း သိရှိရသည်။

အလားတူ မြတ်သူသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ၎င်းနှင့်ချစ်ကြိုက်နေသည့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နေ အမျိုးသမီးတစ်ဦးအား ပြင်ဦးလွင်မြို့ရှိ အမေ့အိမ်တည်းခိုခန်းသို့ ခေါ်ယူပေါင်းသင်းခဲ့ကြောင်း၊ ၎င်းနောက် ပွဲစားဖြစ်သူ သန်းငွေဝင်း(ခ)သန်းငွေ (ဖမ်းဆီးရမိ)နှင့်ဆက်သွယ်၍ ၎င်းအမျိုးသမီးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးရန် ပြောဆိုခဲ့ကြောင်း၊ ထို့နောက် ဖေဖော်ဝါရီ ၂၀ ရက်တွင် ၎င်းအမျိုးသမီးနှင့်အတူ ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ပြန်လာခဲ့ပြီး ကျွဲဆည်ကန်ကားကြီးဝင်းအနီးရှိ Power Land တည်းခိုခန်း၌ တည်းခိုနေထိုင်ခဲ့ကြောင်း၊ မတ် ၁၁ ရက်တွင် သန်းငွေဝင်း(ခ)သန်းငွေက ၎င်းအမျိုးသမီးအား တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ရန် ငွေကျပ် သိန်း ၁၂၀ ဖြင့် ညှိနှိုင်းကာ မန္တလေးမြို့မှ မော်တော်ယာဉ်ဖြင့် မူဆယ်မြို့သို့ပို့ဆောင်ခဲ့ပြီး တရုတ်နိုင်ငံ ရွှေလီမြို့သို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရှိရသည်။

လူမှောင်ခိုပွဲစားဖြစ်သူ သန်းငွေဝင်း(ခ)သန်းငွေသည် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်ထိ ဖမ်းဆီးရန်ကျန် လူမှောင်ခိုပွဲစားများဖြစ်သည့် ဇော်ထက်၊ သားကြီး၊ အခွန်၊ သူရဇော်တို့နှင့်ချိတ်ဆက်၍ အမျိုးသမီးငယ် နှစ်ဦးကို အလားတူ တရုတ်နိုင်ငံသို့ပို့ဆောင်ခဲ့ပြီး တစ်ဦးလျှင် ငွေကျပ် သိန်း ၁၃၀ မှ ၁၄၀ ထိ ရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်ဖော်ထုတ်သိရှိချက်အရ အမျိုးသမီးငယ်များကို Telegram မှတစ်ဆင့် ဆက်သွယ်၍ ချစ်ကြိုက်ကြောင်း လိမ်လည်လှည့်ဖြားစည်းရုံးပြီး ငွေကြေးရယူလိုမှုဖြင့် သွေးဆောင်ဖြားယောင်းကာ တရုတ်နိုင်ငံသို့ လိမ်လည်ပို့ဆောင်နေသည့် တရားခံမြတ်သူနှင့် လူမှောင်ခိုပွဲစား သန်းငွေဝင်း(ခ) သန်းငွေတို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေများနှင့်အညီ ထိထိရောက်ရောက် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော မီးမီး၊ ဇော်ထက်၊ သားကြီး၊ အခွန်နှင့် သူရဇော်တို့ကို ဖမ်းဆီးရမိရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

လူမှောင်ခိုပွဲစားများအနေဖြင့် မြန်မာအမျိုးသမီးငယ်များကို နည်းလမ်းမျိုးစုံဖြင့် စည်းရုံးသိမ်းသွင်း၍ တရုတ်ဇနီးမယားအဖြစ်ပေါင်းသင်းစေရန် တရုတ်နိုင်ငံသို့ ပို့ဆောင်နေမှုများအား ထိထိရောက်ရောက် တားဆီးနိုင်ရေးအတွက် သက်ဆိုင်ရာက အချိန်နှင့်တစ်ပြေးညီ သတင်းဖော်ထုတ်ဖမ်းဆီးလျက်ရှိသကဲ့သို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ပိုမိုအားကောင်းလာစေရေးအတွက် မိဘပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

# မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ကို ငွေကျပ် ၈ ဒသမ ၂၂ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၄ ဒသမ ၈ သိန်းနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



ကျော်ခိုင် (ခ) ကျော်နိုင် (ခ) ဖြူသီး



အောင်ထွန်းလင်း (ခ) ညီညီ



ဇော်နိုင်လင်း



မျိုးမြင့်မောင် (ခ) မောင်မောင်



ထွေးမင်းခန့် (ခ) သားငယ်



အောင်သူရ





အောင်သူရထံ AA အကြမ်းဖက်အဖွဲ့မှ ပေးပို့သည့် ဂုဏ်ပြုမှတ်တမ်းလွှာအား တွေ့ရစဉ်။

**နေပြည်တော် မေ ၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၅ ရက် ည ၆ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် တောင်တော်ကျေးရွာအုပ်စု ပဒုမ္မာကျေးရွာအနီးတွင် သတင်းအရစောင့်ဆိုင်းနေစဉ် တောင်တော်ကျေးရွာဘက်မှ မြစ်သားမြို့နယ် ရွာခိုင်ကြီးကျေးရွာဘက်သို့ ရဲနိုင်ဦး၊ အောင်ငွေမိုး၊ ထွန်းလှိုင်နှင့် ရှိုင်းကိုဇင်တို့ လေးဦး မော်တော်ဆိုင်ကယ် လေးစီးဖြင့် သယ်ဆောင်လာသည့် ဆာလာအိတ် ၁၂ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃ ဒသမ ၉ သိန်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ဖော်ထုတ်ချက်အရ ယင်းနေ့ ည ၇ နာရီတွင် စိတ်ကြွရူးသွပ်ဆေးပြားများအား ရွာငံမှ ကျောက်ဆည်သို့ သယ်ဆောင်ခိုင်းသူ လွမ်းဇော်(ခ)ကိုပွားနှင့် နောင်သျှမ်းဝင်းတို့နှစ်ဦးကို ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာအနီးတွင် မော်တော်ဆိုင်ကယ်တစ်စီးနှင့်လည်းကောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ရန်ကုန်တိုင်းဒေသကြီးသို့ တာဝန်ခံသယ်ဆောင်သည့် ညီဝဏ္ဏနှင့် သိန်းလင်းကျော်တို့ နှစ်ဦးကို ရန်ကုန်-မန္တလေး လမ်းဟောင်း လယ်ကြီးကျေးရွာအနီးတွင် KLUGER မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ဖော်ထုတ်ချက်အရ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်အနီးတောအတွင်းရှိ လှိုဏ်မြောင်ထဲတွင် သိုဝှက်သိမ်းထားသည့် ဆာလာအိတ် ၁၅ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀ ဒသမ ၉ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ် ၈ ဒသမ ၂၂ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၄ ဒသမ ၈ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများမှာ သီပေါမြို့နယ် နားလွမ့်ကျေးရွာနေ အိုက်စိုင်း(ခ)အိုက်စံ(ခ)စိုင်းနောင့်က ညီဝဏ္ဏနှင့် သိန်းလင်းကျော်တို့ကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ရန်ကုန်သို့ သယ်ဆောင်ခိုင်းခြင်းဖြစ်ပြီး ညီဝဏ္ဏနှင့် သိန်းလင်းကျော်တို့က ရွာငံမြို့နယ် ကျောက်ဂူပြင်ကျေးရွာနေ ဝင်းမင်းထက် (ခ)ငတစ် (ခ)သားတစ် အားရွာငံမှ ကျောက်ဆည်သို့ တောလမ်းမှ သယ်ဆောင်ခိုင်းခဲ့ခြင်းဖြစ်ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြား ၅၄ ဒသမ ၈ သိန်းအနက် သိန်း ၄၀ အား ရန်ကုန်မှ မင်းတုန်းသို့ သယ်ဆောင်ခိုင်းသူ အောင်သူရအား ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်းသည် AA အကြမ်းဖက်အဖွဲ့သို့ ငွေကြေးထောက်ပံ့နေသူ ဖြစ်ကြောင်း၊ ၎င်း၏စေခိုင်းချက်အရ ကျော်ခိုင်(ခ) ကျော်နိုင်(ခ)ဖြူသီး၊ ညီစန်းအောင်၊ အောင်ထွန်းလင်း (ခ)ညီညီနှင့် ဇော်နိုင်လင်းတို့သည် ရန်ကုန်မှ မင်းတုန်းသို့ စိတ်ကြွရူးသွပ်ဆေးပြားများအား အကြိမ်ကြိမ် ပို့ဆောင်ခဲ့ကြောင်း၊ အလားတူ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၈ သိန်းအား ရန်ကုန်မြို့တွင်လက်ခံသူ မျိုးမြင့်မောင် (ခ)မောင်မောင်နှင့် ထွေးမင်းခန့်(ခ) သားငယ်တို့ကို မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်တွင် TOYOTA SPRINTER ယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ဖော်ထုတ်ချက်များအရ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ခိုင်းသူမှာ ကျေးသီးမြို့နယ် ဝမ်စိမ်းကျေးရွာနေ မစိန်မေ(ခ) ယမင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား သယ်ဆောင်ရောင်းဝယ်ရာတွင် စီမံခန့်ခွဲသူ အိုက်စိုင်း(ခ)အိုက်စံ(ခ)စိုင်းနောင့် (သီပေါမြို့နယ်နေသူ)သည် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှု၊ အမှုကြီး ခြောက်မှုမှ အလိုရှိ တရားခံပြေးဖြစ်ကြောင်းနှင့် ရန်ကုန်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများလက်ခံ၍ သယ်ဆောင်ရောင်းဝယ်သူ မျိုးမြင့်မောင် (ခ)မောင်မောင်သည်လည်း ၂၀၂၅ ခုနှစ်အတွင်း မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုမှ အလိုရှိတရားခံပြေး တစ်ဦးဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၅၀၁)









တရားခံများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ မော်တော်ယာဉ်များနှင့်အတူ တွေ့ရစဉ်။



စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်ရာတွင် အသုံးပြုသည့် ယာဉ်များကို တွေ့ရစဉ်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**၂၀၂၅ ခုနှစ် မေ ၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ် / ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၆၁၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ငလျင်ဘေးကိုစည်းလုံးမှုစွမ်းပကားဖြင့် ကျော်လွှားသွားကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

သက်ရှိများမှီတင်းနေထိုင်လျက်ရှိသည့် ကမ္ဘာမြေကြီးတွင် သဘာဝအလျောက် ရုတ်တရက်ပြောင်းလဲဖြစ်ပေါ်လာသည့် ဖြစ်စဉ်တစ်ရပ်ကို သဘာဝဘေးအန္တရာယ်ဟုခေါ်ဆိုကြသည်။ သာဓကအနေဖြင့် မြေငလျင်လှုပ်ခတ်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရေလျှံခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဆူနာမီလှိုင်းများမြင့်တက်လာခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရောဂါအသစ်အဆန်းများကျရောက်ခြင်း စသည့်အန္တရာယ်များပင်ဖြစ်သည်။ ထိုအန္တရာယ်ကြောင့် သေကျေထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားနိုင်သည်။

သဘာဝဘေးအန္တရာယ်များအနက် မြေငလျင်သည် ကြိုတင်ခန့်မှန်းရခက်ခဲသည်။ မြေငလျင်ဗဟိုချက်သည် ကမ္ဘာ့အပေါ်ယံမျက်နှာပြင်တွင် နီးကပ်စွာတည်ရှိနေမည်ဆိုလျှင် ထိခိုက်ပျက်စီးဆုံးရှုံးမှုပိုမိုများပြားနိုင်သည်။ အချို့သောငလျင်များသည် ပမာဏကြီးမားသော်လည်း နက်ရှိုင်းသောမြေအောက်တွင်ဗဟိုပြုသောကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုကြီးကြီးမားမားမဖြစ်ပွားချေ။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်များအနက် ငလျင်အန္တရာယ်သည် ရှောင်တိမ်းရန်အခက်အခဲဆုံးအန္တရာယ်ပင်ဖြစ်သည်။

**အလွန်ပြင်းထန်သောငလျင်လှုပ်ခတ်ခဲ့**

မတ် ၂၈ ရက် ဒေသစံတော်ချိန်မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်အချိန်တွင် မန္တလေးမြို့၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာ၌ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၇ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ခတ်သွားခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု အများအပြားဖြစ်ပေါ်ခဲ့ရသည်။

**ကူညီကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်**

နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များသည် ငလျင်ဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးတို့ ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ရုရှား၊ တရုတ်၊ ထိုင်း၊ မလေးရှားအပါအဝင် နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့များကလည်း ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် အခြားသောနိုင်ငံများကလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လှူဒါန်းလျက်ရှိသည်။

**အခြားသောနိုင်ငံများတွင်လည်းလှုပ်ခတ်**

ကမ္ဘာ့အခြားနိုင်ငံများတွင်လည်း အင်အားအလွန်ပြင်းထန်သောငလျင်များ လှုပ်ခတ်ခဲ့ဖူးသည်။ သာဓကအနေဖြင့် ၁၅၅၆ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီးပြည်နယ်တွင်ဖြစ်ပွားခဲ့သည့် အသေအပျောက်များသော မြေငလျင်လှုပ်ခတ်မှုဖြစ်သည်။ အင်အားရစ်ချ်တာစကေးရစ် အဆင့်ထိရှိပြီး လူ ၈၃၀၀၀၀ ခန့် သေဆုံးခဲ့ရသည်။ အလားတူ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဆူမတြားပြည်နယ်၏ အနောက်ဘက်ကမ်းခြေအလွန် ပင်လယ်ကြမ်းပြင်ကို ဗဟိုပြုလျက် အင်အားရစ်ချ်တာစကေး ၉ ဒသမ ၃ အဆင့်ရှိသောငလျင်တစ်ရပ် လှုပ်ခတ်ခဲ့သည်။ ငလျင်ကြောင့် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများစွာရှိကမ်းခြေဒေသများကို ဆူနာမီလှိုင်းလုံးကြီးများရိုက်ခတ်ခဲ့သည်။ အဆိုပါငလျင်နှင့်ဆူနာမီလှိုင်းကြောင့် လူဦးရေ ၂၂၅၀၀၀ မှ ၂၃၀၂၃၀ ခန့်ထိ သေဆုံးခဲ့ရသည်။

**သဘာဝဘေးအန္တရာယ်များ**

ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုပြင်းထန်များပြားလာခဲ့သည်။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း

**❖သဘာဝဘေးအန္တရာယ်များအနက် မြေငလျင်သည် ကြိုတင်ခန့်မှန်းရခက်ခဲသည်။ မြေငလျင်ဗဟိုချက်သည် ကမ္ဘာ့အပေါ်ယံမျက်နှာပြင်တွင် နီးကပ်စွာတည်ရှိနေမည်ဆိုလျှင် ထိခိုက်ပျက်စီးဆုံးရှုံးမှုပိုမိုများပြားနိုင်သည်။ အချို့သောငလျင်များသည် ပမာဏကြီးမားသော်လည်း နက်ရှိုင်းသောမြေအောက်တွင် ဗဟိုပြုသောကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု ကြီးကြီးမားမားမဖြစ်ပွားချေ။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်များအနက် ငလျင်အန္တရာယ်သည် ရှောင်တိမ်းရန်အခက်အခဲဆုံးအန္တရာယ်ပင်ဖြစ်သည်။ ❖**

မြေငလျင်လှုပ်ခတ်မှုများ၊ အင်အားပြင်းထန်သော လေမုန်တိုင်းကြီးများတိုက်ခတ်မှုများနှင့် အပူလှိုင်းဖြတ်မှုများသည် အကြိမ်ရေပိုမိုများပြားလာခဲ့သည်။ ထိုသဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်သေကျေပျက်စီးဆုံးရှုံးမှုများလည်း များပြားခဲ့သည်။ အချို့သောဒေသများတွင် မုန်တိုင်းဒဏ်ခံသော အဆောက်အအုံများ ကြိုတင်ဆောက်လုပ်ထားသော်လည်း ဆုံးရှုံးမှုများရှိနေဆဲပင်ဖြစ်သည်။

သိပ္ပံပညာရှင်များ၊ ဘူမိဗေဒပညာရှင်များ၊ မိုးလေဝသပညာရှင်များနှင့် မုန်တိုင်းစောင့်ကြည့်လေ့လာသူများသည် ကြီးမားသော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ခန့်မှန်းရန် အခက်တွေ့လျက်ရှိကြသည်။ ခေတ်မီနည်းပညာများဖြင့် မုန်တိုင်းများ၊ နှင်းမုန်တိုင်းများ၊ ဆိုင်ကလုန်းမုန်တိုင်းများနှင့် မိုးလေဝသနှင့်ဆက်စပ်သော အခြားသဘာဝဘေးများကိုသာ ကြိုတင်ခန့်မှန်းတွက်ချက်နိုင်ကြသည်။ မည်သို့ပင်ဆိုစေကာမူ မမျှော်လင့်သည့်အချိန်တွင် ဖြစ်ပေါ်လာနိုင်သော မြေငလျင်လှုပ်ခတ်မှုများ၊ တောမီးလောင်ကျွမ်းမှုများ၊ မြေပြိုမှုများနှင့်မီးတောင်ပေါက်ကွဲမှုများသည် လူသားတို့ကို ပျက်စီးဆုံးရှုံးမှုကြီးမားစေသော သဘာဝဘေးအန္တရာယ်များအဖြစ် ဆက်လက်ခြိမ်းခြောက်လျက်ရှိသည်။

ဆူနာမီလှိုင်းလုံးများကြောင့် ဆားငန်ရေဖုံးလွှမ်းခံရသည့်လယ်ကွင်းများကို ကာလအတန်ကြာပြုပြင်ပြီးမှသာ ပြန်လည်စိုက်ပျိုးနိုင်သည်။ ထိုနည်းတူစွာ ငလျင်ဒဏ်ကြောင့်ပြိုလဲခဲ့သော လူနေအိမ်ရာများနှင့် အခြေခံအဆောက်အအုံများကိုလည်း အချိန်နှင့်ငွေကြေးများစွာအကုန်အကျခံပြီးမှသာ ပြန်လည်တည်ဆောက်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်လွန်ကာလများတွင် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်သွားသောကြောင့် နေ့စဉ်လူနေမှုဘဝသည် များစွာခက်ခဲကြမ်းတမ်းလှပေသည်။ ဘေးအန္တရာယ်၏နောက်ဆက်တွဲရောဂါများကိုလည်းခံစားကြရသည်။

**ကြိုတင်ပြင်ဆင်ခြင်း**

၂၁ ရာစုဦးပိုင်းမှစတင်ကာ ကမ္ဘာတစ်ဝန်း၌ရာသီဥတုပြောင်းလဲမှုများ သိသိသာသာများပြားလာခဲ့သည်။ ကမ္ဘာ့နိုင်ငံများစွာသည် ရာသီဥတုပြောင်းလဲမှုမှထွက်ပေါ်လာသောဆိုးကျိုးများကို ခါးစည်းခံစားရလျက်ရှိသည်။ မုန်တိုင်းတိုက်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ အပူလှိုင်းကျရောက်ခြင်း၊ ငလျင်လှုပ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားသည့် အကြိမ်ရေပိုမိုများပြားလာသကဲ့သို့ ပိုမိုလည်း ပြင်းထန်လာသည်။ သဘာဝဘေးအန္တရာယ်ကျရောက်မှုကိုတားဆီး၍မရနိုင်သော်လည်း ဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများ၊ ဘေးဒုက္ခများလျော့ပါးသက်သာအောင်၊ နည်းနိုင်သမျှနည်းအောင် စီမံခန့်ခွဲမှုဆိုင်ရာနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။

သဘာဝဘေးကို မည်သူများ တားဆီး၍မရနိုင်သော်လည်း သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကိုမူ လျှော့ချနိုင်သည်။ အဆိုပါလုပ်ငန်းများကို အခြေခံအုတ်မြစ်ဖြစ်သည့် ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ဆောင်ရွက်ခြင်းနှင့် အဆင်သင့်ဖြစ်နေစေခြင်းတို့ဖြင့် ဆောင်ရွက်နိုင်သည်။ သဘာဝဘေးဆိုင်ရာကြိုတင်သတိပေးချက်များကို ဘေးကျရောက်မည့် ဒေသရှိပြည်သူလူထုက အချိန်နှင့်တစ်ပြေးညီ ရရှိပါက ဘေးကင်းစိတ်ချရသည့်နေရာကို အချိန်မီ ပြောင်းရွှေ့ခြင်းဖြင့် အချိန်မီကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ပြင် မြေငလျင်အပါအဝင် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးနှင့် ထိခိုက်ဆုံးရှုံးမှုများ လျှော့ချနိုင်ရေးအတွက် မဟာဗျူဟာများ ချမှတ်အကောင်အထည်ဖော်ရာတွင် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းစဉ်းစားသွားသင့်ပေသည်။

၁။ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုကြိုတင်ခန့်မှန်းတွက်ဆပြီး ဘေးအန္တရာယ်မဖြစ်ပွားမီ စနစ်ကျနသော ကြိုတင်ပြင်ဆင်ကာကွယ်မှုများ ပြုလုပ်ခြင်း။

၂။ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းထားရှိခြင်း။

၃။ ဘေးအန္တရာယ်ဖြစ်ပွားလာချိန်တွင် ရှာဖွေကယ်ဆယ်ရေးနှင့် အကူအညီပေးရေးလုပ်ငန်းများကို ကယ်ဆယ်ရေးအဖွဲ့များဖြင့် အလျင်မြန်ဆုံး ပြုလုပ်ပေးခြင်း။

၄။ သဘာဝဘေးဒဏ် ခံစားခဲ့ရသူများအတွက် မည်သည့်အရာများကို အရေးအတွက်မည်မျှလိုအပ်သည်ဟူသောအချက်များကို ဆန်းစစ်အကဲဖြတ်ခြင်း။

၅။ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခြင်း။

၆။ စားနပ်ရိက္ခာအစရှိသည့် အခြေခံလိုအပ်ချက်များ ထောက်ပံ့ဖြန့်ဖြူးပေးခြင်း။

၇။ ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက်ပိုင်း ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်း။

၈။ ကျား၊ မ အရေအတွက်စာရင်းပြုစုခြင်း။

၉။ ဘေးဒဏ်သင့်ပြည်သူများ ဝင်ငွေရရှိစေရေး ပံ့ပိုးကူညီပေးခြင်း။

၁၀။ စိတ်ခွန်အားမြှင့်တင်ပေးခြင်း။

၁၁။ ဘဏ္ဍာငွေရရှိမှုနှင့် ခွဲဝေသုံးစွဲမှုစာရင်း ပြုစုခြင်း။

၁၂။ သတင်းထုတ်ပြန်မှုများပြုလုပ်ပေးခြင်း။

၁၃။ လမ်းတံတားများ၊ လျှပ်စစ်ဓာတ်အားနှင့် တယ်လီဖုန်းကွန်ရက်များ၊ ရေပိုက်လိုင်းများနှင့် အိမ်သာစနစ်များ ပြန်လည်တည်ဆောက်ခြင်း။

**ငလျင်ဘေးကို စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ကျော်လွှားသွားကြပါစို့**

အမှန်တော့ ငလျင်ဘေးအပါအဝင် သဘာဝဘေးထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ဦးဆောင်လမ်းညွှန်မှုနှင့်အညီ လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့များသည် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့်ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရန်သည်များစွာအရေးပါလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်သင့်ဒေသများကိုကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နေ့မအားညမအား လုပ်ဆောင်လျက်ရှိသည်။ အထူးသဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ပြိုကျပျက်စီးသွားသောအဆောက်အအုံများနှင့် အပျက်အစီးများကို ရှင်းလင်းဖယ်ထုတ်ခြင်း၊ ပြိုကျပျက်စီးနေဆဲအဆောက်အအုံများကို ဘေးအန္တရာယ်မဖြစ်စေရေး စနစ်တကျရှင်းလင်းဖယ်ရှားခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်သည်။ ထို့ပြင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် လမ်းတံတားများ၊ နိုင်ငံပိုင်အဆောက်အအုံများပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် ပြင်းထန်စွာလှုပ်ခတ်ခဲ့သော ငလျင်ဒဏ်နှင့်နောက်ဆက်တွဲငလျင်များကြောင့် ဖြစ်ပေါ်ခဲ့သောသက်ရောက်မှုများကို စည်းလုံးမှုစွမ်းပကားဖြင့် ကျော်လွှားသွားကြပါစို့ဟု တိုက်တွန်းအကြံပြုသွားလိုပါသည်။

# တရုတ်နိုင်ငံနှင့် ချီလီနိုင်ငံတို့က လျှပ်စစ်စွမ်းအင်ကဏ္ဍတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေးခဲ့



**ပေကျင်း မေ ၂**

တရုတ်နိုင်ငံ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ချီလီစွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူ ကိုယ်စားလှယ်များသည် မေ ၁ ရက်က ပေကျင်းမြို့၌ လျှပ်စစ်စွမ်းအင်ကဏ္ဍတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ချီလီနိုင်ငံမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံရာတွင် တရုတ်နိုင်ငံက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် တာဝန်ပေးခန့်အပ်ခဲ့သော National Energy Administration ၏ အကြီးအကဲဖြစ်သူဝမ်ဟောင်ဇီ ဦးဆောင်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်အတွက် အထောက်အပံ့ဖြစ်စေမည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

"ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားဖို့ ချီလီနိုင်ငံက ကိုယ်စားလှယ်အဖွဲ့နဲ့ ပေကျင်းမှာ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ရုပ်ကြွင်းလောင်စာနေရာမှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို အစားထိုးနိုင်ဖို့အတွက်ပဲ ဖြစ်ပါတယ်။ ချီလီနိုင်ငံဟာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍအတွက် အရေးပါတဲ့ ကြေးနီနဲ့ လစ်သီယမ်တွေ အများဆုံးထွက်ရှိတဲ့နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုက အကျိုးရှိတဲ့ ပူးပေါင်းမှုဖြစ်လာမှာပါ"ဟုတရုတ် National Energy Administration ၏ အကြီးအကဲဖြစ်သူ ဝမ်ဟောင်ဇီ က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်ရောက်ရှိရေးအတွက် စီမံချက်များဖြင့် ဆောင်ရွက်နေသကဲ့သို့ ရုပ်ကြွင်းလောင်စာသုံး စွမ်းအင်ကဏ္ဍနေရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍဖြင့် အစားထိုးနိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ကွင်းစလန်းပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် မွေးမြူရေးလုပ်ငန်းများမှ တိရစ္ဆာန် အကောင်ရေ တစ်သိန်းကျော် သေဆုံး

**ကင်ဘာရာ မေ ၂**

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး ရေဘေးအန္တရာယ်ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၌ ဆုံးရှုံးမှုနှုန်းမြင့်တက်လာပြီး မွေးမြူရေးတိရစ္ဆာန် အကောင်ရေ တစ်သိန်းကျော် သေဆုံးနေပြီဖြစ်ကြောင်း ကွင်းစလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု မေ ၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

ကွင်းစလန်းပြည်နယ် ရေကြီးရေလျှံမှုနှင့်ပတ်သက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၌ ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ရနိုင်ကြောင်း၊ ထို့ပြင် ရေကြီးရေလျှံမှုကြောင့် ဆက်သွယ်သွားလာရေး လမ်းတချို့ ပျက်စီးခဲ့ပြီး ပြည်သူများအန္တရာယ်ကင်းစေရေးအတွက် ကယ်ဆယ်ရေးဝန်ထမ်းများ စေလွှတ်ကာ အန္တရာယ်ဇုန်အတွင်းရှိ ပြည်သူများကို ကူညီပံ့ပိုးမှုများပြုလုပ်ပေးနေကြောင်း ကွင်းစလန်းပြည်နယ်ဝန်ကြီးချုပ် တိုနီက ပြောကြားခဲ့သည်။

"ရေကြီးရေလျှံမှုကြောင့် ဆိတ်၊ သိုး၊ မြင်းနဲ့ အခြား မွေးမြူရေးတိရစ္ဆာန် အကောင်ရေတစ်သိန်းကျော်သေဆုံးခဲ့တယ်။ ပျောက်ဆုံးနေတာတွေလဲရှိပါတယ်။ ထိတ်လန့်ဖွယ် ရေကြီးရေလျှံမှုဖြစ်ပါတယ်။ ပြည်သူတွေအန္တရာယ်ကင်းဖို့အတွက် ဦးစားပေးဆောင်ရွက်နေပါတယ်။ လမ်းပိုင်းပျက်စီးမှုတွေလဲရှိနေသလို လမ်းမကြီးတွေမှာ ရေလွှမ်းနေတဲ့အတွက် ဆက်သွယ်သွားလာရေး ပြတ်တောက်နေပါတယ်။ ရေကြီးရေလျှံမှုဟာ ကာလတစ်ခုထိ ကြာမြင့်သွားနိုင်ပြီး ဘယ်အချိန်ထိ ရေဘေးအန္တရာယ်ဖြစ်ပေါ်နေမယ်ဆိုတာကိုမခန့်မှန်းနိုင်သေးပါဘူး။ ရေဘေးအန္တရာယ်ကြောင့် ပြည်သူတွေခက်ခဲနေတာကိုလဲ ကိုယ်ချင်းစာပါတယ်။ ကူညီကယ်ဆယ်ရေး လုပ်ငန်းတွေကိုတော့ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားပါမယ်" ဟု ကွင်းစလန်းပြည်နယ် ဝန်ကြီးချုပ် တိုနီက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆီရာနယ်မြေအနီးတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းရန်ထုတ်ပြန်

**ဝါရှင်တန် မေ ၂**



အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အရှေ့ဘက်ပိုင်း ဆီရာနယ်မြေအနီးတွင် မတ် ၃၁ ရက်မှစ၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးသည် နေအိမ်များဆီသို့ ကူးစက်လာနိုင်သည့်အတွက် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ကယ်လီဖိုးနီးယား မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု မေ ၁ ရက် သတင်းများတွင်ဖော်ပြထားသည်။

တောမီးကူးစက်လောင်ကျွမ်းနိုင်ဖွယ်ရှိသည့် အင်ယိုကောင်တီနှင့် မိုနိုကောင်တီတို့မှ ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန်လည်း ကယ်လီဖိုးနီးယားမီးသတ်တပ်ဖွဲ့က သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

"ကယ်လီဖိုးနီးယားပြည်နယ် အရှေ့ဘက်ပိုင်းမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးကူးစက်မှုနှုန်း မြန်ဆန်နေတယ်။ အင်ယိုကောင်တီနဲ့ မိုနိုကောင်တီတို့မှာ တောမီးကူးစက်လောင်ကျွမ်းနေတဲ့အတွက် တောမီးလောင်ကျွမ်းနေတဲ့ အနီးပတ်ဝန်းကျင်က ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ထုတ်ပြန်ထားတာဖြစ်ပါတယ်"ဟု ကယ်လီဖိုးနီးယားပြည်နယ် မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီးကို အမြန်ဆုံးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၂၀၀ စေလွှတ်ထားပြီး နေအိမ်များသို့ မကူးစက်ရေးအတွက် ဦးစားပေးထိန်းချုပ်လျက်ရှိကြောင်း၊ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၂၅ ကီလိုမီတာမှ ၃၅ ကီလိုမီတာထိ မြင့်တက်နေသည့်အတွက် တောမီးကူးစက်မှုနှုန်း မြန်ဆန်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# လန်ဒန်မြို့တွင် အပူချိန်မြင့်တက်ဖွယ်ရှိနေပြီး ပုံမှန်မဟုတ်သည့် အပူချိန်လွန်ကဲမှုပြဿနာဖြင့် ရင်ဆိုင်ရနိုင်

**လန်ဒန် မေ ၂**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အပူချိန်မြင့်တက်နေပြီး ပုံမှန်မဟုတ်သည့် အပူချိန်လွန်ကဲမှုပြဿနာဖြင့် ရင်ဆိုင်ရနိုင်ကြောင်း Met Office က ထုတ်ပြန်ခဲ့သည်ဟု မေ ၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

လက်ရှိကာလတွင် အပူချိန်သည် ၁၈ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး အပူရှောင်ပြည်သူများအနေဖြင့် ကမ်းခြေတွင် သွားရောက်အနားယူနေသူ များပြားလျက်ရှိကြောင်း၊ အပူချိန်ဆက်လက်မြင့်တက်မည် ဖြစ်သည့်အတွက် အပူချိန်လွန်ကဲချိန် လိုက်နာဆောင်ရွက်ရမည့် သတိပေးချက်များကို လန်ဒန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ထားသည်။

"လန်ဒန်မြို့မှာ အပူချိန်မြင့်တက်မှုတွေဖြစ်ပေါ်နေပြီး ပုံမှန်မဟုတ်တဲ့ ရာသီဥတုနဲ့ ရင်ဆိုင်နေရတယ်။ အပူချိန်ဟာ လက်ရှိအခြေအနေမှာ ၁၈ ဒီဂရီစင်တီဂရိတ်ကို ရောက်ရှိနေပြီး အမြင့်ဆုံးအပူချိန်အဖြစ် ၂၀ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိသွားနိုင်ပါတယ်။ ပုံမှန်အားဖြင့် အအေးဓာတ်မြင့်မားနေတဲ့ရေိယာမှာ အခုလို အပူချိန်မြင့်တက်လာတာဟာ ရာသီဥတုပြောင်းလဲမှုတစ်ရပ်ဖြစ်ပါတယ်" ဟု Met Office မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အပူချိန်အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိပြီးပါက အပူချိန်ပမာဏပြန်လည်ကျဆင်းနိုင်ဖွယ်ရှိနေပြီး ယခုရက်သတ္တပတ်အတွင်း အပူချိန်ပမာဏ အနိမ့်ဆုံးအဖြစ် ၁၄ ဒီဂရီစင်တီဂရိတ်ထိ ကျဆင်းနိုင်ကြောင်းလည်း Met Office က ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

**ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ**

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။




၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

# ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲဖြူလေး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး၊ တစ်ကေလျှင် ၁၇ ဒသမ ၄၈ တင်း ထွက်ရှိ



**ကလေး ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲဖြူလေး ရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပြီးတစ်ကေလျှင် ၁၇ ဒသမ ၄၈ တင်း ထွက်ရှိကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲဖြူလေး ၁၄၆၇ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောပဲဖြူလေး စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီ လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကလေးဝမြို့နယ်တွင် ကေ ၄၁၀၊ မင်းကင်းမြို့နယ်တွင် ၁၀၅၇ ကေ စုစုပေါင်း ၁၄၆၇ ကေ ရိတ်သိမ်းပြီးစီးနေပြီး တစ်ကေ လျှင် ၁၇ ဒသမ ၄၈ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ကလေးခရိုင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲဖြူလေး ၁၄၆၇ ကေ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲဖြူလေးစိုက်ခင်း တွေ အခုလက်ရှိမှာတော့ ကေ အားလုံး ရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ပဲဖြူလေး အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့ လိုအပ်တဲ့ မျိုးကောင်း၊ မျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေး တာတွေကို တောင်သူတွေနဲ့ ပူးပေါင်း ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကလေးခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင် က ပြောပြသည်။

ကလေးခရိုင်တွင် ပဲဖြူလေး စိုက်တောင်သူများကို စိုက်ကေ များတိုးချဲ့စိုက်ပျိုးနိုင်ရေး၊အထွက် နှုန်းကောင်းမွန်စေရေး၊ GAP နည်း စနစ်ဖြင့် စိုက်ပျိုးနိုင်စေရန် ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန မှ အသိပညာပေး လုပ်ငန်း များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲဖြူလေး အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှု ဖူလုံစေသည့် အပြင် ပြည်ပသို့ပါ ပို့ကုန်အဖြစ် တင်ပို့နိုင်မည် ဖြစ်သောကြောင့် ပဲဖြူလေးကို ပိုမိုတိုးချဲ့စိုက်ပျိုး နိုင်ရန် ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်ထံမှ သိရသည်။ (၂၀၆)

# မင်းလှမြို့နယ် သံပုရာကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဧပြီ ၂**

မကွေးတိုင်းဒေသကြီး သရက် ခရိုင် မင်းလှမြို့နယ်ကျေးလက်ဒေ သဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သံပုရာကန်ကျေးရွာ၌ ကောဒသမ အကြိမ် မြစိမ်းရောင်ကျေးရွာစီမံ ကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဧပြီ ၁ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက ရွာတော် ကျေးရွာအုပ်စု သံပုရာကန်ကျေးရွာ ရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်း ရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များ၊ အသင်းသား၊ အသင်း သူများနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ အရင်းအတိုး ငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့်ခံစား ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးရာတွင် လိုက်နာ ရမည့် စည်းကမ်းသတ်မှတ်ချက် များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်း ရန်ပုံငွေကျပ် ၆၅ ဒသမ ၉၅ သန်း ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ ဝင်များက သံပုရာကန်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်း အဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၂၉၀ ကိုမြစိမ်းရောင်ကျေးရွာ စီမံကိန်းရန် ပုံငွေကျပ် ၆၅ ဒသမ ၉၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

## လျှင်ဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် လေပြင်းဘေးစသည့် သဘာဝဘေးများဖြစ်ပွားလေ့ရှိသောနိုင်ငံဖြစ်ပါ သည်။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက်မရရှိနိုင်သော ဘေးဖြစ်ပြီး ရုတ်တရက်ဖြစ်ပွားတတ်သည့်အတွက်ကြောင့် လူဦးရေ၊ လူနေအိမ်၊ တိုက်တာအဆောက်အအုံများသည့်နေရာများတွင် ဖြစ်ပွား ပါက ပျက်စီးဆုံးရှုံးမှုများနိုင်ပါသည်။ ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်ရခြင်း သည် ကမ္ဘာမြေကြီးအောက်ရှိ ကျောက်လွှာများရုတ်တရက်ကျိုးပြတ် ရွေ့လျားမှုကြောင့်ဖြစ်ပေါ်ခဲ့ပြီး မြေသားများပြင်းပြင်းထန်ထန်တုန်ခါ နေခြင်းကြောင့်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတွင်ငလျင်ဖြစ်ပေါ်နိုင်သည့် အဓိကပြတ်ရွေ့ကြော လေးခုရှိပြီး အရှည်ဆုံးဖြစ်သည့် စစ်ကိုင်းပြတ်ရွေ့ကြောသည် ကချင် ပြည်နယ် ပူတာအိုမှစတင်၍ ဧရာဝတီမြစ်တစ်လျှောက်မှ စစ်တောင်း မြစ်ဝှမ်းကိုဖြတ်ပြီး မုတ္တမပင်လယ်ကွေ့ထိရှည်လျားပါသည်။

၃။ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်ထိ ပြင်းအားအနည်းငယ်နှင့်ပြင်းအား အသင့်အတင့်ဖြင့် ငလျင် အကြိမ် ၅၆၀ လှုပ်ခတ်ခဲ့ပါသည်။

၄။ ငလျင်လှုပ်ခတ်မှုများကြောင့် ထိခိုက်မှုများလျော့နည်းစေရန် အတွက် အသိပညာပေးခြင်းတို့ကို ဒေသအလိုက်အုပ်ချုပ်ရေးအဖွဲ့ အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆောင် ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း ငလျင်ဘေးအတွက်အောက်ပါကြိုတင် ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက် သည် မည်ကဲ့သို့ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။

( ခ ) ဘေးကင်းလုံခြုံသော နေရာ၊လမ်းကြောင်းများကို သတ်မှတ် ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်း များကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။

( ဂ ) ပြိုကျ၊ပြုတ်ကျ၊ကွဲရှနိုင်သော ပစ္စည်းများတွဲလောင်းကျနေ သောအရာများကို အန္တရာယ်မဖြစ်စေရန်မြဲမြံအောင်ပြုလုပ် ထားပါ။

(ဃ) မိမိအိမ်၏ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာ အောင် ကြိုတင်ပြင်ဆင်ထားပါ။

၆။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

( ခ ) ငါးစက္ကန့်အတွင်းအဆောက်အအုံအပြင်သို့ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ်၊ ကာ၊ ထိုင်)ပုံစံဖြင့်နေပါ။

( ဂ ) လယ်ကွင်း၊ကွင်းပြင် (သို့) ဘေးကင်းရာ(မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျလာနိုင်သောအရာများနှင့်ဝေးရာ)သို့ပြေးပါ။

(ဃ) ငလျင်ကြောင့် ဆူနာမီလှိုင်းများဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ(သို့) မြစ်ကမ်းစပ်အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

( င ) မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။

( စ ) ဆိုင်ကယ်၊ ကားစသည့်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန် လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

၇။ ငလျင်လှုပ်နေစဉ်တွင်အောက်ပါတို့ကို ရှောင်ရှားရန်လိုအပ်ပါသည်-

(က) အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။

( ခ ) ဓာတ်လှေကားများ အသုံးမပြုပါနှင့်။

( ဂ ) အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။

၈။ ငလျင်လှုပ်ပြီးနောက်ပိုင်း အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြ ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိ၏မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များပျောက် ဆုံးသွားပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

( ခ ) ထိခိုက်ဒဏ်ရာရရှိသူများကိုစစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။

( ဂ ) သက်ဆိုင်ရာအစိုးရဌာနက ထုတ်ပြန်ကြေညာသောသတင်း များကိုစဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။

(ဃ) မိမိအိမ်နှင့်ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှု များအားလုံးကို ပြန်လည်စစ်ဆေးပါ။

( င ) အင်အားကြီးမားသည့်ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲ ငလျင်များ လှုပ်တတ်ကြောင်း သတိပြုပါ။

( စ ) နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ ဆူနာမီ၊ ရေကြီး ခြင်း၊ မြေပြိုခြင်း)များကို အထူးသတိပြုပါ။

၉။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုရှောင်ရှားသင့် ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) အဆောက်အအုံ၏ခိုင်ခံ့မှုကို စစ်ဆေးခြင်းမပြုဘဲ မဝင်ရ။

( ခ ) မြစ်ကမ်းပါး၊ တောင်စောင်းများသို့မသွားပါနှင့်။ မြေပြိုနိုင် ပါသည်။

( ဂ ) ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုး ပေါက်နိုင်ပြီး ရေကြီးနိုင်သည်။

(ဃ) တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့်အဆောက်အအုံ များ ပြိုကျနိုင်သဖြင့် အနီးသို့မသွားပါနှင့်။

၁၀။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ် ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇- ၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**








## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ အောင်သိဒ္ဓိရပ်နေ မမိုးမိုးအောင် (ဘ) ဦးတင့်လွင် (၉/မကန(နိုင်)၁၄၁၆၄၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၀၃၀၉၃၁၄၇

## မီးလောင်နေစဉ်တွင်ရှောင်ရှားသင့်သည့် အချက်များ။

၁။ မီးလောင်နေသော အဆောက်အအုံ အတွင်းသို့ ပြန်လည် ဝင်ရောက်ခြင်း မပြုရ။



၂။ မီးလောင်နေစဉ်တွင် ဝင်လမ်း/ထွက်လမ်း ပိတ်ဆို့ခြင်း၊ လူစုခြင်း၊ လမ်းပေါ်တွင် ပစ္စည်းများချထားခြင်း မပြုလုပ်ရ။



၃။ အထပ်မြင့်တိုက်များတွင် မီးလောင်နေစဉ် ခုန်ချခြင်း မပြုလုပ်ရ။(အရေးပေါ် ထွက်ပေါက်ကိုအသုံးပြုပါ။)



# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro–gramme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရက ဦးဆောင်ရမည်မှန်ပေသော်လည်း ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အားကောင်းမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆဋ္ဌမအကြိမ်မြောက် BIMSTEC ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ သွားရောက်မည်

နေပြည်တော် ဧပြီ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဆဋ္ဌမအကြိမ်မြောက် BIMSTEC ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ဧပြီ ၃ ရက်တွင် ထိုင်းနိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး ဧပြီ ၃ ရက်နှင့် ၄ ရက်တို့တွင် အစည်းအဝေးတက်ရောက်သွားမည်ဖြစ်သည်။

ခရီးစဉ်အတွင်း အစည်းအဝေးသို့ တက်ရောက်လာကြသည့် အစိုးရအဖွဲ့အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေး၍ မြန်မာနိုင်ငံတွင် ငလျင်သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်ကြုံတွေ့နေရသည့် အခြေအနေများ၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာကော်မတီအစည်းအဝေး ကျင်းပပြုလုပ်

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြား



နေပြည်တော် ဧပြီ ၂

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာမျက်နှာ ၁၆ ကော်လံ ၁ ☆

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံတကာမှ လှူဒါန်းထားသည့် ယာယီတဲအဆောက်အအုံများ၊ အရေးပေါ်လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ဆေးပစ္စည်းများကို လိုက်လံကြည့်ရှုစဉ်။